BINA
Burma Independent News Agency
မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီ

# မိုးကြိုး သတင်းစဉ်

ပြည်သူ့လွှတ်တော်
ကိုယ်စားပြုကော်မတီကို
ထောက်ခံကြ

The Lightning Newsletter

အမှတ် (၈၃) ခရစ်နှစ်၊ ၂၀၀၇ ခုနှစ်၊ ဧပြီလ | မြန်မာသက္ကရာဇ် (၁၃၆၈) | ( ၁၅-၁-၉၉ ) ရက်နေ့တွင်စတင်တည်ထောင်သည်။

## တိုင်းပြည်၏အရေးပေါ် အခြေအနေအတွက် အသင့်ပြင်ကြရန် အဖွဲ့ချုပ်က ပြည်သူသို့တပ်လှန့် အချိန်မနှောင်းမီတွေ့ဆုံဆွေးနွေးရန်၊ ပြည်သူ့လွှတ်တော်ခေါ် ယူပေးရန် နအဖကိုထပ်မံတိုက်တွန်း

တိုင်းပြည်တွင်ဖြစ်ပေါ်နေသော အကျပ်အတည်းပေါင်းစုံသည် သက်တမ်းရှည်ကြာနေသည့်အလျောက် မကြာမီ ပိုမိုခက်ခဲနက်နဲသောအခြေအနေများ၊ တန်ဖိုးကြီးမားသော ဆုံးရှုံးမှုများ၊ ရှုပ်ထွေးသော အကျိုးဆက်များဆီဦးတည်နေပြီဟု ယနေ့ကျရောက်သော ဖက်ဆစ်တော်လှန်ရေး နှစ်ပတ်လည်နေ့တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က တိုင်းပြည်သို့ သတိပေးလိုက်သည်။

ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်မှုအောက်တွင် ဗမာ့တပ်မတော်၊ ပြည်နယ်ပြည်မ တိုင်းရင်းသားများ၊ မြေပေါ်မြေအောက် နိုင်ငံရေးအင်အားစုများ၏ စည်းလုံးညီညွတ်မှုဖြင့် ဖက်ဆစ်စနစ်ကို မြန်မာ့မြေပေါ်မှ အောင်မြင်စွာ တော်လှန်တိုက်ထုတ်နိုင်ခဲ့သည့် (၆၂) နှစ်မြောက် ဖက်ဆစ်တော်လှန်ရေးနေ့အခမ်းအနားတွင် အဖွဲ့ချုပ်က ယင်းသို့အသိပေးလိုက်ပြီး အရေးပေါ်အခြေအနေတွင် စည်းလုံးညီညွတ်ကြရန်လည်း ပြည်သူသို့ပန်ကြားလိုက်သည်။

၁၉၄၅ ဩဂုတ်လ (၁) ရက်နေ့တွင် ဂျပန်က မြန်မာပြည်အားပေးခဲ့သော လွတ်လပ်ရေးသည် အတုအယောင်ဖြစ်ကြောင်း သိရှိခဲ့သော ဗိုလ်ချုပ်အောင်ဆန်းသည် "တို့ဗမာတိုင်း ကိုယ့်အတွက် တာဝန်ကိုလည်းကောင်း၊ ကိုယ့်ရွာအတွက် တာဝန်ကိုလည်းကောင်း၊ ကိုယ့်နိုင်ငံနဲ့ဆိုင်တဲ့ တာဝန်ကိုလည်းကောင်း ကိုယ်ဘာသာ တွေးဆထားပါလေ။ အရေးကြုံလာလျှင် ကိုယ့်တာဝန်ကို ကျေပွန်ရန်အသင့်ရှိပါစေ"ဟု ဂျပန်ခေတ်အစိုးရသတင်းစာမှတဆင့် တိုင်းပြည်သို့ တပ်လှန့်ခဲ့ဖူးသည်။



ရန်ကုန်မြို့၊ ရွှေဂုံတိုင်လမ်းရှိ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ရုံးချုပ်တွင် ကျင်းပသော (၆၂) ကြိမ်မြောက် ဖက်ဆစ်တော်လှန်ရေးနေ့အခမ်းအနားသို့တက်ရောက်လာကြသူများ

တိုင်းပြည်တွင် လက်ရှိဖြစ်ပေါ်နေသော လူမှုစီးပွားအကြပ်အတည်းများ ထင်ဟပ်နေသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ (၂/၀၃/၀၇) ကြေညာချက်တွင် တွေ့ဆုံဆွေးနွေးရေးသာ တိုင်းပြည်တွင်း လက်ငင်းအကျပ်အတည်းများ၏ ထွက်ပေါက်တခုအဖြစ် မီးမောင်းထိုးပြထားသည်။

တပ်တော်၏ဖခင် ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်းကောက်နှုတ်ချက်များ၊ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင် ဆန်းစုကြည်၏ မိန့်ခွန်းကောက်နှုတ်ချက်များ ကိုးကားဖော်ပြထားသော စာမျက်နှာ (၈) မျက်နှာပါ ၎င်းကြေညာချက်တွင် "တွေ့ဆုံဆွေးနွေးအဖြေရှာခြင်း၏ မှန်ကန်သော သဘောထားမှာ သက်ဆိုင်ရာပုဂ္ဂိုလ်များ အားလုံးသည် အယူအဆတခုကို အသေဆုပ်ကိုင်၍ တဖက်သတ်ရပ်တည်ခြင်းမပြုဘဲ ပြင်သာပြောင်းသာသောနည်းဖြင့် အလျှော့အတင်းသဘောကိုဆောင်၍ သူမနာကိုယ်မနာ ဆက်ဆံရေးကို လက်တွေ့ကျကျ ရွေးချယ်ကြရမည်"ဟု အကြံပြုထားသည်။

ဝါရင့်နိုင်ငံရေးသမားများ၊ တိုင်းရင်းသားခေါင်းဆောင်များ၊ (၈၈) မျိုးဆက်ခေါင်းဆောင်များ၊ သံတမန်များ၊ သတင်းထောက်များနှင့် အဖွဲ့ချုပ်အဖွဲ့ဝင်များ တက်ရောက်သော (၆၂) နှစ်မြောက် ဖက်ဆစ်တော်လှန်ရေးနေ့ အခမ်းအနားသဘာပတိမိန့်ခွန်းတွင် အဖွဲ့ချုပ်ဗဟိုအလုပ်မှုဆောင်အဖွဲ့ဝင် ဦးလှဖေက ဖက်ဆစ်ခေတ်တွင် "လူတွေကို တိရစ္ဆာန်နဲ့မခြား ဆက်ဆံခဲ့တယ်။ တရားဥပဒေကင်းမဲ့ပြီး ပါးစပ်ကထွက်သမျှအမိန့်နဲ့ တချက်လွှတ်စီရင်ခဲ့ကြတယ်"ဟု ပြောကြားသည်။

ဆက်လက်၍ "ဥပဒေကို ပြည်သူတွေကြောက်အောင်၊ ပြည်သူတွေကို ဖိနှိပ်ချုပ်ချယ်နိုင်အောင်၊ ပြည်သူတွေရဲ့ မွေးရာပါအခွင့်အရေးတွေကို တားဆီးပိတ်ပင်နိုင်အောင် ယန္တရားတခုအဖြစ်အသုံးပြုရခြင်းမဟုတ်ပါ။ နိုင်ငံတော်တွင်ဖြစ်ပေါ်နေတဲ့ ပြည်သူလူထု၏စားဝတ်နေရေးနဲ့ လူမှုကိစ္စအဝဝရဲ့ အခြေ

စာမျက်နှာ (၁၆) ကော်လံ (၅) သို့

## ၈၈ မျိုးဆက်ကျောင်းသားများ၏ ရင်ဖွင့်သံလှုပ်ရှားမှုနောက်မှ အဖြူရောင်လှိုင်းလှုပ်ရှားမှု

မြန်မာပြည်တွင် အကျဉ်းကျခံနေရသော နိုင်ငံရေးအကျဉ်းသားများအတွက် ရည်ရွယ်သော လှုပ်ရှားမှုတရပ်ကို ၈၈ မျိုးဆက်ကျောင်းသားများက မတ်လ (၁၁) ရက်နေ့က စတင်လိုက်သည်။

လူထုထောင်ပေါင်းများစွာ ပါဝင်လှုပ်ရှားခဲ့သော ရင်ဖွင့်သံလှုပ်ရှားမှုအပြီးတွင် စတင်လိုက်သော အဖြူရောင်လှိုင်းလှုပ်ရှားမှုတွင် နိုင်ငံရေးအကျဉ်းသားများ၏ မိသားစုများကို တနင်္ဂနွေနေ့တိုင်း သွားရောက်အားပေးမည့် အစီအစဉ်ဖြစ်သည်။

၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်ကိုမင်းကိုနိုင်က ယခုလှုပ်ရှားမှုသည် ၎င်းတို့အဖမ်းမခံရခင်က ပြုလုပ်ခဲ့သော အဖြူရောင်လှုပ်ရှားမှု၏အဆက်ဖြစ်ပြီး အကျဉ်းကျခံနိုင်ငံရေးအကျဉ်းသားများနှင့် ဖမ်းဆီးခံရမည့်အရေးကိုမမှုဘဲ နိုင်ငံရေးလှုပ်ရှားနေသူများအတွက် အဓိကရည်ရွယ်ကြောင်းပြောကြားသည်။

"အဖြူရောင်အင်အားတွေဟာ လှိုင်းလုံးသဖွယ် ကျနော်တို့တက်ပြီးတော့ အားကောင်းမောင်းသန်ဆက်ပြီးတော့ လိုအပ်သလို မောင်းနှင်နေရဦးမယ်ဆိုတာကိုပြောချင်တယ်" ဟု ကိုမင်းကိုနိုင်ကပြောသည်။

ကျောင်းသားခေါင်းဆောင်တဦးဖြစ်သူ ကိုမြအေးက "အမှန်တရားကို မြတ်နိုးလို့ထောင်ထဲရောက်နေတဲ့သူတွေနဲ့ မိသားစုတွေဟာ အထီးကျန်မဟုတ်ဘဲ အားလုံးတသွေးတည်း တသားတည်းရှိတယ်။ ထောင်ကျနေသူတွေကို ဂုဏ်ယူလေးစားတယ်ဆိုတာတွေကို ပြသဖို့သွားရောက်အားပေးတာဖြစ်တယ်"ဟု ၎င်းတို့၏ရည်ရွယ်ချက်ကို ပြောသည်။

အဖြူရောင်လှိုင်းလှုပ်ရှားမှု၏ ပထမဆုံးနေ့တွင် မိမိနေအိမ်ခြံဝင်းအတွင်း နအဖအာဘော်သတင်းစာဖြတ်ပိုင်းများကို ကပ်ထားပြီးသရော်ခဲ့သော သင်္ဃန်းကျွန်းမြို့နယ်မှ ဦးသိန်းဇံ၏အိမ်နှင့် ကလေးအကျဉ်းထောင်တွင် အ

စာမျက်နှာ (၁၅) ကော်လံ (၃) သို့



တအိမ်တက် တအိမ်ဆင်းလိုက်လံအားပေးနေသော ၈၈ မျိုးဆက်ကျောင်းသားများ

မင်းဆိုးကို ‘မိုးကြိုး’ ပစ်ပြီ

## အယ်ဒီတာ့အာဘော်

# ယနေ့ ကာလ လက်ငင်းနှင့် ပဓာနတာဝန်

နအဖဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ၂၀၀၃ ခုနှစ်၊ ဩဂုတ်လ (၂၃) နေ့တွင် လမ်းပြမြေပုံ (၇) ချက်ကို ထုတ်ပြန်ကြေညာခဲ့သည်။ ယင်း၏အကျိုးဆက်အဖြစ် ၁၉၉၆ ခုနှစ်မှစတင်၍ ရှစ်နှစ်ကြာရပ်ဆိုင်းထားခဲ့သော အမျိုးသားညီလာခံကို ၂၀၀၄ ခုနှစ် မေလ (၁၇) ရက်မှ ဇူလိုင်လ (၄) ရက်နေ့တွင် ပြန်လည်စတင်ခဲ့သည်။ ယခင်ညီလာခံစုံညီ အစည်းအဝေးများအပါအဝင် ၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီ (၁၇) မှ မတ် (၃၁) တွင်လည်းကောင်း၊ ၂၀၀၅ ခုနှစ်၊ ဒီဇင်ဘာ (၅) မှ ၂၀၀၆ ခုနှစ် ဇန်နဝါရီ (၃) အထိလည်းကောင်း၊ ၂၀၀၆ အောက်တိုဘာ (၁၀) မှ ဒီဇင်ဘာ (၂၉) အထိလည်းကောင်း အသီးသီးကျင်းပခဲ့သော အမျိုးသားညီလာခံ စုံညီအစည်းအဝေးများတွင် အခန်းလိုက်ခေါင်းစဉ် (၁၅)ခုစလုံးအား ဆွေးနွေးထားပြီးဖြစ်သည်။ သို့ပါ၍ ၂၀၀၇ အတွင်း ပြန်လည်ပြုလုပ်မည့် (၁၁) ကြိမ်မြောက်ညီလာခံတွင် နောက်ထပ်ဆွေးနွေးရန် ခေါင်းစဉ်သစ်များမရှိတော့ဘဲ ဆွေးနွေးထားချက်များကိုသာ အတည်ပြုပေးရန်ကျန်တော့သည်။ ဆိုလိုသည်မှာ လမ်းပြမြေပုံ၏ အဆင့် (၁) ကို နအဖမှ အချိန်မရွေး အပြီးသတ်နိုင်ပြီဟူသော အချက်ပြမှုဖြစ်သည်။

ပြည်တွင်းပြည်ပဆန့်ကျင်ကန့်ကွက်မှုများ ရှိလင့်ကစား၊ နအဖသည် ၎င်း၏ လမ်းပြမြေပုံ (၇) ချက်အတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဟု အခိုင်အမာ ပြောကြားထားသည်။ လမ်းပြမြေပုံ အဆင့် (၁) ဖြစ်သော အမျိုးသားညီလာခံအား ယခုနှစ် ၂၀၀၇ မကုန်မီ အပြီးသတ်တော့မည်ဟု ထုတ်ဖော်ပြောဆိုလျက်ရှိသည်။ NLD၊ CRPP တို့မှ တောင်းဆိုလျက်ရှိသော တွေ့ဆုံဆွေးနွေးရေးနှင့် ပြည်သူ့လွှတ်တော် ခေါ်ယူပေးရေးတို့အား၊ လက်ခံဖွယ်ရာမရှိဟူ၍လည်းကောင်း၊ ကျိုးကြောင်းဆီလျော်မှုမရှိဟူ၍လည်းကောင်း၊ ပယ်ချပြီးဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားများအားလည်း ဆက်လက်ထိန်းသိမ်းထားမည်ဟု ကြေညာထားသည်။ ဤတွေ့ရှိချက်များက နအဖ လက်ရှိဗိုလ်ချုပ်များသည် လမ်းပြမြေပုံအဆင့် (၇) ဆင့်ကိုကိုင်ဆွဲလျက် အမျိုးသားရင်ကြားစေ့ရေးနှင့် တွေ့ဆုံဆွေးနွေး အဖြေရှာရေးကို လုံးဝကျောခိုင်းမျက်ကွယ်ပြုလိုက်ပြီဖြစ်ကြောင်း အခိုင်အမာသက်သေပြချက်ဖြစ်သည်။

ယင်းသို့သော အခြေအနေတွင် နအဖလမ်းပြမြေပုံအဆင့် (၇) ဆင့်ကို အတည်ပြုလိုက်လျော၍ စစ်ကျွန်အဖြစ် နှံ့နစ်ခံမည်လော။ သို့တည်းမဟုတ် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးတည်းဟူသော နောင်မျိုးဆက်သစ်တို့၏ ထွန်းပြောင်သောအနာဂတ်အတွက် စွန့်လွှတ်တိုက်ပွဲဝင်မည်လောဟူသော နည်းလမ်းနှစ်ရပ်ကို ပြည်သူလူထုမှ ရွေးချယ်ရမည်ဖြစ်ပေသည်။ နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေးနှင့် ဒီမိုကရေစီရေးတိုက်ပွဲစဉ်တလျှောက် အစဉ်အလာကြီးမားဂုဏ်ရောင်ပြောင်သည့် ပြည်သူတို့၏ စွန့်လွှတ်ကြိုးပမ်းမှုများမှာ မျိုးဆက်အလိုက်လက်ဆင့်ကမ်းနေသည်မှာ ယုံမှားစရာမရှိပေ။

နအဖလမ်းပြမြေပုံအဆင့် (၄) အရ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပ၍အတည်ပြုမည်ဖြစ်သည်။ ယင်းတို့၏ ညီလာခံမှထုတ်ပြန်သော ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များအရ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် ဆန္ဒမဲပေးခွင့်ရှိသူအားလုံး၏ ထက်ဝက်ကျော်ဆန္ဒမဲဖြင့် ဖွဲ့စည်းပုံမူကြမ်းအား အတည်ပြုပြဋ္ဌာန်းမည်ဟုဆိုသည်။

ပြည်သူလူထုသည် နိုင်ငံရေးအပြောင်းအလဲတရပ်ကို အာသာငမ်းငမ်းလိုလားလျက်ရှိသည်။ ထိုအချိန်တွင် လူထုပါဝင်တိုက်ပွဲဝင်နိုင်မည့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကဲ့သို့သော နိုင်ငံရေးလှုပ်ရှားမှုတရပ်ဖြစ်ထွန်းပါက ၎င်းတို့၏ ဘုံရန်သူလက္ခဏာကို ကောင်းစွာသိနားလည်ပြီးဖြစ်သော ပြည်သူလူထုကြီး၏ လူထုနည်းဖြင့် ဥပဒေအကြောင်းအရ အင်တိုက်အားတိုက် ပါဝင်တိုက်ပွဲဝင်မှုဖြင့် နအဖစစ်အာဏာရှင်စနစ် သက်ဆိုးရှည်စေမည့် ၎င်းတို့၏အခြေခံဥပဒေမူကြမ်းကို ပယ်ဖျက်သိမ်းပစ်ရေးသည် ယနေ့ကာလ လက်ငင်းနှင့်ပဓာနတာဝန်ပင်ဖြစ်ကြောင်း ဖော်ပြရပေသည်။

■

# ကွယ်လွန်သူငြိမ်းချမ်းရေးဖခင်ကြီးကို စာပေစိစစ်ရေးကအငြိုးထားဆဲ

လစဉ်ထုတ် ပိတောက်ပွင့်သစ်မဂ္ဂဇင်း (အမှတ်–၁၁၊ ဖေဖော်ဝါရီလ) ကို ပြန်ကြားရေးဝန်ကြီးဌာနလက်အောက်ခံ စာပေစိစစ်ရေးနှင့် မှတ်ပုံတင်ဌာနမှ အကြောင်းပြချက်မပေးဘဲ ရပ်ဆိုင်းလိုက်ကြောင်း ရန်ကုန်စာပေအသိုင်းအဝိုင်းမှတဆင့် သိရှိရသည်။

သခင်ကိုယ်တော်မှိုင်းပုံတူ ပန်းချီမျက်နှာဖုံးနှင့် ဖေဖော်ဝါရီလတွင်ထုတ်ဝေမည့် ပိတောက်ပွင့်သစ်ကို စာပေစိစစ်ရေးမှ မျက်နှာဖုံးခွင့်ပြုချက်နှင့် စက်တင်ပုံနှိပ်အဆင့်များကျော်လွန်ခဲ့ပြီးနောက် စာအုပ်ဖြန့်ချိရန် အကြောင်းကြားသည့်အဆင့်တွင် ယခုကဲ့သို့ပိတ်ပင်ခံနေရခြင်းဖြစ်သည်ဟု ပိတောက်ပွင့်သစ်မဂ္ဂဇင်းတိုက်မှ တာဝန်ရှိသူတဦးကပြောသည်။



ငြိမ်းချမ်းရေးဖခင်ကြီး သခင်ကိုယ်တော်မှိုင်း

ယခုနှစ်သည် ငြိမ်းချမ်းရေးဖခင် သခင်ကိုယ်တော်မှိုင်း အသက် (၁၃၀) ပြည့်နှစ်ဖြစ်ပြီး စာပေအနုပညာအသားပေးဖော်ပြသော ပိတောက်ပွင့်သစ်က အထူးထုတ်အဖြစ် မျိုးချစ်စာဆိုတော် သခင်ကိုယ်တော်မှိုင်းပုံကို မျက်နှာဖုံးအဖြစ် ဖော်ပြရန် ဆုံးဖြတ်ခဲ့ခြင်းသည်။

ပိတောက်ပွင့်သစ်မဂ္ဂဇင်းသည် သခင်ကိုယ်တော်မှိုင်းအပြင် ဆရာဇော်ဂျီ၊ ဆရာမင်းသုဝဏ် စသောမြန်မာစာပေသူရဲကောင်းများ၏ စာပေ၊ အနုပညာများကို လစဉ်ဖော်ထုတ်သွားရန်စီစဉ်နေပြီး လွန်ခဲ့သောနှစ် (၃၀) အတွင်း စာပေစိစစ်ရေးက ထုတ်ဝေခွင့်ပိတ်ထားသော သခင်ကိုယ်တော်မှိုင်းပုံ မျက်နှာဖုံးဖြင့် ပွဲဦးထွက်တွင်ပင် ဟန့်တားခံရခြင်းဖြစ်သည်။

သခင်ကိုယ်တော်မှိုင်း မျက်နှာဖုံးကြောင့် ပိတောက်ပွင့် မဂ္ဂဇင်းပိတ်ပင်ခံရသည့်ကိစ္စသည် မဖြစ်သင့်မဖြစ်ထိုက်သော ကိစ္စဖြစ်သည်ဟု စာရေးဆရာ နန်းညွန့်ဆွေကမြင်သည်။

“သခင်ကိုယ်တော်မှိုင်းခေတ်က တော်တော်ကြာခဲ့ပြီလေ။ သခင်ကိုယ်တော်မှိုင်း စာပေဆိုပြီး ကျန်ခဲ့ပေမယ့် နိုင်ငံရေးနယ်ပယ်ထဲမှာတော့ သခင်ကိုယ်တော်မှိုင်းမရှိတော့ပါဘူး။ အဲဒီတော့ သူ့ကို ဘာမှကန့်ကွက်စရာမရှိတော့ပါဘူး။ သူဟာ ပညာရှိကြီးတဦး၊ ရှေးက မျိုးချစ်ပုဂ္ဂိုလ်ကြီးတဦး။ အဲလိုအသိအမှတ်ပြုရမယ်။ အဲဒါကို ဘာလို့ဆိုင်းထားတာလဲ” ဟု ယခုလ ပိတောက်ပွင့်သစ်၏ ဆောင်းပါးရှင် ဆရာနန်းညွန့်ဆွေကပြောသည်။

နောက်ဆုံးထွက်ခဲ့သော ပိတောက်ပွင့်သစ် (အမှတ်–၁၀၊ ဇန်နဝါရီလ) အယ်ဒီတာ့အာဘော်တွင် သတင်းစာ၏ ရွှေခေတ်ဟုဆိုနိုင်သော မင်းတုန်းမင်းကြီးလက်ထက် သတင်းစာလွတ်လပ်ခွင့်ကို ပြန်လည်အောက်မေ့ထားကာ မျက်မှောက်ခေတ် စာပေလွတ်လပ်ခွင့်နည်းပါးသည့်အကြောင်းကို မီးမောင်းထိုးပြခဲ့သည်။

“သက်ဦးဆံပိုင်အာဏာအောက်မှာ သတင်းစာဟာ ဘယ်လိုမှမရှင်သန်နိုင်၊ လွတ်လပ်မှုဟာ သတင်းစာရဲ့အသက်ဖြစ်တယ် ဆိုတာ ကောင်းစွာ နားလည်သဘောပေါက်သူပီပီ ၁၈၇၄ ခုနှစ် “ရတနာပုံနေပြည်တော်သတင်းစာ (Mandalay Gazette) ကို စတင်ထုတ်ဝေတော့ မင်းတုန်းမင်းကြီးက သတင်းစာလွတ်လပ်ခွင့် (၂၆) ချက်ကို ထုတ်ပြန်ပေးခဲ့ပါတယ်။ မြန်မာနိုင်ငံရဲ့ စာနယ်ဇင်းခရီးဟာ အစကောင်းခဲ့တယ်လို့ ဆိုရမှာပါ”

ပိတောက်ပွင့်သစ် (အမှတ်–၁၀၊ ဇန်နဝါရီ) အယ်ဒီတာအာဘော်နိဂုံးပိုင်းမှ။ ❖

# ဒေါ်အောင်ဆန်းစုကြည်ကို ဆူဘာ့ရှ်ဖောင်ဒေးရှင်းကဆုချီးမြှင့်

အိန္ဒိယနိုင်ငံနေတာဂျီး ဆူဘာ့ရှ်ဖောင်ဒေးရှင်း ( Netaji Subash Foundation) က ပထမဆုံးချီးမြှင့်သော ဂုဏ်ထူးဆောင်ဆုကို မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က လက်ခံရရှိသည်။

ဖေဖော်ဝါရီလ (၁၉) ရက်နေ့က အခမ်းအနားဖြင့် ဆုချီးမြှင့်ရာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) အိန္ဒိယ၏ နိုင်ငံခြားရေးရာတာဝန်ခံ ဦးရမ်ဂျစ်ဗားရ်မားက ဒေါ်အောင်ဆန်းစုကြည် ကိုယ်စား လက်ခံယူသည်။

အိန္ဒိယလွတ်လပ်ရေးခေါင်းဆောင်တဦးဖြစ်သူ နေတာဂျီဆူဘာရှ်ချန်ဒရာဘို့ရှ်သည် ဒေါ်အောင်ဆန်းစုကြည်၏ဖခင်၊ မြန်မာ့လွတ်လပ်ရေးဗိသုကာ ဗိုလ်ချုပ်အောင်ဆန်းနှင့် ခေတ်ပြိုင်ဖြစ်ပြီး ဗိုလ်ချုပ်အောင်ဆန်း၏ (ဘီအိုင်အေ) နှင့် ဆူဘာရှ်ချန်ဒရာဘို့ရှ်၏ (အိုင်အဲန်အေ) သည် ဂျပန်အကူအညီအဖြင့် အင်္ဂလိပ်ကိုတိုက်ထုတ်ခဲ့သည့် သမိုင်းကြောင်းရှိခဲ့သည်။

နေတာဂျီဆူဘာရှ်ချန်ဒရာဘို့ရှ်ဆုကို ဒေါ်အောင်ဆန်းစုကြည်အား ရွေးချယ်ချီးမြှင့်လိုက်ခြင်းသည် အိန္ဒိယအစိုးရအနေဖြင့် မြန်မာဒီမိုကရေစီရေးကို အားပေးသည့်သဘောကို ပြသရာရောက်ပြီး မြန်မာ့ဒီမိုကရေစီရေးအတွက် အထောက်အပံ့တခုဖြစ်သည်ဟု အိန္ဒိယရောက် မြန်မာ့ဒီမိုကရေစီအင်အားစုများကပြောသည်။

ယခုနှစ်မှ စတင်သော အဆိုပါဆုသည် နှစ်စဉ်ပေးအပ်သွားရန်ရှိပြီး ဆုတံဆိပ်တခုနှင့် အိန္ဒိယရူပီငွေ တသိန်းကို ဆုအဖြစ်ချီးမြှင့်မည်ဖြစ်သည်။

❖



# ရန်ကုန်မြို့လည်တွင်ဆန္ဒပြမှုဖြစ်ပွား ဆန္ဒပြသူများကိုဖမ်းဆီးစစ်ဆေးပြီးနောက်ပြန်လွှတ်ပေး



လူထုကိုယ်စား စီးပွားရေး၊ လူမှုရေးအကြပ်အတည်းများကို ဖော်ထုတ်ခဲ့သော ဖေဖော်ဝါရီ (၂၂) ရက်နေ့ ဆန္ဒပြပွဲ

ကုန်ဈေးနှုန်းကြီးမြင့်မှုအပါအဝင် လူထု၏စီးပွားရေး၊ လူမှုရေးအကြပ်အတည်းများကိုဖော်ထုတ်ခဲ့သော ဖေဖော်ဝါရီလ (၂၂) ရက်နေ့ဆန္ဒပြပွဲနှင့်ပတ်သက်၍ အဖမ်းခံထားရသူ (၇) ဦးစလုံးသည် ယခုလ (၁၃) ရက်နေ့က အောင်သပြေစစ်ကြောရေးစခန်းမှ ပြန်လည်လွတ်မြောက်လာသည်။

မြန်မာပြည်ဖွံ့ဖြိုးမှုကော်မတီ အမည်ခံထားသော ဆန္ဒပြသူများကို အာဏာပိုင်များက တရားမဝင်ဖွဲ့စည်းမှု၊ ဆူပူရန် လှုံ့ဆော်မှု၊ နိုင်ငံတော်အကြီးအကဲများကို အကြည်ညိုပျက်စေရန်လုပ်ဆောင်မှု စသော ဥပဒေပုဒ်မများဖြင့် အပြစ်ဒဏ်ချမှတ်နိုင်ကြောင်းခေါ်ယူခြိမ်းခြောက်ကာ ပြန်လွှတ်ပေးလိုက်ခြင်းဖြစ်ကြောင်း လွတ်မြောက်လာသူများကပြောသည်။

ဖေဖော်ဝါရီလ (၂၂) ရက်နေ့ကဖြစ်ပွားခဲ့သော သိမ်ကြီးဈေးရှေ့ဆန္ဒပြပွဲတွင် ပါဝင်သူ (၉) ဦးကို အာဏာပိုင်များက လူစုခွဲဖမ်းဆီး၍ ဖေဖော်ဝါရီလ (၂၇) ရက်နေ့တွင်ပြန်လွှတ်ပေးခဲ့ကာ မတ်လ (၆) ရက်နေ့တွင် (၇) ဦးကို ပြန်လည်ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

မတ်လ (၈) ရက်နေ့က အမျိုးသားရေးဦးဝင်းနိုင်နှင့် သိမ်ကြီးဈေးရှေ့ဆန္ဒပြပွဲကိုဦးဆောင်ခဲ့သူ ကိုထင်ကျော်တို့ကို ခွင့်ပြုမိန့်အရဘဲ သတင်းစာရှင်းလင်းပွဲပြုလုပ်သည်ဟုဆိုကာ အာဏာပိုင်များက ဖမ်းဆီးစစ်ဆေးပြီးနောက် (၃) ရက်အကြာတွင် ပြန်လွှတ်ပေးခဲ့သည်။

အလားတူ လူထုနေ့စဉ်ဘဝနှင့် ကင်းကွာသော စစ်အစိုးရ သတင်းစာ၊ ဆောင်းပါးများကိုသရော်ကာ သတင်းစာဖြတ်ပိုင်းများကို နေအိမ်ခြံစည်းရိုး၌ ကပ်သည့်အတွက် သဃ်န်းကျွန်း ၁၆/၃ ရက်ကွက်နေ အသက် (၆၅) နှစ်အရွယ် ဦးသိန်းဇံကိုလည်း ဆူပူမှုဖြစ်အောင်လှုံ့ဆော်သည်ဟုဆိုကာ မတ်လ (၇) ရက်နေ့က ဖမ်းဆီးတရားစွဲထားသည်။

# သိမ်ကြီးဈေးရှေ့ဆန္ဒပြပွဲခေါင်းဆောင်ကို တလအတွင်း (၄) ကြိမ်ဖမ်းဆီး

## “ဗုဒ္ဓဘာသာကို စော်ကားတာဟာ ကျနော့်အသက်ကို သတ်တာနဲ့ အတူတူပါပဲ”

သိမ်ကြီးဈေးရှေ့ဆန္ဒပြပွဲကြောင့် အဖမ်းခံရပြီးနောက် မကြာခင်ကမှ ပြန်လွှတ်လာသော ကိုထင်ကျော်သည် ၎င်း၏ ရဟန်းခံအလှူပွဲအား အာဏာပိုင်များတားမြစ်သည်ကိုမကျေမနပ်ဖြစ်ကာ ကမာရွတ်လှည်းတန်းဈေးရှေ့တွင် မတ်လ (၁၁) ရက်နေ့၊ နံနက် (၉) နာရီခန့်က တကိုယ်တော်ဆန္ဒပြခဲ့သည်။

ခန္ဓာကိုယ်တွင် သင်္ကန်းပတ်၍ ခေါင်းတွင်သပိတ်ဆောင်းထားသော ကိုထင်ကျော်က ဗုဒ္ဓဘာသာကို ဖိနှိပ်စော်ကားခြင်းသည် သူ၏အသက်ကို သတ်သကဲ့သို့ခံစားရကြောင်း၊ တနိုင်ငံလုံးရှိ ဘာသာရေးဖိနှိပ်ခံနေရသူများ အားလုံးကိုယ်စားယခုကဲ့သို့ ဆန္ဒပြရခြင်းဖြစ်ကြောင်းပြောသည်။

ကိုထင်ကျော်၏ တကိုယ်တော်ပြပွဲသည် (၁၀) မိနစ်ကျော်ကြာမြင့်ခဲ့ပြီး၊ ရဲဝတ် (၅) ဦးနှင့် အရပ်ဝတ် (၃) ဦးတို့ ရောက်ရှိလာကာ ကိုထင်ကျော်ကိုဖမ်းဆီးသွားကြောင်း မျက်မြင်သက်သေများက ပြောသည်။

၎င်းနောက် ကိုထင်ကျော်ကို ကမာရွတ်ရဲစခန်း၊ ထို့မှတဆင့် အောင်သပြေစစ်ကြောရေးစခန်းသို့ပို့ကာ ထိန်းသိမ်းထားပြီး ညနေပိုင်းတွင်ပြန်လွှတ်ပေးခဲ့သည်။

မတ်လ (၁၉) ရက်နေ့က ရန်ကုန်မြို့ မြောက်ဥက္ကလာ (၂) ရပ်ကွက် မေတ္တာသုခဘုန်းတော်ကြီးကျောင်းတွင်ပြုလုပ်သော ကိုထင်ကျော်၏ ရဟန်းခံအလှူပွဲကို အာဏာပိုင်များက ဖိအားပေးသောကြောင့် ရပ်ကွက်သံဃနာယကအဖွဲ့၏အမိန့်ဖြင့် ဖျက်သိမ်းခဲ့ရသည်။

ကိုထင်ကျော်သည် ဖေဖော်ဝါရီလ သိမ်ကြီးဈေးရှေ့ ပြည်သူ့အကြပ်အတည်းဖော်ထုတ်ဆန္ဒပြပွဲတွင် ဦးဆောင်သူတဦးဖြစ်ပြီး ယခုတကြိမ်နှင့်ဆိုလျှင် တလအတွင်း (၄) ကြိမ်မြောက်အဖမ်းခံရခြင်းဖြစ်သည်။

၎င်းသည် ဖေဖော်ဝါရီလ (၂၂) ရက်နေ့က ရန်ကုန်မြို့သိမ်ကြီးဈေးရှေ့၌ လူထုကိုယ်စားဆန္ဒပြခဲ့သောကြောင့် အခြား (၈) ဦးနှင့်အတူဖမ်းဆီးခံရ၍ ဖေဖော်ဝါရီလ (၂၇) ရက်နေ့တွင် ပြန်လွှတ်လာကာ အခြား (၇) ဦးနှင့်အတူ မတ်လ (၆) ရက်နေ့တွင် ထပ်မံဖမ်းဆီးခံရပြီး မတ်လ (၇) ရက်နေ့တွင်မှ ပြန်လွှတ်လာသည်။

မတ်လ (၈) ရက်နေ့တွင်လည်း အမျိုးသားရေးဦးဝင်းနိုင်နှင့်အတူ သတင်းစာရှင်းလင်းပွဲပြုလုပ်သောကြောင့် ကိုထင်ကျော် ထပ်မံအဖမ်းခံရပြီး မတ်လ (၉) ရက်နေ့တွင် ပြန်လွှတ်လာပြန်သည်။

အာဏာပိုင်များသည် ကိုထင်ကျော်ကို ဖမ်းလိုက်၊ လွှတ်လိုက် လုပ်နေသော်လည်း မတ်လ (၁၇) ရက်နေ့က ဖမ်းဆီးထားသော သိမ်းကြီးဈေးရှေ့ဆန္ဒပြပွဲတွင် ပါဝင်သူ မြောက်ဥက္ကလာ (၂) ရပ်ကွက်နေ အသက် (၄၂) နှစ်အရွယ် ကိုစိုးမြင့်ထိန်ကို အောင်သပြေစစ်ကြောရေးစခန်းတွင် ယခုတိုင်ဖမ်းဆီးထားဆဲဖြစ်သည်။ ❖

# ကုန်ဈေးနှုန်းကြီးမြင့်မှုကိုဝေဖန်သူ ဦးသိန်းဇံ တရားသေပြန်လွှတ်

သဃ်န်းကျွန်း နေအိမ်ခြံစည်းရိုးတွင် သတင်းစာနှင့် ဂျာနယ်ပါ ဆောင်းပါးများ ကပ်မှုဖြင့် ဖမ်းဆီးအရေးယူခံရသည့် ဦးသိန်းဇံ၏အမှုကို ဧပြီလ (၂) ရက်နေ့က ကွင်းလုံးကျွတ်လွှတ်ပေးလိုက်သည်။

ကိုယ်ပိုင် ခြံစည်းရိုးတွင် ဆန့်ကျင်စာကပ်သော ဦးသိန်းဇံ၏လုပ်ရပ်သည် အများပြည်သူ့အကျိုးပျက်စီးစေမှုကို ဖြစ်ပေါ်စေသည့် ပြဋ္ဌာန်းချက်ပုဒ်မ ၅၀၅ (ခ)၊ ဆန့်ကျင်စာကပ်သည်ဟုဆိုကာ သဃ်န်းကျွန်းမြို့နယ် ဒုရဲမှူးစိုးဝင်းက မတ်လ (၅) ရက်နေ့က ဖမ်းဆီးသွားပြီး (၃) ရက်အကြာတွင် စတင်ရုံးထုတ်ခဲ့သည်။

အသက် (၆၅) နှစ်အရွယ် ဦးသိန်းဇံ၏ကျန်းမာရေးစိုးရိမ်သဖြင့် ဦးသိန်းဇံ၏အမှုလိုက်ရှေ့နေက အာမခံရရန် ကြိုးပမ်းရာ မအောင်မြင်ဘဲ မတ်လ (၂၈) ရက်နေ့ကျမှ အမည်မသိသူ (၂) ဦးက ငွေသိန်း (၂၀၀) ဖြင့် အာမခံရအောင် ငွေစိုက်ထုတ်ပေးခဲ့သည်ဟု သိရသည်။

အင်းစိန်ထောင်အချုပ်တွင် (၂၂) ရက်ကြာနေခဲ့ရပြီးမှ အာမခံဖြင့် ပြန်လည်လွတ်မြောက်လာသူ ဦးသိန်းဇံက ခြံစည်းရိုးစာကပ်သည် ၎င်း၏အမှုသည် (၂၆) လမ်းထိပ်တွင်ဖြစ်ပွားခဲ့သော ဆန္ဒပြပွဲလောက် မကြီးကျယ်သဖြင့် စိုးရိမ်ဖွယ်မရှိဟု စီရင်ချက်မချခင်ကတည်းက သတင်းဌာနများသို့ပြောသည်။

ဦးသိန်းဇံ၏ ရှေ့နေဦးအောင်သိန်းက “အာဏာပိုင်တွေက ဥပဒေနဲ့ငြိစွန်းတယ်ဆိုပေမယ့် ကျနော့်ဥပဒေရှုထောင့်အရ အိမ်ခြံဝင်းအတွင်းအပြင်မှာ ဘယ်မှာကပ်ကပ် သူဟာ နိုင်ငံရေးပယောဂမပါဘဲလုပ်တဲ့ သာမန်ရိုးရိုး အရပ်သားတယောက်ဖြစ်လို့ ပြစ်မှုမမြောက်ဘူးဆိုတဲ့လမ်းကြောင်းနဲ့ ရပ်တည်ပါတယ်”ဟု ပြောသည်။

ဦးသိန်းဇံသည် လက်ရှိဖြစ်ပေါ်နေသော ကုန်ဈေးနှုန်းကြီးမြင့်မှုကို မကျေနပ်သဖြင့် စစ်အစိုးရအာဘော် သတင်းနှင့်ဂျာနယ်များတွင်ရေးသားထားသည့် ဆောင်းပါးများကို ပြန်လည်ချေပရေးသားထားသော ဆောင်းပါးများကို ဖေဖော်ဝါရီလ (၂၂) ရက်နေ့ကတည်းက မိမိအိမ်၏ခြံစည်းရိုးတွင် ကပ်ထားခဲ့သည်။

ဦးသိန်းဇံ၏ သတင်းစာဆောင်းပါးရှင်များအနေဖြင့် လူထုရင်ဆိုင်နေရသော ကုန်ဈေးနှုန်းကြီးမြင့်ခြင်းနှင့် လျှပ်စစ်မီးပြတ်တောက်ခြင်းများကိုလည်း ရေးသားကြရန် အကြံပြုခဲ့သည်ဟု သိရသည်။ ❖

# လူ့အခွင့်အရေးကြေညာစာတမ်းဖြန့်ဝေမှု ဖမ်းဆီးခံရသူ (၂) ဦး ပြန်လည်လွတ်မြောက်

ပဲခူးတိုင်း၊ ပြည်မြို့မှ ကိုကျော်ကျော်ဦးနှင့် ကိုကျော်ဆွေတို့ (၂) ဦးကို လူ့အခွင့်အရေးကြေညာစာတမ်းဖြန့်ဝေမှုဖြင့် ပြည်အမှတ် (၂) ရဲစခန်းက မတ်လ (၂၀) ရက်နေ့က ဖမ်းဆီးလိုက်ပြီး နေ့ချင်းပြန်လွှတ်ပေးလိုက်သည်။

အဖမ်းခံရသူနှစ်ဦးသည် “လူ့အခွင့်အရေးကာကွယ်မြှင့်တင်သူ”အဖွဲ့မှ အဖွဲ့ဝင်များဖြစ်ကြပြီး ကိုကျော်ကျော်ဦးကို နံနက်ပိုင်းက ပြည်မြို့ဈေးအတွင်း၌ ဖမ်းဆီးခဲ့ပြီး နေ့လယ်ပိုင်းတွင် ကိုကျော်ဆွေအား နေအိမ်မှ လာရောက်ဖမ်းဆီးသွားခြင်းဖြစ်သည်ဟု “လူ့အခွင့်အရေး ကာကွယ်မြှင့်တင်သူ” အဖွဲ့ကိုဦးဆောင်သူ ကိုမြင့်အေးကပြောသည်။

လူ့အခွင့်အရေးကာကွယ်မြှင့်တင်သူများအဖွဲ့သည် လူ့အခွင့်အရေးကြေညာစာတမ်းပါအချက် (၃၀) ကို ယုံကြည်သူများနှင့် စုစည်းထားခြင်းဖြစ်ပြီး လူ့အခွင့်အရေးကြေညာ စာတမ်းဖြန့်ဝေခြင်း၊ ပညာပေးခြင်းများကို တနိုင်ငံလုံးအတိုင်းအတာဖြင့် လုပ်ဆောင်နေသည်ဟု သိရသည်။

လွန်ခဲ့သော စက်တင်ဘာလကုန်ပိုင်းက အဖွဲ့ခေါင်းဆောင် ဦးမြင့်အေးအား အာဏာပိုင်များက (၁) လခွဲကြာ ဖမ်းဆီးထိန်းသိမ်း၍“လူ့အခွင့်အရေးကာကွယ်မြှင့်တင်သူ” အဖွဲ့၏ အခြေအနေနှင့် လုပ်ဆောင်ချက်များကို စစ်ဆေးမေးမြန်းခဲ့သည်။

ထို့အပြင် ဒီဇင်ဘာ (၁၀) ရက်နေ့က ဧရာဝတီတိုင်း၊ ဘိုကလေးမြို့တွင် အဖွဲ့ဦးဆောင်ပြုလုပ်သော အဖွဲ့၏ ကမ္ဘာ့လူ့အခွင့်အရေးနေ့အခမ်းအနားကို အာဏာပိုင်များက အနှောင့်အယှက်ပေးခဲ့သည်။ ❖

## နှစ်သစ်ဆုတောင်း



တနှစ်ပြောင်းတိုင်း ဆုတောင်းရသည့်ဘဝမှ အမိမြန်မာပြည် အမြန်လွတ်မြောက်ပါစေ၊ သေကွဲ ရှင်ကွဲလောကဓံများ တန်တလျားမှာ ကင်းဝေးကြစေ။ ရွှေပြည်တော်ကြီးမျှော်တိုင်းနီးပါစေတော့။

မိုးကြိုးဝိုင်းတော်သားများ

# ဆရာဂျမ်းသို့ အလွမ်းပြေ ...

နိဂုံးပိုင်း

ဝင်းတင့်ထွန်း



ဆရာဂျမ်းရဲ့ နှလုံးသားထဲကနေ
ထွက်ပေါ်လာတဲ့၊ အဆက်မပြတ်ပေါက်ကွဲသံ
ဖောက်ခွဲသံတွေဟာ
စည်စည်ညံညံအောင်ထွက်ပေါ်လာခဲ့ပါတယ်။
ဒီအသံတွေဟာ
အဝေးကနေ၊ ကျည်ကွယ်မျက်ကွယ်နေရာကနေ
ထွက်ပေါ် ပြနေခဲ့တာမဟုတ်ပါ။

'တောက် .... သိပ်သဘောကျတယ်။ ဆိုင်နာမည်က ဘိုမြတဲ့၊ ဒါကြောင့်မို့ သောက်ဖြစ်အောင်ကို သွားသောက်လိုက်သေးတယ်' လို့လဲ တဟဲဟဲနဲ့ သဘောတကျပြောတတ်သေးတယ်။

(၃)

ကျနော့်ရဲ့ကဗျာသမားဘဝမှာ ဆရာကြီး သခင်ကိုယ်တော်မှိုင်းရဲ့ မဟာကဗျာလေးချိုးကြီးတွေထဲက အသံတွေ၊ မာန်တွေကို ချစ်တတ်၊ နှစ်သက်တတ်၊ မြတ်နိုးတတ်ခဲ့ရာက၊ ဆရာမင်းသုဝဏ်ရဲ့ ကဗျာချိုချိုဆရာဇော်ဂျီရဲ့ ကဗျာပီပီတွေကို ထိတွေ့ခံစားနိုင်ခွင့်ရရင်း၊ ဆရာတာရာရဲ့ ကဗျာအလင်းရောင်၊ ဆရာကြည်အောင်ရဲ့ ကဗျာထက်ထက်၊ ဆရာစွမ်းရဲ့ကဗျာရှရှ၊ ဆရာဂျမ်းရဲ့ကဗျာလှလှတွေကြားမှာ ခိုနားရှင်သန်ရင်းက ကြီးပြင်းလာခဲ့ရတာဖြစ်တယ်လို့တောင် ပြောခွင့်ရှိရင် ပြောလိုက်ချင်ပါတယ်။ ဂန္ထဝင်ခေတ်၊ 'ပျို့'ခေတ်တွေတုန်းကတော့၊ 'ပျို့'တွေထဲမှာ 'အလှမှာ ဥမ္မာဒန္တီ၊ အတည်မှာ ဘုံခန်း'ရယ်လို့ ပြောစမှတ်ပြုရလောက်အောင်မဟာမင်းလှမင်းခေါင်ကျော် ဦးရွှန်းရဲ့ ဥမ္မာဒန္တီပျို့က ဥမ္မာဒန္တီနဲ့အပြိုင် အင်မတန်လှလွန်းလှသလို၊ ရှင်အဂ္ဂသမာဓိရဲ့ နေမိဘုံခန်းပျို့ကလည်း ခမ်းနားလှရုံမက တည်ကြည်လွန်းလှတယ်လို့ ဆိုကြပါတယ်။ ခေတ်စမ်းအလွန် ဒီဖက်ခေတ် ကျနော်တို့ခေတ်မှာတော့၊ ဇော်နဲ့ဝဏ်တို့ခေတ်ပြီးရင်၊ ဗမာကဗျာနယ်မှာ 'ကဗျာအလှမှာ ဆရာဂျမ်း'လို့တောင် ကျနော်ကတော့ ခံစားမှတ်ထင်မိပါတယ်။ အသံသာတဲ့နေရာ အသံချိုတဲ့နေရာမှာလဲ ဆရာမင်းသုဝဏ်ပြီးရင် ဆရာတင်မိုးပဲလို့တောင် ယူဆမိပါတယ်။

ကဗျာမှာ အသံချိုသလို၊ မနောချိုလှတဲ့ဆရာဟာ အင်မတန်လူချစ်လူခင်ပေါလှသူလည်း ဖြစ်ပါတယ်။

ကျနော်သိရသလောက် ကိုယ့်မွေးနေ့ကိုယ်မကျင်းပရပဲ ချစ်သူခင်သူများက ကျင်းပပေးခြင်းခံရတဲ့ ရှားရှားပါးပါးပုဂ္ဂိုလ်တွေထဲမှာ ကျနော်တို့ရဲ့ဆရာဂျမ်းကြီးပါပါတယ်။ ဒီဖက်ပိုင်း အသက်အရွယ်တွေရလာ၊ ပိုပိုပြီးပေါ်ပေါ်လွင်လွင်ဖြစ်လာ၊ နိုင်ငံတကာအနှံ့အထိ ဟိုဟိုဒီဒီရောက်လာမှ အခုလို ဂုဏ်ပြုခံရ၊ ကျင်းပပေးခြင်းခံရတာမျိုးမဟုတ်ပါ။ ဟိုးလွန်ခဲ့တဲ့ နှစ်ပေါင်းသုံးလေးဆယ်လောက်ကတည်းက ချစ်ချစ်ခင်ခင် လေးလေးစားစားတွေနဲ့ သံယောဇဉ်ကြီးစွာ တခုတ်တရအလေးထားစွာ မွေးနေ့ကျင်းပပေးတာခံရသူမျိုးဖြစ်ခဲ့ပါတယ်။ လွန်ခဲ့တဲ့နှစ်ပေါင်းများစွာက တခုသောဆရာဂျမ်းရဲ့ မွေးနေ့မှာ ဆရာဂျမ်းရဲ့သူငယ်ချင်းမိတ်ဆွေရင်း ဆရာမောင်သိန်းနိုင် (ဂုဏ်ထူးဦးသိန်းနိုင်) က စားသောက်ဖွယ်ရာတွေအပြည့်နဲ့ ငါးဆင့်ချိုင့်ကြီးဆွဲလာပြီး ဆရာဂျမ်းမွေးနေ့အဖြစ် မွေးနေ့ရှင် ဆရာဂျမ်းကို တခုတ်တရလာကျွေးတာကိုလည်း ကျနော်ကိုယ်တိုင်ကြုံခဲ့ရဖူးပါတယ်။ ကျနော်ကိုယ်တိုင် ကြုံခဲ့ရဖူးတဲ့ နောက်ထပ် ဆရာဂျမ်းအတွက်မွေးနေ့ပွဲ တခုကတော့၊ ရန်ကုန် ခြောက်မိုင်ခွဲ စပယ်ခြံလမ်းထဲက ကျောင်းဆရာဇနီးမောင်နှံရဲ့အိမ်မှာပါ။ ဆရာဂျမ်းကို အင်မတန်ကြည်ညိုလေးစားလှတဲ့၊ ရေနံချောင်းဇာတိ အညာသား၊ စာသမား၊ ကျောင်းဆရာ ကိုညွှန့်ဝေရဲ့အိမ်မှာပါ။ ဆရာဂျမ်းမွေးနေ့နဲ့တိုက်ပြီး ဆရာဂျမ်းကို ထမင်းဖိတ်ကျွေးညှေ့ခံရင်း၊ စာအကြောင်း ပေအကြောင်းပြောကြတာပါ။ ဖိတ်ထားတဲ့ လူလေးနဲနဲထဲမှာ ကျနော်လဲ ပါဝင်ခွင့်ရရင်း၊ ထမင်းပွဲပြီးတာနဲ့ လဖက်ပွဲ၊ ထန်းလျက်ပွဲနဲ့ဆက်ပြီး အချိန်တော်တော်ကြာအောင် စာအကြောင်းပေအကြောင်းတွေ ပြောခဲ့ကြဖူးတာတွေလဲ ရင်ထဲမှာ မှတ်မိနေပါတယ်။

ဆရာဂျမ်းနဲ့ တရုံးထဲလုပ်၊ တဝင်းထဲနေတွေကလွဲရင်၊ တခုသောကာလအတွင်းမှာ တကယ့်စာပေသမားတွေချည်းဖြစ်ပြီး၊ စာပေအဆီအနှစ်စကားသံတွေ မကြာမကြာ ကြားရနိုင်လေ့ရှိတဲ့နေရာလေးတခုသဖွယ် ဖြစ်နေပြန်တော့တာပေါ့။ ဆရာကောင်းကြီးက ပုပုပြတ်ပြတ် ခပ်သေးသေး၊ ဆရာဂျမ်းနဲ့ ဆရာစွမ်းက ဝဝပြည့်ပြည့်ခန္ဓာကိုယ်ကြီးတွေနဲ့ဆိုတော့၊ ဆရာတို့တွေ အတူတူဝင်လာရင်၊ ဆရာတို့မြန်မာစာသင်ရိုးဌာနကတဦးတည်းသောအမျိုးသမီးဖြစ်တဲ့ မခင်မာလွင်က 'မဟာစည်ကြီးနှစ်ပါးတော့ ဝင်လာပြီ'လို့ နောက်စစ မေးငေါ့ပြလေ့ရှိတာလဲ မှတ်မိနေပါတယ်။

ဆရာဂျမ်းနဲ့ အမြဲလိုလိုတွေ့ဖြစ်ဆုံဖြစ် လက်ဖက်ရည်ဆိုင်ထိုင်ဖြစ်သူတွေထဲမှာ ကျနော်လဲ တဦးအပါအဝင်ဖြစ်ခဲ့ဖူးတာ ဆရာ့လိုပဲ အခု အမေရိကန်ရောက်နေတဲ့ ဆရာ့ရဲဘော် ချစ်ဆွေ ဆရာစွမ်းကြီးအသိပါပဲ။ ဆရာဂျမ်း တယောက်၊ တက္ကသိုလ်ဘာသာပြန်နဲ့စာအုပ်ထုတ်ဝေရေးဌာနကနေ၊ ကျောင်းသုံးမြန်မာစာအုပ်ပြုစုရေး သင်ရိုးနဲ့ မာတိကာဌာနဆီပြောင်းရွှေ့လုပ်ကိုင်တော့လည်း ခြောက်ထပ်ရုံးကာလမှာပဲဖြစ်ဖြစ်၊ တက္ကသိုလ်ထဲက တောင်ငူဆောင်အပေါ်ထပ်ကာလမှာ ဖြစ်ဖြစ်၊ အမြဲလိုလို မပျက်မကွက် ဆရာစွမ်း ဆရာဂျမ်းတို့ဆီ ပုံမှန်လိုလို မရောက်ရောက်အောင် ရောက်တတ်တာ ကျနော်ဖြစ်ခဲ့ပါတယ်။ ဆရာတို့သင်ရိုးဌာနအတွက် တာဝန်ခံကလည်း ဆရာကောင်း (ဦးဘကောင်း) ကြီးဆိုတော့၊ လွတ်လွတ်လပ်လပ် ပြောချင်ရာပြောဖြစ်ကြပြီး ပေါ့ပေါ့ပါးပါး ရှိခဲ့ကြတာပေါ့ ဆရာရယ်။ ဆရာကောင်းကြီးကလဲ တချိန်သောအခါက ကျောင်းသားခေါင်းဆောင် သမဂ္ဂခေါင်းဆောင်ဟောင်းကြီး မဟုတ်လား။ တောင်ငူဆောင် ဝရန်တာမှာ ထုတ်ထားတဲ့ ဆရာဂျမ်းတို့စားပွဲဆီ မကြာမကြာ ရောက်ရောက်လာပြီး ဝိုင်းဖွဲ့လေ့ရှိတာက ဆရာဦးစောလူ (အခု အမေရိကန်ရောက်နေတဲ့ မြန်မာစာပါမောက္ခ ဦးစောထွန်း) တို့၊ အခု ဒေါက်တာခင်အေးဖြစ်နေတဲ့ မြန်မာစာ ဦးခင်အေး (မောင်ခင်မင်–ဓနုဖြူ) တို့ဆိုတော့၊ အားလုံးဟာ တက္ကသိုလ်ကလည်း မဟုတ်ရပါပဲနဲ့ အဲဒီလို ဆရာဂျမ်းတို့ဆီ အဝင်အထွက် အရောက်အပေါက်များလွန်းတာကြောင့် ၁၉၈၂ မှာ မဆလစစ်ထောက်လှမ်းရေးတွေက ကျနော့်ကို နိုင်ငံရေးမှုနဲ့ဖမ်းဆီးတဲ့အခါမှာ စစ်ကြောရေးမှာ စစ်ဆေးစရာခေါင်းစဉ်တခုတောင်ဖြစ်ခဲ့ရ အစစ်ဆေးခံခဲ့ရဖူးပါတယ်။ မိုက်ရိုင်းလှတဲ့ စစ်ထောက်လှမ်းရေးတွေက 'ဟေ့ကောင် .... မင်းက တောင်ငူဆောင် ဗမာစာဌာနအပေါ်ထပ်က ကဗျာဆရာတင်မိုးဆိုတဲ့လူဆီကိုလည်း သွားသွားနေတယ်။ အဲဒီတင်မိုးနဲ့ကော မင်းဘယ်လိုပတ်သက်သလဲ'ဆိုပြီး စစ်တာဆေးတာ ခံခဲ့ရဖူးတဲ့အထိပါပဲ။ ဒါလဲ ကျနော့်အဖို့ အခုအချိန်မှာတော့၊ ဆရာနဲ့ပတ်သက်နေတဲ့ မမေ့နိုင်စရာအဖြစ်အပျက်တခုအဖြစ် ပြန်ပြီး သတိရနေမိပါတယ်။

(၄)

ဆရာဂျမ်းနဲ့ပတ်သက်ပြီး အမှတ်ရစရာတွေကတော့ အများကြီးပါ။

ကျနော်ထောင်က ထွက်လာတော့၊ ဆရာဂျမ်းဟာ ပုဂံလမ်းကအိမ်လေးမှာ မရှိတော့ပါဘူး။ ပညာရေးဌာနမှာလဲ မရှိတော့ပါဘူး။ မြန်မာစာကျူရှင်ပြတယ်ဆိုတဲ့ကိစ္စနဲ့ အလုပ်ကထွက်လိုက်ရပြီးတဲ့နောက်ပိုင်း၊ အင်းစိန်ဖက်မှာ ပြောင်းရွှေ့ရောက်ရှိနေပါပြီ။

ဆရာ့ကို မနာလိုဝန်တိုနေတဲ့ ပုဂ္ဂိုလ်တဦးကနေ တို့လိုက်၊ ထောင်လိုက်၊ ချွန်လိုက်လိုက်ရပြီးသားကိုး။ 'ဖန်မီးအိမ်'ရှင်အတွက် 'ကဗျာဆရာ့အိမ်'ကို ဖန်တီးဒီဇိုင်းရေးဆွဲပြီး ကြပ်မဦးစီးဆောက်လုပ်ပေးသူကိုယ်တိုင်က မဂ္ဂဇင်းတခုပေါ်မှာ ဆောင်းပါးရေးပြထားတာလို့ ရေးတေးတေးမှတ်မိနေပါတယ်။

ကဗျာဆရာ့အိမ်ကို ကိုယ်တိုင်ကိုယ်ကျဗိသုကာရှုဒေါင့်ကရော အနုပညာခံစားမှုရှုဒေါင့်ကပါ စိတ်ကူးဉာဏ်ကွန့်မြူးပြီး ပုံစံထုတ်ဖန်တီးပေးခဲ့သူကတော့၊ 'ဗိသုကာဆရာရွှေ'ကြီးပါပဲ။ ရန်ကုန်စက်မှုတက္ကသိုလ်ဗိသုကာဌာနမှာ ဆရာတဦးလည်းဖြစ်၊ လူပျိုကြီးလည်းဖြစ်၊ ကျနော်တို့နဲ့လဲ ရင်းနှီးကျွမ်းဝင်လှတဲ့ ဆရာရွှေကြီးဟာ ဂျပန်ပြန်လည်းဖြစ်တဲ့အတွက် လူငယ်တချို့က သူ့ကိုသူ့ကွယ်ရာမှာ 'ဂျပန်ရွှေ'ကြီးလို့ ခေါ်တဲ့သူက ခေါ်ကြပါတယ်။ ဆရာရွှေဟာ ဗိသုကာပညာရှင်သာမက အနုပညာသမားလည်းဖြစ် ဆရာဂျမ်းကို အင်မတန်ချစ်ခင်သူလည်း ဖြစ်ပါတယ်။ ဆရာရွှေကို နောက်ချင် စချင်တဲ့ အနုပညာသမားတယောက်ကတော့၊ ဆရာရွှေရဲ့လက်ရာ၊ ဆရာဂျမ်းရဲ့ 'ကဗျာဆရာ့အိမ်'ကတော့ အင်းစိန်တကြောမှာ တကယ့်ကို အထူးခြားဆုံးပါပဲ။ ခရစ်ယာန်ဘုရားရှိခိုးကျောင်း ချော့ချ်ပုံစံလိုလို၊ ပိရမစ်အငယ်စား ပုံစံလိုလိုဗျ .... တဲ့။ ကျနော် ထောင်က ထွက်လာပြီးတဲ့နောက် ဆရာ့ရဲ့ ကဗျာဆရာ့အိမ်အထိရောက်အောင် လိုက်ပို့သူကတော့၊ ကျနော့်မိတ်ဆွေကြီး ပန်းချီဆရာ ကိုယဉ်တာကြောင့် ဆရာဂျမ်းစာပြတဲ့ကိစ္စနဲ့ပတ်သက်ပြီး အစစ်ဆေးခံရရှာပါတယ်။ အဲဒီလိုညစ်ပတ်လိုက်တဲ့သူဟာ ဘယ်သူလဲဆိုတာလဲ ကျနော်ကြားလိုက်ရသိလိုက်ရပါတယ်။ ဆရာကတော့ အပြုံးမပျက်ပါပဲ။ ဆရာ့အိမ်သစ်ကလေးဆီ ကျနော်ကိုယ်တိုင် ရောက်မသွားရသေးမီကတည်းက၊ ဆရာ့အိမ်သစ်ကလေးအကြောင်းကိုတော့ ကျနော်ကြိုသိနေခဲ့ရပြီးဖြစ်ပါတယ်။ မသိပဲနေပါ့မလား။ 'ကဗျာဆရာ့အိမ်'ဆိုပြီးကိုပဲ ဆရာ့အိမ်အကြောင်းစာမျက်နှာတွေ ဘာတွေပေါ်မှာ တွေ့မြင်မင်းပိုက်ပါပဲ။ ပန်းချီဆရာကလည်း ဆရာဂျမ်းကို တော်တော်ကို လေးစားလှသလို၊ ဆရာဂျမ်းကလည်း ပန်းချီဆရာကို တော်တော်ကို ခင်မင်လှပါတယ်။ သင်ရိုးနဲ့မာတိကာဌာန၊ ခြောက်ထပ်ရုံးခေတ်မှာ တရုံးထဲ အတူတူအလုပ်လုပ်ခဲ့ကြဖူးသူတွေလည်း ဖြစ်ပါတယ်။ ကိုယဉ်မင်းက ကျောင်းသုံးစာအုပ်တွေမှာ သရုပ်ဖော်ပုံတွေ ရေးဆွဲရတဲ့ရုံးဝန်ထမ်း ပန်းချီဆရာတဦးအဖြစ် ဆရာဂျမ်းနဲ့တော်တော်ကြာကြာ လက်ပွန်းတတီးနေခဲ့ရသူဖြစ်ပါတယ်။

ဆရာဂျမ်းရဲ့အိမ်သစ် ကဗျာဆရာ့အိမ်ကို ကျနော်ရောက်တော့ ဆရာက ထုံးစံအတိုင်း ပြုံးပြုံးရွှင်ရွှင်ကြိုဆိုပြီး ညှော့ခံရှာတယ်။ အိမ်ဝင်းခပ်ကျဉ်းကျဉ်းလေးထဲမှာပဲ ရေမြောင်းလေးစီးနေပြီး၊ ရေမြောင်းပေါ်ခွဆောက်ထားတဲ့ တံတားလေးအနီး၊ သစ်ရိပ်အောက်မှာ စားပွဲလေးတလုံးနဲ့ပေါ့။ ဆရာ ဂျမ်းကတော်ကလည်း ဆရာဂျမ်းလိုပဲ ပြုံးပြုံး ပြုံးပြုံးနဲ့ ရေနွေးကြမ်းအိုးချပေးလိုက်၊ လဖက် ပန်းကန်လေးလာချပေးလိုက်နဲ့ ပုဂံလမ်းအိမ်ခေတ်ကတည်းက ရင်းနှီးပြီးသားဖြစ်တဲ့ ကျနော်တို့အပေါ် ဖော်ဖော်ရွေရွေရှိရှာတယ်။ တခြားအိမ်သွားရရင်သာ ကျနော်တို့အဖို့ အနေကြံ့သလို ခံစားရဖူးတာမျိုးတွေကြုံတွေ့ရပေမယ့် ဆရာဂျမ်းရဲ့အိမ်မှာ ကျနော်တို့အဖို့ဘယ်တော့မှ အနေကြံ့တာမျိုးမရှိခဲ့။ ပေါ့ပေါ့ပါးပါး လန်းလန်းဆန်းဆန်း ခံစားခဲ့ရတာချည်းဖြစ်ပါတယ်။

သတိရစရာကောင်းတာတွေထဲမှာ ရှစ်လေးလုံးအရေးတော်ပုံကြီးအတွင်းတုန်းက ဆရာဂျမ်းရဲ့ရုပ်ပုံလွှာကိုလဲ ချန်ထား၊ မေ့လျော့ပစ်လို့မရပါ။ ကျနော်က တနေ့တမျိုး မရိုးရအောင် ဟိုအဖွဲ့နဲ့ချိတ်ဆက်ဆန္ဒပြပွဲဝင်လိုက်၊ ဒီအဖွဲ့နဲ့ချိတ်ဆက်ဆန္ဒပြပွဲဆင်လိုက် ပါဝင်နွှဲပျော်နေရင်း၊ အရေးတော်ပုံကြီးရဲ့ဒီရေမြင့်သစ်ဦးတရက်မှာ၊ စာပေအနုပညာဆိုင်းဘုတ်အောက်က ပါဝင်ချိတ်ဆက်ဆန္ဒဖော်ပြခဲ့ရတဲ့တရက်မှာ၊ ဆရာဂျမ်း၊ ဆရာစွမ်းတို့နဲ့လည်း အတူတူ ဆင်နွှဲခဲ့ရပါတယ်။ အဲဒီတုန်းက ဆရာဂျမ်း၊ ဆရာစွမ်း၊ ကိုယဉ်မင်းပိုက်နဲ့ ကျနော်တို့ဟာ လေးဦးသား တန်းစီချိတ်ခဲ့ကြရင်း 'ဒို့အရေး .... ဒို့အရေး' ဆိုတဲ့အသံကို အားသွန်ကြိုးပြီး တပြုံးပြုံးနဲ့ ဟစ်ကြွေးခဲ့ကြဖူးပါတယ်။ ဆရာစွမ်းရဲ့အသံဟာ တက်ကြွလှသလို၊ ဆရာဂျမ်းရဲ့မျက်နှာပြည့်ပြည့်ကြီးဟာလည်း အလန်းဆန်း အစွင့်ကားဆုံး ပြုံးလို့ရွှင်လို့ပေါ့။ ကျနော်တို့ရဲ့နောက်ဖက်နားကပ်လျက်သား မလှမ်းမကမ်းမှာ ဆရာနတ် (ဦးနတ်နွယ်) ကြီးတို့ရော၊ အမျိုးသမီးစာရေးဆရာမ မြနှောင်းညိုတို့တွေကိုလည်း တွေ့ရပါတယ်။ အရေးတော်ပုံကြီးအတွင်းမှာ အရေးကြီးတဲ့အချိန်တွေဆီဆိုက်ရောက်လာပြီဆိုတဲ့အခါမှာ၊ ကျနော်တို့ညီအကိုမောင်နှမ စာပေအနုပညာရှင်တွေဟာလည်း တက်တက်ကြွကြွ အားမာန်ပြခဲ့ကြတာ အားရစရာကြီးပါပဲ။

ရှစ်လေးလုံးအရေးတော်ပုံကြီးကို စစ်အာဏာရှင်များက လက်နက်နဲ့အကြမ်းဖက်ဖြိုခွဲပြီး၊ မာရယ်လောကို အလံထောင်ပြီး တက်လာချိန်မှာတော့၊ တရားလက်လွတ် မတရားသဖြင့် ဖိနှိပ်မှုတွေအပေါ်ပေါက်ကွဲပြီး၊ စာပေအနုပညာရှင်တွေကြားထဲမှာ အကျယ်လောင်ဆုံး အပီသဆုံးဖောက်ခွဲပြီး ထွက်ပေါ်

❑ စာမျက်နှာ (၅) သို့.

# နိုင်ငံရေးအကျဉ်းသားအခွင့်အရေး၊ ဦးဝင်းတင်ထောင်တွင်းတိုက်ပွဲဝင်နေ

မတ်လ ၁၂၊ ဘီအမ်အေ

အင်းစိန်ထောင်တွင် အကျဉ်းကျခံဘဝဖြင့် (၇၇) နှစ်ပြည့်မွေးနေ့ကို ယနေ့ဖြတ်ကျော်နေသော ကမ္ဘာသိ မြန်မာသတင်းစာဆရာကြီး ဟံသာဝတီဦးဝင်းတင်သည် နိုင်ငံရေးအကျဉ်းသားတဦး၏ ရပိုင်ခွင့်အတွက် ထောင်အာဏာပိုင်များထံ တောင်းဆိုနေကြောင်းသိရသည်။

၁၉၈၉ ခုနှစ်ကတည်းက မတရားထောင်ချခံထားရသော်လည်း ရပ်တည်ချက်ခိုင်မာသူ ဆိုခဲ့စေမြဲစေ ဦးဝင်းတင်က ထောင်ပိုင်နှင့်တွေ့ဆုံစဉ်တွင် ဥပဒေအတိုင်း ထောင်ဒဏ်လျှော့ပေါ့ပေးရန် ထုတ်ဖော်တောင်းဆိုခဲ့သည်ဟု ဦးဝင်းတင်နှင့်ရင်းနှီးသော မိတ်ဆွေမှတဆင့်ကြားသိရသည်။



နိုင်ငံရေးအကျဉ်းသားအခွင့်အရေးအတွက် ထောင်တွင်း၌တိုက်ပွဲဝင်နေသူ ဦးဝင်းတင်

"ထောင်ဒဏ်အနှစ် (၂၀) မှာ အခုဆို (၁၈) နှစ်ရှိနေပြီ။ ထောင်ဥပဒေအရဆိုရင် ထောင်ဒဏ်လျှော့ပေါ့ပေးရမယ်"ဟု ဦးဝင်းတင်က ထောင်ပိုင်အားပြောကြားခဲ့သည်ဟု ဆိုသည်။

ဆက်လက်၍ "အလုပ်ကြမ်း မလုပ်လို့ ထောင်ဒဏ်လျှော့ပေါ့ပေးစရာမလိုဘူးလို့ ထောင်ဝါဒါကပြောတာကိုလည်း တဆင့်ပြန်ကြားတယ်။ နိုင်ငံရေးအကျဉ်းသားတယောက်မှာ အလုပ်ကြမ်းလုပ်စရာအကြောင်း မရှိဘူး။ ဒါလည်း ထောင်ဥပဒေပဲ။ ထောင်မှူးကို ဒီလိုပဲပြောလိုက်ပါတယ်"ဟု ဦးဝင်းတင်အား ထောင်ဝင်စာသွားတွေ့ခဲ့သော မိတ်ဆွေက တဆင့်ပြန်ပြောပြသည်။

"ခင်ဗျားတို့ကို ပြန်လွှတ်ပေးပါလို့ တောင်းဆိုနေတာမဟုတ်ဘူး။ နိုင်ငံရေးအကျဉ်းသားတယောက်အနေနဲ့ ရသင့်ရထိုက်တဲ့အခွင့်အရေးကို တောင်းဆိုနေတာဖြစ်တယ်"ဟု ဦးဝင်းတင်က ထောင်မှူးကို အပြတ်ပြောခဲ့သည်ဟု ဆိုသည်။

ထောင်အာဏာပိုင်များသည် ဦးဝင်းတင်၏ အပြစ်ဒဏ်လျှော့ပေါ့ပေးရေးကိစ္စကို အိုင်စီအာရ်စီကို ကတိပေးထားပုံရပြီး နောက်ထပ် ထောင်ဒဏ်သက်တမ်းထပ်တိုးမည့်ပုံမရဟု ဦးဝင်းတင်ကယူဆနေသည်။

ဦးဝင်းတင်သည် လောလောဆယ်တွင် သွေးတိုးရောဂါနှင့် ဆီးမထိန်းနိုင်သောရောဂါ ဆိုးရွားနေကြောင်းသိရသည်။ ဆီးချိုနှင့် နှလုံးရောဂါရှိသော ဦးဝင်းတင်သည် အူကျရောဂါ ခွဲစိတ်ကုသခံထားရသူလည်းဖြစ်သည်။ ❖

# လွတ်လပ်စွာပညာသင်ခွင့်မရှိလျှင် တိုင်းပြည်အနာဂတ် မကောင်းနိုင်ဟု ၈၈ ကျောင်းသားများဝေဖန်

လွတ်လပ်စွာပညာသင်ကြားခွင့်ကို ပိတ်ပင်နေသည့် စစ်အစိုးရ၏ပေါ်လစီသည် အနာဂတ်မြန်မာနိုင်ငံအတွက် အကျိုးဖြစ်ထွန်းမည်မဟုတ်ဟု (၈၈) မျိုးဆက်ကျောင်းသားများက ဝေဖန်လိုက်သည်။

ပညာသင်ဆုဖြင့် အမေရိကန်နိုင်ငံတွင် ကျောင်းတက်ရန်ထွက်ခွာမည့် နိုင်ငံရေးအကျဉ်းသားဟောင်း ကိုသွင်လင်းအောင်ကို မင်္ဂလာဒုံလေဆိပ်တွင် ရဲအထူးသတင်းတပ်ဖွဲ့က မတ်လ (၅) ရက်နေ့က ဖမ်းဆီးပြီးနောက်ပိုင်းတွင် ၈၈ မျိုးဆက်ကျောင်းသားများက ယခုကဲ့သို့ ဝေဖန်လိုက်ခြင်းဖြစ်သည်။

မင်းကိုနိုင် ဦးဆောင်သောအဖွဲ့၏ မတ်လ (၁၇) ရက်နေ့ နေ့စွဲဖြင့်ထုတ်ပြန်သည့် ကြေညာချက်တွင် ပြည်တွင်းပြည်ပရှိ တက္ကသိုလ်များ၊ ကျောင်းများတွင် ပညာသင်ကြားရန်အတွက် ကြိုးစားနေသော နိုင်ငံသားများကို တားမြစ်ပိတ်ပင်၊ ဖမ်းဆီးထိန်းသိမ်းခြင်းသည် လွတ်လပ်စွာ ပညာသင်ကြားခွင့်ကို ချိုးဖောက်ခြင်းဖြစ်သည်ဟု ယုံကြည်ကြောင်း၊ နိုင်ငံရေးအကျဉ်းသားများ၏ လွတ်လပ်စွာ ပညာဆည်းပူးခွင့်ကို အသိအမှတ်ပြုရန် တားမြစ်ပိတ်ပင်ကခြင်း၊ ဖမ်းဆီးထိန်းသိမ်းခြင်းမပြုရန် တပ်မတော်အစိုးရကို အလေးအနက် တောင်းဆိုကြောင်းပါရှိသည်။

ကိုသွင်လင်းအောင်သည် စက်မှုတက္ကသိုလ်ကျောင်းသားဟောင်းတဦးဖြစ်ပြီး ရန်ကုန်မြို့ရှိ အမေရိကန်စင်တာတွင် ပညာသင်ကြားပြီးနောက် အဆင့်မြင့်ပညာသင်ယူရန် အသွား၊ မင်္ဂလာဒုံလေဆိပ်တွင် အာဏာပိုင်များက ဖမ်းဆီးသွားပြီး ယခုတိုင်သတင်းပျောက်ဆုံးနေခြင်းဖြစ်သည်။

၎င်းသည် ၁၉၉၇ ခုနှစ်မှ ၂၀၀၂ ခုနှစ်အထိ ထောင်ချခံရသူဖြစ်ပြီး ထောင်မှလွတ်လာသည့်နောက်ပိုင်း နိုင်ငံရေးလှုပ်ရှားမှုများတွင် ပါဝင်ပတ်သက်ခြင်းမရှိဘဲ ပညာရေးကို သာလိုက်စားသူဖြစ်သည်ဟု (၈၈) မျိုးဆက်ကျောင်းသားများကပြောသည်။

စစ်အစိုးရက ကိုသွင်လင်းအောင်ကို မည်သည့်အကြောင်းပြချက်ဖြင့် မည်သည့်နေရာသို့ခေါ်ဆောင်သွားသည်ဟု ထုတ်ဖော်ပြောကြားခြင်းမရှိသော်လည်း အောင်သပြေစစ်ကြောရေးစခန်းတွင် ထိန်းသိမ်းခံနေရသည်ဟု လူထုအခက်အခဲကို လမ်းပေါ်ထွက်ဆန္ဒပြသဖြင့်အဖမ်းခံရပြီးမှ မကြာမီက ပြန်လည်လွတ်မြောက်လာသူ ဦးမြင့်ရွှေကပြောသည်။

နိုင်ငံသားများကို တရားမစွဲ၊ ရုံးမထုတ်ဘဲ အကြောင်းမဲ့ဖမ်းဆီးခြင်းသည် ဥပဒေကိုချိုးဖောက်ခြင်းဖြစ်သဖြင့် ကိုသွင်လင်းအောင်ကို အမြန်ဆုံးပြန်လွှတ်ပေးရန် (၈၈) မျိုးဆက်ကျောင်းသားများက တောင်းဆိုလိုက်သည်။

❖

**နောက်ဆက်တွဲ**

**ကိုသွင်လင်းအောင်ကို ယခုလ (၂) ရက်နေ့ ညနေ (၃) နာရီခန့်က အောင်သပြေစစ်ကြောရေးစခန်းမှ ပြန်လည်လွှတ်ပေးသည်။**

# လွတ်ရက်စေ့နာမည်ကြီးနိုင်ငံရေးအကျဉ်းသားနှစ်ဦးကို ထောင်ဒဏ်သက်တမ်းထပ်တိုး



မရမ်းကုန်းမြို့နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်မေဝင်းမြင့်



ကျောက်တန်းမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသန်းငြိမ်း

ဓာတ်ပုံ – အေအက်ဖ်ပီ

ဖေဖော်ဝါရီ (၂၁)

စစ်အစိုးရ၏ (၁၀) နှစ်ကျော် မတရားဖမ်းဆီးခြင်းခံထားရသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်မေဝင်းမြင့်နှင့် ဒေါက်တာသန်းငြိမ်းတို့ကို စစ်အာဏာပိုင်များက ထောင်ဒဏ် (၁) နှစ်စီ တိုးလိုက်ကြောင်းသိရသည်။

အီးယူအပါအဝင် နိုင်ငံတကာမှ နိုင်ငံရေးအကျဉ်းသားအားလုံး ပြန်လွှတ်ပေးရန် ဖိအားပေးတောင်းဆိုနေချိန်တွင် စစ်အစိုးရမှ မထေမဲ့မြင်ပြုကာ ယခုကဲ့သို့ တိုးမြှင့်လိုက်ခြင်းဖြစ်သည်။ အသက် (၅၇) နှစ် ရှိပြီဖြစ်သော ဒေါက်တာဒေါ်မေဝင်းမြင့်ကို လွန်ခဲ့သည့်လ (၃၁) ရက်နေ့က ထောင်ဒဏ် (၁) နှစ် ထပ်တိုးခဲ့သည်။

ဒေါ်မေဝင်းမြင့်သည် မရမ်းကုန်းမြို့နယ် အမှတ် (၂) မဲဆန္ဒနယ်မြေမှ လွှတ်တော်ကိုယ်စားလှယ်တဦးဖြစ်ပြီး မရမ်းကုန်းမြို့နယ်မှလူငယ်များနှင့် ဒေါ်အောင်ဆန်းစုကြည်ကို တွေ့ဆုံနိုင်ရန်စီစဉ်ပေးမှုဖြင့် (၁၉၉၇) ခုနှစ်တွင်ဖမ်းဆီးခံရပြီး ထောင်ဒဏ် (၇) နှစ်ချမှတ်ခံရသည်။

သို့သော် ထောင်သက်စေ့သော ၂၀၀၄ ခုနှစ်တွင် လွှတ်ပေးခြင်းမရှိပဲ ပုဒ်မ (၁၀/က) ဖြင့် ထပ်မံစွဲဆိုပြီး အကြိမ်ကြိမ်သက်တမ်းတိုးလာရာ ယခုဆိုလျှင် ထောင်သက် (၁၀) နှစ်ကျော်ခဲ့ပြီဖြစ်သည်။ ဒေါ်မေဝင်းမြင့်သည် ထောင်သက်ရှည်လာသည်နှင့်အမျှ ကျန်းမာရေးလည်း ဆိုးဝါးလာကာ နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ ကျည်းပေါင်းတက်ရောဂါတို့ကို ပိုမိုခံစားနေရကြောင်းသိရသည်။

အလားတူ လွတ်ရက်စေ့နေသော ဒေါက်တာသန်းငြိမ်းကိုလည်း အာဏာပိုင်များကပြန်လွှတ်ပေးမည်ဟုပြောပြီးမှ ပြန်လွှတ်မပေးဘဲ ပြီးခဲ့သည့်လ (၁၈) ရက်နေ့က ပုဒ်မ (၁၀/က) ဖြင့် နောက်ထပ်ထောင်ဒဏ်တနှစ်တိုးလိုက်သည်။

ဒေါက်တာသန်းငြိမ်း၏ဇနီးသည် ဒေါ်ခင်အေးက "(၁၆) ရက်နေ့မနက်က ထောက်လှမ်းရေးက (၁၇) ရက်နေ့ကို လွှတ်ပေးမယ်ဆိုပြီး ပြောတယ်။ (၁၇) ရက်နေ့ မနက်ကျတော့ သူတို့ မနေ့ကပြောခဲ့တဲ့ကိစ္စကို Cancel လုပ်ပါတယ်။ (၁၈) ရက်နေ့ မနက်မှာ ထပ်ပြီးအသိပေးပါမယ်ပြောပါတယ်။ အဲဒီနေ့မနက် (၉) နာရီလောက် အန်တီအရှေ့မှာစောင့်နေတယ်။ နောက်ထပ် (၁) နှစ်ထပ်တိုးပါတယ်လို့ လာပြောပါတယ်။ အန်တီမြင်တာကတော့ ဦးဝင်းတင်တုန်းကလို အပေါက်ဝခေါ်လာပြီးမှ ပြန်ပို့တာလိုမျိုး လုပ်တယ်လို့ထင်တာပဲလေ။ အန်တီကတော့ အစကတည်းက အပြစ်မရှိဘဲနဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကလူတယောက်ကို ထောင်ထဲမှာထည့်ထားချင်လို့ ထောင်ချတာပဲလို့ မြင်ထားတယ်။ အခုတခါထပ်ပြီးတော့ တိုးတိုးနေတာ အခုဆို (၆) ခါရှိပြီ၊ ရက် (၆၀) က (၃) ခါ၊ (၁) နှစ်က (၃) ခါ"ဟု ဒီဗွီဘီသို့ ပြောသည်။

အသက် (၆၉) နှစ်ရှိပြီဖြစ်သော ဒေါက်တာသန်းငြိမ်းသည် ရန်ကုန်တိုင်း ကျောက်တန်းမြို့နယ် အဖွဲ့ချုပ်လွှတ်တော်ကိုယ်စားလှယ်ဖြစ်ပြီး ဒေါက်တာဒေါ်မေဝင်းမြင့်ကဲ့သို့ မရမ်းကုန်းမြို့နယ်တွင် ဒေါ်အောင်ဆန်းစုကြည်၏ဟောပြောပွဲ စီစဉ်ပေးမှုဖြင့် ၁၉၉၇ က ဖမ်းဆီးခံရကာ ထောင်ဒဏ် (၇) နှစ်ချမှတ်ခံခဲ့ရသည်။

၎င်းသည် ယင်းသို့ထောင်ဒဏ်တိုးမြှင့်ခြင်းကို မကျေနပ်သောကြောင့် အစာငတ်ခံဆန္ဒပြခဲ့မှုကြောင့် အင်းစိန်ထောင်မှ သာယာဝတီထောင်သို့ ပြောင်းရွှေ့ခံခဲ့ရသည်။ ထိုမှတဆင့် သာယာဝတီ၊ ပေါင်းတည်နှင့် ယခုနောက်ဆုံး ပြည်ထောင်တွင်ကျခံနေရသည်။

ဒေါက်တာသန်းငြိမ်းသည် ကျန်းမာရေးလည်းဆိုးဝါးနေကာ သွေးတိုး၊ နှလုံး၊ ဆီးကျိတ်၊ အစာအိမ်ရောဂါများခံစားနေရသဖြင့် ယင်းရောဂါများကို ရန်ကုန်တွင် အထူးကုဆရာဝန်ကြီးများနှင့် ကုသခွင့်ပြုရန် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ စာရေးတောင်းဆိုခဲ့သော်လည်း မရရှိခဲ့ဟုသိရသည်။ ❖

# နော်အုန်းလှအမှု မြို့နယ်မှ ခရိုင်တရားရုံးတက်

ရန်ကုန်အခြေစိုက် ဂျာနယ်အစောင် (၃၀) ကို အသရေဖျက်မှုဖြင့် တရားစွဲဆိုသည့်အမှုကို တရားလို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင်ဟောင်း နော်အုန်းလှက ရန်ကုန်တိုင်း အနောက်ပိုင်းခရိုင်တရားရုံးသို့ မတ်လ (၁၅) ရက်နေ့က ဦးတိုက်လျှောက်ထားလိုက်သည်။

ပုဂ္ဂိုလ်ရေးရိုင်းစိုင်းစွာ တိုက်ခိုက်ရေးသားထားသည့် ရန်ရန်၏ "မသူတော် အချင်းချင်း သတင်းလေ့လေ့"ဆောင်းပါး ထည့်သွင်းမှုဖြင့် ရန်ကုန်ထုတ်ဂျာနယ်များမှ ထုတ်ဝေသူနှင့် အယ်ဒီတာ (၁၂၂) ဦးကို နော်အုန်းလှက ပြီးခဲ့သည် ဇန်နဝါရီလ (၂၆) ရက်နေ့ကတည်းက စမ်းချောင်းမြို့နယ်တရားရုံးတွင် စတင်အမှုဖွင့် တရားစွဲခဲ့ခြင်းဖြစ်ပြီး တရားရုံးက အမှုကိုရက်ချိန်းရွှေ့ဆိုင်းကာ မတ်လ (၉) ရက်နေ့တွင် ပယ်ချခဲ့ခြင်းဖြစ်သည်။

ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်ရေး အင်္ဂါနေ့ဆုတောင်းပွဲများကို ဦးဆောင်နေသော နော်အုန်းလှက ဆောင်းပါးပါ ဖော်ပြချက်များသည် မတရားသဖြင့် စွပ်စွဲခံထားရခြင်းဖြစ်၍ ခရိုင်၊ တိုင်းနှင့် ဗဟိုတရားရုံးချုပ်အထိ အဆင့်ဆင့်တက်ကာ တရားဥပဒေကြောင်းအရ ရသင့်ရထိုက်သည့်အခွင့်အရေးအတိုင်း ဆက်လက်တင်ပြတောင်းဆိုသွားမည်ဟု ပြောသည်။

ရန်ရန်၏ဆောင်းပါးတွင် နော်အုန်းလှကို "မိုက်လုံးကြီးနေသူ မှော်ဘီသူမနော်"၊ ပါတီဝင်မိတ်ဆွေများအိမ်တွင် လိုက်လံခိုစားနေသူ"၊ စမ်းချောင်း သံတံတားရပ်ကွက်တွင်သောင်တင်ရာမှ သံတံတား မပုဖြစ်နေသူ" စသည်ဖြင့် ရိုင်းရိုင်းပျပျရေး သားထားသည်။

ရန်ကုန်အခြေစိုက် မဂ္ဂဇင်းအယ်ဒီတာတဦးက အဆိုပါဆောင်းပါးကို မိမိတို့သဘောဆန္ဒအရ ထည့်ခဲ့ခြင်းမဟုတ်ဘဲ ပြန်ကြားရေးဌာနက မထည့်မနေရ ထည့်ခိုင်း၍ထည့်ရခြင်းဖြစ်ကြောင်း တရားရုံးတွင်လည်း အမှန်အတိုင်းထွက်ဆိုမည်ဖြစ်ကြောင်း ပြောသည်။

❖

# သံလွင်မြစ်ပေါ်က ရေကာတာစီမံကိန်းများကို ဒေသခံပြည်သူများကန့်ကွက်ဆန္ဒပြ


ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် သံလွင်ရေကာတာစီမံကိန်းကို ကန့်ကွက်ဆန္ဒပြနေသူများ

မတ်လ (၁၄)

သံလွင်မြစ်အနီး မှီခိုနေထိုင်သော ရွာသူရွာသား (၅၀၀) ခန့်သည် သံလွင်မြစ်ပေါ်တွင်တည်ဆောက်မည့် သံလွင်ရေကာတာတည်ဆောက်မည့်အစီအစဉ်ကြောင့် ၎င်းတို့၏ နေ့စဉ်ဘဝများ ထိခိုက်လာမည်ကိုစိုးရိမ်သဖြင့် သံလွင်မြစ်ကမ်းပါး၌ ယနေ့ဆန္ဒပြကြသည်။

တလအတွင်း ဒုတိယအကြိမ်ဖြစ်ပွားသော သံလွင်ရေကာတာဆန့်ကျင်ရေး ဆန္ဒပြပွဲတွင် ထိုင်း–မြန်မာနယ်စပ်တလျှောက် နေထိုင်ကြသော ကရင်၊ ကရင်နီပြည်သူလူထု (၅၀၀) ခန့်လာရောက်စုရုံးခဲ့ကြသည်။ ဖေဖော်ဝါရီ (၂၈) ရက်နေ့ကလည်း သံလွင်မြစ်ပေါ်က ရေကာတာစီမံကိန်းဆန့်ကျင်သူများသည် ဩစတြေးလျ၊ ကနေဒါ၊ ဂျပန်၊ ထိုင်းစသော ကမ္ဘာ့နိုင်ငံပေါင်း (၁၃) နိုင်ငံရှိမြို့ကြီး (၁၇) မြို့တွင် ဆန္ဒပြပွဲများ တပြိုင်တည်းပြုလုပ်ခဲ့သည်။

ဒေသခံတိုင်းရင်းသားများပါဝင်သော ယနေ့ဆန္ဒပြပွဲကို အဓိကစီစဉ်သူ ကရင်မြစ်ချောင်းများ စောင့်ရှောက်ရေးအဖွဲ့မှ စောကရင်းက သံလွင်ရေကာတာကြောင့် လူထောင်သောင်းချီ အိမ်မဲ့ယာမဲ့ ဖြစ်မည်ဟုဆိုသည်။ စီမံကိန်းကြောင့် ဒေသတွင်း၌ လူ့အခွင့်အရေးချိုးဖောက်မှုများ ပိုများလာနိုင်သဖြင့်ရပ်တန့်ပေးရန် တောင်းဆိုရခြင်းဖြစ်သည်ဟု ဆန္ဒပြပွဲတွင်ပါဝင်သူများက ပြောသည်။

ထိုင်းနှင့် မြန်မာအစိုးရတို့သည် သံလွင်မြစ်မှ ရေအားလျှပ်စစ်ထုတ်ယူရန်အတွက် မြန်မာနိုင်ငံဘက်အခြမ်းတွင် တာဆန်း၊ ဝဲကြီး၊ ဟတ်ကြီးနှင့် ဒါးဂွင်ရေကာတာတို့ကို တည်ဆောက်ရန်သဘောတူထားသည်။

ကရင်ပြည်နယ်အထက်ပိုင်းတွင် တည်ဆောက်မည့် ဝဲကြီးရေကာတာကြောင့် ကယားပြည်နယ်အတွင်း မြေဧရိယာစတုရန်းကီလိုမီတာ (၆၀၀) ကျော် ရေလွှမ်းမိုးခံရမည်ဟု ကရင်နီဖွံ့ဖြိုးရေးသုတေသနအဖွဲ့၏ နောက်ဆုံးစစ်တမ်းကဆိုသည်။

အဖွဲ့၏ပြောရေးဆိုခွင့်ရှိသူ ကိုအောင်ငဲက ''ဝဲကြီးရေကာတာဖြစ်လာမယ်ဆိုရင် လူဦးရေ (၃) သောင်းလောက်က ရေကြီးမှုကို တိုက်ရိုက်ခံရမှာဖြစ်တယ်။ အများအားဖြင့်က ဘော်လခဲ၊ ဖားဆောင်း၊ အဲဒီရွာတွေ အားလုံး ရေအောက်မြုပ်သွားမှာဖြစ်တယ်။ ရွာပေါင်း အားလုံး (၂၈) ရွာရှိတယ်။ လူဦးရေ (၃) သောင်းထဲမှာ လူဦးရေ (၁,၀၀၀) လောက်ပဲကျန်မယ်။ လူနည်းစုတစုဟာ သူတို့နေထိုင်တဲ့နယ်မြေ၊ နောက်ဆုံး သူတို့လူမျိုးတောင်မှ ပျောက်သွားနိုင်တဲ့အနေအထားမျိုးမှာရှိတယ်''ဟု ဆိုသည်။

ကရင်နီသုတေသနအဖွဲ့၏ ထုတ်ပြန်ချက်တွင် ရေကာတာတည်ဆောက်မည့် ဒေသတဝိုက်ထောင်ထားသော မြေမြှုပ်မိုင်းများကြောင့် ယမန်နှစ်က အရပ်သား (၁၀) ယောက်သေဆုံးခဲ့ပြီး ယခုနှစ် မတ်လတလတည်းတွင် နောက်ထပ်အရပ်သား (၂) ယောက် သေဆုံးခဲ့ရကြောင်းပါရှိသည်။

ဒေသတွင်းဒုက္ခသည်နှင့် လူ့အခွင့်အရေးချိုးဖောက်မှုများတိုးများလာမည့်အရေးကို လူ့အခွင့်အရေးအဖွဲ့များက စိုးရိမ်နေသော်လည်း ထိုင်းအစိုးရနှင့် မြန်မာစစ်အုပ်စုတို့သည် သံလွင်မြစ်ပေါ်က ဟတ်ကြီးရေကာတာတည်ဆောက်ရေးကို ယခုနှစ်အတွင်း စတင်အကောင်အထည်ဖော်ရန် ၂၀၀၆ ခုနှစ်၊ နှစ်ကုန်ပိုင်းက ထပ်မံသဘောတူထားကြသည်။ ❖

# အိုင်စီအာရ်စီလုပ်ငန်းများ မြန်မာပြည်တွင် ရပ်ဆိုင်းလုမတတ်ဖြစ်နေ


မြန်မာပြည်တွင် ရပ်ဆိုင်းလုမတတ်ဖြစ်နေသော အိုင်စီအာရ်စီရုံးခွဲတခု

မတ်လ (၁၆)၊

စစ်အစိုးရ၏ တင်းကြပ်သောကန့်သတ်မှုများကြောင့် မော်လမြိုင်နှင့် ကျိုင်းတုံမြို့များတွင်ဖွင့်လှစ်ထားသော အိုင်စီအာရ်စီရုံးခွဲနှစ်ခုကိုပိတ်လိုက်ရကြောင်း အိုင်စီအာရ်စီက အတည်ပြုသည်။

ဆွစ်ဇာလန်နိုင်ငံအခြေစိုက် အိုင်စီအာရ်စီအဖွဲ့၏ညွှန်ကြားရေးမှူး Pierre Kraehenbuehl က ''မြန်မာပြည်ရှိ အိုင်စီအာရ်စီ၏လုပ်ငန်းများသည် ယခုအခါ ရပ်ဆိုင်းလုမတတ်ဖြစ်နေသည်''ဟု ပြောသည်။

အိုင်စီအာရ်စီအရာရှိများနှင့် စစ်အစိုးရ ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၏ မကြာသေးခင်က ဆွေးနွေးမှုများသည် တိုးတက်မှုမရှိကြောင်း၊ အိုင်စီအာရ်စီဝန်ထမ်းများ၏ လွတ်လပ်စွာခရီးသွားခွင့်၊ နယ်စပ်ဒေသများတွင် လူသားချင်းစာနာသည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အကောင်အထည်ဖော်ခွင့်၊ အကျဉ်းသားများနှင့် တွေ့ဆုံခွင့် စသော ပုံမှန်လိုအပ်ချက်များသည် ဆက်လက်ကန့်သတ်ခံနေရကြောင်း အိုင်စီအာရ်စီက ယမန်နေ့က ထုတ်ပြန်ကြေညာသည်။

''မြန်မာပြည် အခြားဒေသများရှိ ရုံးခွဲများ ဆက်လက်ဖွင့်လှစ်မည့်ကိစ္စကိုလည်း အိုင်စီအာရ်စီက ပြန်လည်စဉ်းစားနေသည်'' ဟုလည်းကြေညာချက်တွင် ဖော်ပြထားသည်။

အိုင်စီအာရ်စီသည် အကျဉ်းထောင်များသို့ သွားရောက်ကြည့်ရှုသည့်အစီအစဉ်ကို ကမ္ဘာ့နိုင်ငံအတော်များများတွင် လုပ်ဆောင်သည့်နည်းတူ မြန်မာပြည်တွင်လည်း လုပ်ဆောင်ခဲ့သည်။ ၂၀၀၅ ခုနှစ်တွင် စစ်အစိုးရက အိုင်စီအာရ်စီ၏ ထောင်ခရီးစဉ်များတွင် ကြံ့ဖွတ်အဖွဲ့များ လိုက်လံစောင့်ကြည့်မည်ဟု ကန့်သတ်ခဲ့ရာမှ အိုင်စီအာရ်စီ၏ မူလအစီအစဉ်များရပ်တန့်နေသည်မှာ ယခုတိုင်ဖြစ်သည်။

မြန်မာပြည်တွင် လုပ်ငန်းများအကောင်အထည်ဖော်ခွင့်မရသဖြင့် အိုင်စီအာရ်စီသည် ယမန်နှစ်မှစ၍ မြန်မာပြည်ရှိ ဝန်ထမ်းအရေအတွက်ကို (၅၆) ယောက်မှ (၁၆) ယောက်သို့ လျှော့ချလိုက်သည်။ ❖

# အဓမ္မလုပ်အားပေးခိုင်းစေခြင်းခံရလျှင် ရန်ကုန်အိုင်အယ်လ်အိုရုံးသို့ တိုင်ကြားနိုင်

ဖေဖော်ဝါရီ (၂၇)

မြန်မာပြည်တွင်း ဒေသအသီးသီးတွင်ဖြစ်ပွားနေသော အဓမ္မအလုပ်ခိုင်းစေမှုနှင့်ပတ်သက်ပြီး လွတ်လပ်စွာတိုင်ကြားခွင့်ပြုရန်နှင့် တိုင်ကြားသူများကို အကာအကွယ်ပေးနိုင်မည့်လုပ်ငန်းစဉ်တခု ချမှတ်အကောင်အထည်ဖော်ရန် နအဖစစ်အစိုးရနှင့် သဘောတူညီချက်ရရှိလိုက်ပြီဖြစ်ကြောင်း အပြည်ပြည်ဆိုင်ရာ ကမ္ဘာ့အလုပ်သမားအဖွဲ့ချုပ် (အိုင်အယ်လ်အို) က ယခုလ (၂၆) ရက်နေ့က ကြေညာချက်ထုတ်ပြန်လိုက်သည်။

ထိုသဘောတူညီချက်အရ အဓမ္မခိုင်းစေခံရသူများသည် ရန်ကုန်မြို့ရှိ အိုင်အယ်လ်အိုရုံးခွဲသို့ လွတ်လပ်စွာတိုင်ကြားနိုင်ပြီး ယင်းတိုင်ကြားချက်ကို ပဏာမစစ်ဆေးသုံးသပ်ပြီး ယင်းရုံးမှ ဆက်သွယ်ရေးအရာရှိက တိုက်ရိုက်ကိုင်တွယ်ဖြေရှင်းသွားမည်ဟု သိရသည်။

ထို့အပြင် တိုင်ကြားသူများကို ဖမ်းဆီးအရေးယူခြင်းများ မပြုလုပ်နိုင်အောင် တိကျသော လုပ်ငန်းစဉ်တရပ်ချမှတ်ပြီး အကာအကွယ်ပေးသွားမည်ဟုလည်း ယင်းကြေညာချက်တွင် ဖော်ပြထားသည်။

ယင်းကိစ္စနှင့်ပတ်သက်ပြီး ဂျနီဗာရုံးချုပ်ရှိ အိုင်အယ်လ်အို အကြံပေးအရာရှိ ဖရန်းစစ်မော်ဖင် (Fransis Maupin) က ''ဒီလုပ်ငန်းစဉ်အပေါ် သဘောတူညီချက်ရဖို့အတွက် ၂၀၀၁ ခုနှစ်ကတည်းက ကျနော်တို့ကြိုးစားခဲ့ပါတယ်။ ဒီဆုံးဖြတ်ချက်အရ အဓမ္မခိုင်းစေခံရသူဟာ သူ့ရဲ့တိုင်ကြားစာကို ရန်ကုန်မှာရှိတဲ့ အိုင်အယ်လ်အိုရုံးထံ ပေးပို့ရပါမယ်။ ဒီတိုင်ကြားချက်ကို ကျနော်တို့ရဲ့ဆက်သွယ်ရေးအရာရှိက အရင်ဆုံး လေ့လာဆန်းစစ်ပါလိမ့်မယ်။ ဒါကြောင့် ကျနော်တို့ရဲ့ ဆက်သွယ်ရေးအရာရှိကို လွတ်လပ်စွာ ခရီးသွားလာခွင့်၊ တိုင်ကြားသူတွေနဲ့ လွတ်လပ်စွာတွေ့ဆုံခွင့်ပေးဖို့ အစိုးရဘက်က အာမခံထားပြီးပါပြီ။ လောလောဆယ်တော့ သဘောတူညီချက် (၁) နှစ် ရရှိထားပါတယ်။ အဓမ္မခိုင်းစေခံရသူဟာ အိုင်အယ်လ်အိုကို လျှို့ဝှက်စွာတိုင်ကြားနိုင်ပါတယ်။ အိုင်အယ်လ်အိုကလည်း ဒါကို ထိန်းသိမ်းလေ့လာဆန်းစစ်ပြီး ဒီကိစ္စအပေါ် အရေးယူဖြေရှင်းပေးဖို့ အာဏာပိုင်တွေကို တောင်းဆိုမှာပါ။ အခု သဘောတူညီချက်မှာ အစိုးရဘက်က တရားဝင်အာမခံမှုတွေ ပါပါတယ်။ လက်တွေ့မှာ ဘယ်လောက်လိုက်နာမယ်ဆိုတာကိုတော့ ကျနော်တို့ စောင့်ကြည့်ရမှာဖြစ်ပါတယ်''ဟု ပြောကြားသည်။

ရန်ကုန်မြို့ရှိ အိုင်အယ်လ်အိုရုံး ဆက်သွယ်ရေးတာဝန်ခံ ရစ်ချတ်ဟိုဆေး (Richard Horsey) က ''အလွန်ကောင်းတဲ့ တိုးတက်မှုပါ။ ဒီသဘောတူညီချက်ဟာ အလွန်အရေးကြီးတဲ့ အပြုသဘောဆောင်တဲ့ အချက်က မြန်မာအစိုးရနဲ့ အချိန်အတော်ကြာ စေ့စပ်ဆွေးနွေးပြီးတော့မှ ရရှိလိုက်တဲ့ သဘောတူညီချက်ဖြစ်တယ်။ ဒါဟာ အဓမ္မလုပ်အားပေးရသူတွေအတွက်လည်း တိုင်တန်းဖို့နေရာနဲ့ တိုင်လို့အရေးယူမခံရဘူးဆိုတဲ့အာမခံချက်ကို ပထမအကြိမ်ရရှိတာပါ။ စမ်းသပ် ကာလ (၁) နှစ်ကုန်သွားလို့ နှစ်ဖက်သဘောတူရင်တော့ သက်တမ်းတိုးနိုင်ပါတယ်။ ဒီသဘောတူညီချက်အရ အဓမ္မခိုင်းစေခံရသူတွေက ရန်ကုန်အိုင်အယ်လ်အို ဆက်သွယ်ရေးရုံးမှာ တိုင်တန်းနိုင်တော့မှာဖြစ်ပါတယ်။ အဲဒီလိုလာတိုင်လို့ အရေးမယူဘူးဆိုတာ ဒီသဘောတူညီချက်မှာ ထည့်သွင်းဖော်ပြထားပါတယ်''ဟု ပြောဆိုသည်။

ပဲခူးမြို့မှ ရှေ့နေကြီးဦးအေးမြင့်က ''တိုင်တာကိုအရေးမယူပါဘူး။ အိုင်အယ်လ်အိုက ရစ်ချတ်ဟိုဆေးကိုလည်း လွတ်လွတ်လပ်လပ်သွားပိုင်ခွင့်ပြုတယ်ဆိုတာဟာ ဝမ်းမြောက်ဝမ်းသာနဲ့ကြိုဆိုပါတယ်။ အခု အိုင်အယ်လ်အိုနဲ့ သဘောတူလိုက်တယ်။ ပြည်သူလူထုကအောက်ခြေတွေ လူပါးဝနေတယ်ဆိုတာ တိုင်နိုင်တယ်ဆိုရင် တန်ဖိုးရှိတဲ့လုပ်ရပ်လို့ ယူဆတယ်''ဟု ဒီဗွီဘီသို့ ပြောကြားခဲ့သည်။

လာမည့်မတ်လအတွင်း မြန်မာနိုင်ငံမှ အဓမ္မခိုင်းစေမှုကိစ္စ နိုင်ငံတကာတရားရုံးသို့တင်ရန် အိုင်အယ်လ်အိုမှစီစဉ်တော့မည့် အချိန်အတွင်း ယင်းသဘောတူညီချက်ပေါ်ထွက်လာခြင်းဖြစ်သည်။

စစ်အစိုးရအနေနှင့် အဓမ္မခိုင်းစေမှုများကို ဆက်ပြီးလုပ်ဆောင်နေလျှင် နယ်သာလန်နိုင်ငံရှိ အပြည်ပြည်ဆိုင်ရာတရားရုံးတွင် အရေးယူခြင်းခံရမည်ဟု အိုင်အယ်လ်အိုက ယခင်နှစ် နိုဝင်ဘာလအတွင်းက သတိပေးခဲ့သည်။

ထို့အပြင် အိုင်အယ်အိုအဖွဲ့ဝင်နိုင်ငံများထဲတွင် မြန်မာနိုင်ငံသည် အဓမ္မလုပ်အားပေးခိုင်းစေမှုများ ဆိုးဝါးစွာဖြစ်ပေါ်နေသော နိုင်ငံဖြစ်ပြီး အထူးသဖြင့် တိုင်းရင်းသားလက်နက်ကိုင်များနှင့် ပဋိပက္ခဖြစ်ပွားသောနေရာများတွင် အဆိုပါ အဓမ္မခိုင်းစေမှုများ ဆိုးဝါးစွာရှိနေဆဲဖြစ်သည်ဟု ထောက်ပြထားသည်။

ထိုလုပ်ငန်းများတွင် နအဖအာဏာပိုင်များ ပါဝင်ပတ်သက်နေကြောင်းကိုလည်း ထောက်ပြထားသည်။ အိုင်အယ်လ်အိုသို့ တိုင်တန်းခဲ့သောကြောင့် ရန်ကုန်တိုင်း ကော့မှူးမြို့နယ်မှ ထန်းမနိုင်ရွာသူ မစုစုနွေးနှင့် ပဲခူးမြို့မှ ရှေ့နေကြီးဦးအေးမြင့်တို့ကို စစ်အစိုးရအာဏာပိုင်များက မတရားအပြစ်ရှာ ဖမ်းဆီးထောင်ချခဲ့သည်။ ❖



# ကြက်ငှက်တုပ်ကွေးရောဂါ မြန်မာပြည်တွင်အလျင်အမြန်ပျံ့နှံ့



ရန်ကုန်မြို့နယ်အတွင်းရှိ ကြက်မွေးမြူရေးခြံတခုအတွင်းမှ သားစားကြက်များ

မတ်လ (၂၂)

မြန်မာပြည်တွင် ကြပ်ငှက်တုပ်ကွေးရောဂါ အလျင်အမြန်ပျံ့နှံ့လျက်ရှိရာ ယခုအချိန်အထိ ရောဂါကူးစက်ခံရသဖြင့် သုတ်သင်ပစ်လိုက်ရသော ကြက်ငှက်ကောင်ရေ (၃၈,၀၀၀) ရှိနေပြီဟု ယမန့်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ဖော်ပြထားသည်။

မြန်မာပြည်၌ ကြက်ငှက်တုပ်ကွေးရောဂါတွေ့ရှိကြောင်း ဒုတိအကြိမ်ကြေညာသော လွန်ခဲ့သော သုံးပတ်အတွင်း ရန်ကုန်မြို့အနီးတဝိုက်မြို့နယ် (၅) မြို့နယ်သို့ ကြက်ငှက်တုပ်ကွေးရောဂါပျံ့နှံ့ခဲ့သည်။

"ကြိုတင်ပြင်ဆင်မှုများနှင့် နယ်မြေကန့်သတ်ခြင်းဖြင့် ရောဂါပျံ့နှံ့မှုကို သတ်မှတ်ထိန်းချုပ်ထားသော်လည်း နောက်ထပ်ကူးစက်မှုအသစ်များဖြစ်နိုင်သည်"ဟု နအဖအာဘော်မြန်မာ့အလင်းသတင်းစာတွင် ထူးထူးခြားခြား သတိပေးထားသည်။

ဖေဖော်ဝါရီ (၂၆) ရက်နေ့က ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်အတွင်းရှိ မွေးမြူရေးခြံတခုအတွင်းမှ ရောဂါပိုးကူးစက်ခံရသည်ဟု မသင်္ကာသောကြက်ငှက်များ စတင်တွေ့ရှိခဲ့ပြီး (၂၈) ရက်နေ့တွင် လူ့အသက်ကိုပါ အန္တရာယ်ပေးနိုင်သော H5N1 ဗိုင်းရပ်စ်အဖြစ် ကုလသမဂ္ဂ စားနပ်ရိက္ခာအဖွဲ့အစည်းကြီးက စစ်ဆေးအတည်ပြုပေးခဲ့သည်။

ရောဂါပိုးကို စတင်အတည်ပြုပြီး နောက်ပိုင်းရက်များတွင် ရန်ကုန်မြို့ သင်္ကန်းကျွန်း၊ အင်းစိန်နှင့် လှိုင်သာယာမြို့နယ်များတွင်လည်းအလားတူ ကူးစက်မှုများ တွေ့ရှိခဲ့ရာ နအဖသတင်းစာများတွင်လည်း ကြက်ငှက်သေဆုံးမှုစာရင်းနှင့် ဖြစ်ပွားမှုအခြေအနေများကို နေ့စဉ်ဖော်ပြလာသည်ကို ထူးထူးခြားခြားတွေ့လာရသည်။

မြန်မာပြည်တွင် ကြက်ငှက်တုပ်ကွေးဖြစ်ပွားမှုသည် ယခုတကြိမ်သည် ဒုတိယအကြိမ်ဖြစ်ပြီး ၂၀၀၆ မတ်လအတွင်းက မန္တလေးအနီး ကြက်မွေးမြူရေးခြံများမှ ကြက်ငှက်ကောင်ရေ သောင်းချီသုတ်သင်ခဲ့ရသေးသည်။ သို့သော် ကြက်ငှက်တုပ်ကွေးရောဂါကင်းစင်ကြောင်းကို ၂၀၀၆ စက်တင်ဘာလက ကြေငြာထားသည်။

လွန်ခဲ့သော စနေနေ့က ရန်ကုန်မြို့မြောက်ဘက် နအဖ၏အမျိုးသားညီလာခံကျင်းပရာ မှော်ဘီမြို့နယ်၊ ညောင်နှစ်ပင်အနီးရှိ ကြက်ခြံတခြံတွင် (၁,၆၄၅) ကောင်ရုတ်တရက်သေဆုံးသွားသည်ကို တွေ့ရှိရပြီးနောက် အဆိုပါကြက်ခြံနှင့်အနီးတဝိုက်မှ နောက်ထပ်ကြက် (၂၀,၇၀၀) ကောင်ကို သုတ်သင်ပစ်လိုက်ရသည်ဟု မြန်မာ့အလင်းသတင်းစာကရေးသည်။

လွန်ခဲ့သောရက်များအတွင်း တောကျိုးကန်းနှင့်စာကလေးကို အပြစ်ဖို့သော မြန်မာအလင်းသတင်းစာက ယခုတကြိမ် ရောဂါပျံ့နှံ့မှုသည် လူနှင့်တိရိစ္ဆာန်များ၏ ကူးလူးဆက်ဆံမှုကြောင့်ဖြစ်ရသည်ဟု ဖော်ပြပြန်သည်။ ထို့ကြောင့် ရောဂါဖြစ်သောနေရာနှင့် (၄) မိုင်ဝန်းကျင်တွင် ကြက်နှင့်ကြက်သားမှထုတ်လုပ်သော စားကုန်များ ရောင်းဝယ်ဖောက်ကားခြင်းများ တားမြစ်ထားသည်ဟု မြန်မာ့အလင်းသတင်းစာကရေးသည်။

အစဉ်အလာအားဖြင့် ၎င်းတို့မလိုလားလျှင် သတင်းများကိုထိမ်ချန်လေ့ရှိသော စစ်အစိုးရသည် ယခုနောက်ဆုံး ကြက်ငှက်တုပ်ကွေးရောဂါနှင့်ပတ်သက်၍ မြန်မြန်ထက်ထက်သတင်းထုတ်ပြန်ကာ အရေးယူမှုများပြုလုပ်ခဲ့သဖြင့် ကုလသမဂ္ဂစားနပ်ရိက္ခာအဖွဲ့အစည်းကြီးကချီးကျူးလိုက်ပြီး ရောဂါတိုက်ဖျက်ရေးအတွက် အမေရိကန်ဒေါ်လာ (၁) သန်းခွဲနီးပါး ထောက်ပံ့သည်။

မြန်မာပြည်သူလူထုအပေါ် စစ်အုပ်စုကကျူးလွန်သော လူ့အခွင့်အရေးချိုးဖောက်မှုမှတ်တမ်းများနှင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးတွင် ပျက်ကွက်မှုများကြောင့် စစ်အစိုးရကို တိုက်ရိုက်အကျိုးပြုမည့် အကူအညီများကို အတန်ကြာကတည်းက ဖြတ်တောက်ထားသော အမေရိကန်ပြည်ထောင်စုကလည်း မြန်မာပြည် ကြက်မွေးမြူရေးခြံများတွင် ကြက်ငှက်တုပ်ကွေးဗိုင်းရပ်စ်ပိုး (H5N1) ပြန်လည်တွေ့ရှိကြောင်း ကြေညာအပြီးတွင် အမေရိကန်ဒေါ်လာ (၆) သိန်းတန်ဖိုးရှိသော ကာကွယ်ရေးအထောက်အကူပစ္စည်းများ ထောက်ပံ့မည်ဖြစ်ကြောင်း ကြေညာသည်။

ကြက်ငှက်တုပ်ကွေးဗိုင်းရပ်စ် (အိတ်ချ်ဖိုက်အဲန်ဝမ်း) ကြောင့် ကမ္ဘာတဝှမ်းသေဆုံးသူဦးရေသည် ၂၀၀၃ ခုနှစ်မှ ယခုအထိ (၁၆၈) ဦးရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးကအစီရင်ခံသည်။ ထိုင်းနိုင်ငံတွင် လူ (၂၅) ဦးသို့ရောဂါကူးစက်ရာ (၁၇) ဦးသေဆုံးခဲ့သည်။ အလားတူ မြန်မာနှင့်အိမ်နီးချင်း လာအိုနိုင်ငံတွင်လည်း လူသို့ကူးစက်သော အထောက်အထားသစ်များ တွေ့ရှိနေကြောင်း သိရသည်။

ကြက်တုပ်ကွေးရောဂါသည် ဆေးသိပ္ပံလောကတွင် ထိန်းချုပ်ရန်ခက်ခဲသော ရောဂါတရပ်အဖြစ် ဆက်ရှိနေပြီး လူသို့ကူးစက်မှုတိုးပွားလာလျှင် ကမ္ဘာတဝှမ်း သန်းချီသေဆုံးမည့်အန္တရာယ်ကို ကျွမ်းကျင်သူများက စိုးရိမ်နေကြသည်။ ❖

# မြန်မာပြည်စီးပွားရေးအချိန်မရွေးပြိုကျနိုင်သည် အာရှဖွံ့ဖြိုးရေးဘဏ် (အေဒီဘီ) သတိပေး

မြန်မာပြည်သည် သဘာဝဓာတ်ငွေ့တင်ပို့ခြင်းမှငွေဝင်နေသော်လည်း စီးပွားရေးပြဿနာများနှင့် ရင်ဆိုင်နေရဆဲဖြစ်သည်ဟု ဖိလစ်ပိုင်နိုင်ငံမနီလာမြို့တွင် အခြေစိုက်သော အာရှဖွံ့ဖြိုးရေးဘဏ် (အေဒီဘီ) ၏ မတ်လ (၂၇) ရက်နေ့ထုတ် အစီရင်ခံစာတွင် ခန့်မှန်းတွက်ချက်ထားသည်။

သဘာဝဓာတ်ငွေ့တင်ပို့မှု ဈေးကောင်းရခြင်းနှင့် လယ်ယာထွက်ကုန်များကြောင့် တိုင်းပြည်စီးပွားရေးအသင့်အတင့် ဦးမော့လာခဲ့သော်လည်း ငွေကြေးဖောင်းပွမှုကိုဖြစ်စေသော ဘတ်ဂျက်လိုငွေပြမှုများကြောင့် တိုင်းပြည်၏စီးပွားရေးသည် တည်ငြိမ်မှုမရှိသေးပါဟု အေဒီဘီကဆိုသည်။

နိုင်ငံခြားငွေလဲလှယ်မှုတွင် စနစ်နှစ်မျိုးကျင့်သုံးနေခြင်းနှင့် စိုက်ပျိုးရေးကဏ္ဍ ငွေကြေးသုံးစွဲသည့်နေရာတွင် စီမံခန့်ခွဲမှုညံ့ဖျင်းခြင်းနှင့် မြို့တော်သစ် နေပြည်တော်ဆီ ပြောင်းရွှေ့ရာတွင် သုံးစွဲရသော ငွေကြေးအရင်းအနှီးများကြောင့် စီးပွားရေးဆောင်ရွက်ချက်များ အားနည်းခဲ့ခြင်းကို အေဒီဘီက ထောက်ပြသည်။

မြန်မာပြည်သည် စီးပွားရေးပြုပြင်ပြောင်းလဲရန်လိုအပ်နေကြောင်း၊ သဘာဝဓာတ်ငွေ့တင်ပို့မှုနှင့် တိုင်းပြည်၏ စီးပွားရေးကို ကျားကန်ပေးထားသော ယခုအချိန်မျိုးတွင် အခြေခံအဆောက်အဦပိုင်း ပြုပြင်ပြောင်းလဲမှုများစတင်ရန် အခွင့်အကောင်းဖြစ်သည်ဟု အစီရင်ခံစာကဆိုသည်။

တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးမှုနှုန်းသည် (၁၂ ဒသမ ၂) ရာခိုင်နှုန်းရှိသည်ဟု စစ်အစိုးရကဆိုသော်လည်း အစစ်အမှန်ဖွံ့ဖြိုးမှုမှာ ယင်းကိန်းဂဏန်းထက် များစွာနည်းသည်ဟု အေဒီဘီကပြောသည်။

နိုင်ငံရေးမတည်ငြိမ်ခြင်း၊ လယ်ယာထွက်ကုန်ကျဆင်းခြင်းနှင့် ဘဏ္ဍာရေးစနစ်မတည်ငြိမ်မှုများသည် ဖွံ့ဖြိုးမှုကိုထိခိုက်စေပြီး တချိန်တည်းတွင် ချိနဲ့နေသောစီးပွားရေးသည် သဘာဝဓာတ်ငွေ့ဈေးနှုန်းအကျတွင် ပြိုဆင်းသွားနိုင်သည်ဟု အေဒီဘီက ခန့်မှန်းသည်။

၂၀၀၅ ခုနှစ်တွင် ဓာတ်ဆီဈေးနှုန်းကို ရုတ်ဆခန့်မြှင့်လိုက်ခြင်းနှင့် လွန်ခဲ့သောနှစ်က ဝန်ထမ်းလစာများကို တိုးမြှင့်ပေးခဲ့ခြင်းသည် ငွေကြေးဖောင်းပွမှုကို မြင့်တက်သွားစေခဲ့ကြောင်း၊ သို့သော် အိမ်နီးချင်း တရုတ်၊ အိန္ဒိယနိုင်ငံတို့နှင့် ကုန်သွယ်ရေးတိုးတက်လာခြင်းသည် ချိနဲ့နေသော မြန်မာ့စီးပွားရေးကို ရှင်သန်အောင်လုပ်ပေးနေကြောင်း အေဒီဘီကထောက်ပြသည်။

ယခုနှစ်တွင် တရုတ်ပြည်သည် စီးပွားရေးတိုးတက်မှုနှုန်း (၁၀) ရာခိုင်နှုန်းရှိပြီး၊ ၂၀၀၈ ခုနှစ်တွင် (၉ ဒသမ ၈) ရာခိုင်နှုန်းရှိမည်ဟု အေဒီဘီကခန့်မှန်းသည်။ အိန္ဒိယသည် ယခုနှစ်တွင် (၈) ရာခိုင်နှုန်းရှိပြီး ၂၀၀၈ တွင် (၈ ဒသမ ၃) ရာခိုင်နှုန်း တိုးတက်မည်ဟု မျှော်လင့်ထားသည်။ အာဆီယံနိုင်ငံနိုင်ငံများသည် ယခုနှစ်တွင် (၅ ဒသမ ၆) ရာခိုင်နှုန်းအထိ ကျဆင်းသွားနိုင်ပြီး ၂၀၀၈ တွင် (၅ ဒသမ ၉) ရာခိုင်နှုန်းအထိ ပြန်တက်လာမည်ဖြစ်သည်။

ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ငွေကြေးဖောင်းပွမှုနှုန်းသည် ယခုနှစ်တွင် (၃) ရာခိုင်နှုန်းကျဆင်းသွားနိုင်ပြီး၂၀၀၈ တွင် ( ၃ ဒသမ ၂) ရာခိုင်နှုန်းအထိရှိနိုင်သည်ဟု အေဒီဘီက ခန့်မှန်းသည်။ ❖



# ၂၀၀၅ ခုနှစ် ရုပ်ရှင်ထူးချွန်ဆုပေးပွဲအခမ်းအနားနေပြည်တော်တွင်ကျင်းပ၊ မြန်မာ့ရုပ်ရှင်အဆင့်အတန်းနိမ့်ကျကြောင်း စစ်အစိုးရဝန်ကြီးဝန်ခံ



ကြပ်ပြေးနေပြည်တော်တွင်ကျင်းပသော ၂၀၀၅ ခုနှစ်အတွက် ထူးချွန်ဆုပေးပွဲအခမ်းအနား

ပုံမှန်ထက် (၂) လကြာ နောက်ကျပြီးမှကျင်းပသော ယခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲအခမ်းအနားသည် နအဖရုံးစိုက်ရာ ကြပ်ပြေးနေပြည်တော်ရှိ မြို့တော်ရှိ လေဟာပြင်ဇာတ်ရုံသစ်တွင် မတ်လ (၅) ရက်နေ့က ဝေဖန်သံများကြားမှ ပြီးဆုံးသွားသည်။

၂၀၀၅ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်အကောင်းဆုံးထူးချွန်ဆုရရှိသွားသူများမှာ ရုပ်ရှင်တည်းဖြတ်ဆု အောင်သွင် (ဆ၅ဂံ)၊ အသံဆု ရဲဝင်း (ခ) ရစ်ချက်ရဲဝင်း (ကျန်စစ်မင်း)၊ ဓာတ်ပုံဆု နိုင်နူရှိန် (ဖထီး) (မိုးကုတ်စက်ဝိုင်းကို ကျော်လွန်၍)၊ တေးဂီတဆု ခင်မောင်ကြီး (ကျန်စစ်မင်း)၊ ဇာတ်ညွှန်းဆု ကြည်စိုးထွန်း (ဆ၅ဂံ)၊ အမျိုးသားဇာတ်ပို့ဆု ချမ်းသာကြည်စိုး (ဆ၅ဂံ)၊ အမျိုးသမီးဇာတ်ပို့ဆု မြတ်ကေသီအောင် (ချစ်ခြင်းဖွဲ့မေတ္တာ)၊ ရုပ်ရှင်ဆု ကျန်စစ်မင်း (ဧဝရတ်ရုပ်ရှင်)၊ ဒါရိုက်တာဆု ကြည်စိုးထွန်း (ဆ၅ဂံ)၊ အမျိုးသားဇာတ်ဆောင်ဆု လူမင်း (ကျန်စစ်မင်း)နှင့် အမျိုးသမီးဇာတ်ဆောင်ဆု ထွန်းအိန္ဒြာဗို (မိုးကုပ်စက်ဝိုင်းကို ကျော်လွန်၍) တို့ဖြစ်သည်။

၂၀၀၅ ခုနှစ်အတွင်း ရုံတင်ခဲ့သော ရုပ်ရှင်ကား (၁၆) ကားကို စီစစ်ကာ ထူးချွန်ဆုပေးအပ်ရာ ပုဂံရာဇဝင်ကို ရိုက်ကူးထားသော ကျန်စစ်မင်းရုပ်ရှင်ကားနှင့် အမျိုးသမီး (၆) ယောက်၏ခံစားမှုများကို ချယ်မှုန်းထားသော ဆ၅ဂံရုပ်ရှင်ကားများက အကယ်ဒမီဆု (၄) ဆုစီ ဆွတ်ခူးသွားသည်။

အခမ်းအနားတွင် နအဖ ပြန်ကြားရေးဝန်ကြီးက မကြာမီမှာ ရုပ်ရှင်ကူးဆေးစက်၊ အရောင်ခွဲစက်နှင့် စတီရီယိုအသံကူးပြောင်းစက်၊ နိုင်ငံခြားမှရောက်လာတော့မည်ဖြစ်ဟု ရုပ်ရှင်လောကသားများကို မျှော်လင့်ချက်ပေးသွားပြီး မြန်မာ့ရုပ်ရှင် အဆင့်အတန်းနိမ့်ကျနေကြောင်း ဝန်ခံသွားသည်။

မြန်မာ့ရုပ်ရှင်လုပ်ငန်း စန်းပွင့်ချိန်ဖြစ်သော (၇၀) လွန်နှစ်များက နှစ်စဉ် မြန်မာ့ရုပ်ရှင်ကားပေါင်း ရာကျော်ထုတ်လုပ်နိုင်ခဲ့သော်လည်း လက်ရှိစစ်အစိုးရအုပ်ချုပ်သော နှစ် (၂၀) ခန့်အတွင်းမှာ ရုပ်ရှင်လုပ်ငန်း အရှိန်ကျလာကာ ဈေးကွက်၏တောင်းဆိုချက်အရ ယခင်ကရုပ်ရှင်ရုံများ ဗီဒီယိုရုံအဖြစ်သို့ ကူးပြောင်းသွားသည်။

❖

# တိုက်ပွဲပုံသဏ္ဌာန်ကို ဘယ်သူပြဌာန်းတာလဲ

**အကျဉ်းထောင်ထဲမှာ အကျဉ်းချခံနေရတယ်ဆိုတာ သေးတဲ့ဒုက္ခမဟုတ်ပါဘူး။ ဒီဒုက္ခတွေကို သူတို့ငြင်းပယ်မယ်ဆိုရင် ငြင်းပယ်လို့ ရနိုင်ကောင်းပေမယ့် သူတို့ကိုယ်တိုင် ကျေကျေနပ်နပ်ကြီးကိုပဲ ရွေးချယ်လိုက်ကြတဲ့ သူရဲကောင်းတွေ။**
**သူတို့ဟာ သစ်လွင်ခမ်းနားပြီးငြိမ်းချမ်းစိမ်းလန်းတဲ့ မနက်ဖြန်များအတွက်။ လူမျိုးပေါင်းစုံ မြန်မာပြည်သူတွေအတွက် သူတို့ဘဝတွေကိုရင်းပြီး လမ်းဖောက်ပေးနေကြတာပါ။**

(၁)

"ကျနော်တို့က ဒီမိုကရေစီဖြစ်ပေါ် ပြောင်းလဲမှုကိုပဲ တောင့်တတယ်။ ပြည်သူ တရပ်လုံးပူးပေါင်းပါဝင်နိုင်တဲ့ ငြိမ်းချမ်း သောနည်းကိုပဲ ကျနော်တို့ရွေးချယ်မှာဖြစ် တယ်"

ဗကသများအဖွဲ့ချုပ်ဥက္ကဋ္ဌ ကိုမင်းကို နိုင်ရဲ့စကားဖြစ်ပါတယ်။

(၄၄) နှစ်မြောက်သူ့မွေးနေ့မှာ အမှတ် တရစကားအဖြစ် ပြောဆိုလိုက်တဲ့စကားပါ။

သူ့တောင့်တမှုဟာ ဒီမိုကရေစီဖြစ်ပေါ် ပြောင်းလဲမှု။

သူရွေးချယ်ချင်တဲ့နည်းက ငြိမ်းချမ်း သောနည်း။

သူနှင့်အတူ ပူးပေါင်းလက်တွဲပြီး ချီတက် ဆောင်ရွက်ရမယ့် အဓိကအင်အားက ပြည် သူလူထုတရပ်လုံးတဲ့။

နှစ်ကြောင်းတော့ နှစ်ကြောင်းပဲ။

ဒါပေမယ့် အဓိပ္ပါယ်နှင့်လေးနက်မှုဟာ အတိုင်းအတာမဲ့ ကျယ်ဝန်းလှတယ်လို့ ကျ နော်ခံစားရတယ်။

(၂)

ငြိမ်းချမ်းစွာ ပညာသင်ကြားရေး၊

ငြိမ်းချမ်းစွာ ဘဝရပ်တည်ရှင်သန်ရေး၊

ငြိမ်းချမ်းစွာ နေထိုင်အသက်မွေးခွင့် ရရှိရေး၊

ငြိမ်းချမ်းစွာ တွေးခေါ်စဉ်းစားရှာဖွေ လေ့လာရေး၊

ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်ပြသခွင့်ရ ရှိပိုင်ဆိုင်ရေး စသည် စသည် ....

ဘယ်သူမဆို ငြိမ်းချမ်းစွာလှုပ်ရှား ဆောင်ရွက်ချင်ကြလိမ့်မယ်ဆိုတာ သံသယရှိ စရာမရှိပါဘူး။ ဒါဟာ သိပ်ကိုကောင်းမွန်တဲ့၊ သိပ်ကိုချောမွေ့တဲ့၊ သိပ်ကိုခေတ်မီလှပတဲ့ လုပ်ဟန်တခုအမှန်ဖြစ်ပါတယ်။

အမြော်အမြင်ရှိသူတိုင်း၊ စိတ်စေတနာ မှန်ကန်သူတိုင်း ရွေးချယ်သင့် ရွေးချယ်အပ် တဲ့၊ ဆောင်ရွက်သင့် ဆောင်ရွက်အပ်တဲ့ လုပ် ဟန်တခုပေပဲ။

ကောင်းပါတယ်။

တခုပဲရှိတယ်။ ကျနော်တို့ ငြိမ်းချမ်းစွာ ဘာတွေလုပ်ခွင့်ရပြီး ငြိမ်းချမ်းစွာ ဘာတွေ လုပ်ခွင့်မရဘူးလဲဆိုတဲ့ ပြဿနာ။ အဲဒါကို ကျနော် ဆက်ပြီးစဉ်းစားကြည့်မိတယ်။

(၃)

အင်္ဂါနေ့တိုင်း ရွှေတိဂုံဘုရားကို တက် ပြီး ဝတ်ပြုဆုတောင်းတာ၊

အိမ်ရှေ့မှာ နအဖထုတ်သတင်းစာ ဆောင်းပါးကိုကပ်ပြီး အောက်က "ဟုတ် ပ့ါမလား မောင်ကာဋ္ဌုရဲ့"ဆိုတဲ့ စာတမ်း ကလေး ရေးသားလိုက်တာ ....။

မိမိရဲ့အားလပ်ရက်တခုမှာ ရဟန်းခံ ပေးမယ့် အလှူရှင်ကလည်းရှိလို့ ဒုလ္လဘ သင်္ကန်းစည်းပြီး ရဟန်းခံမယ်လို့ စဉ်းစား စီစဉ်တာ ....။

ယုံကြည်ချက်ကြောင့် အကျဉ်းကျနေ ကြတဲ့ နိုင်ငံရေးအကျဉ်းသားတွေရဲ့ မိသား စုတွေဆီသွားပြီး ဝန်းရံအားပေးတာ ....။

ဗိုလ်ချုပ်မှူးကြီးသမီးရဲ့ မင်္ဂလာဆောင် မှတ်တမ်းဗွီစီဒီကို မိသားစုနှင့်အတူ ဧည့်ခန်း မှာထိုင်ကြည့်ကြတာ ....

ဒါတွေဟာ .... ငြိမ်းချမ်းစွာလုပ်ကိုင် ဆောင်ရွက်နေကြတာမဟုတ်ဘူးလား။ ဒီလုပ် ရပ်တွေက ဘယ်သူ့ကို ဘယ်လိုထိခိုက်သွား လို့ပါလဲ။ ကျနော်တော့ သိပ်မရှင်းလှဘူး။ ဒ့ါကြောင့်ပဲ ဖြစ်ရပ်တခုချင်းစီကို ကျနော်စမ်း စစ်ကြည့်မိတယ်။

ဘုရားသွားပြီး ဝတ်ပြုဆုတောင်းသူ တွေကို ကြံ့ဖွံ့နှင့် စွမ်းအားရှင်အုပ်စုတွေက ဝေါပကအရေခြုံပြီး တားလား၊ ဆီးလား၊ ခြိမ်းခြောက်လား၊ ရိုက်နှက်လား လုပ်ကောင်း ပါသလား။

ဝတ်ပြုဆုတောင်းတာကိုပဲ တိုင်းပြည်ကို အဖျက်အမှောင့်လုပ်ရပ်တွေနဲ့ တိုက်ခိုက် ဖျက်ဆီးနေသယောင် ဆောင်းပါးတွေရေး ပြီး ဂျာနယ်အစောင်သုံးဆယ်ကျော်မှာ အဓမ္မ မထည့်မနေရ၊ လူမကြားအောင် လက်သိပ် ထိုးအမိန့်တွေထုတ်ပြီး သရော်စော်ကား လုပ် သင့်ပါသလား။

အိမ်ရှေ့ဝန်းထရံပေါ်မှာ သတင်းစာ ဆောင်းပါးကပ်မိ၊ သူမယုံကြည်တာကို မယုံ ကြည်ကြောင်း၊ သူသံသယဖြစ်မိတာကို သံသ ယဖြစ်မိကြောင်း "ဟုတ်ပ့ါမလား မောင် ကာဋ္ဌုရဲ့"လို့ရေးမိတာနဲ့ပဲ ဖမ်းဆီးခေါ် ဆောင်သွားပြီး ဘယ်လိုနေရာမျိုးမှာ ဘယ် လိုနှိပ်စက်နေပြီလဲလို့ မသိရလောက်အောင် ဖြစ်သင့်ပါသလား။

ရဟန်းခံမယ့် ရဟန်းလောင်းကို ရဟန်း မပြုရလို့ ဘယ်လိုဥပဒေနဲ့ တားဆီးလိုက် တာလဲ။ ဗုဒ္ဓဘာသာဝင်တဦးအနေနဲ့ ဒီ "ရ ဟန်းပြုခြင်း"ဆိုတဲ့ကိစ္စဟာ အင်မတန်ကြည် ကြည်နူးနူး ဆောင်ရွက်ရတဲ့ကိစ္စပါ။ အချမ်း မြေ့ဆုံး၊ အအေးငြိမ်းဆုံး ဆောင်ရွက်ရတဲ့ ကိစ္စပါ။

ဒါကိုပဲ ဘာကြောင့် ဘာတွေကို တွေး ခေါ်ပြီး စိုးရိမ်နေကြတာလဲ။

အကျဉ်းထောင်ထဲမှာ အကျဉ်းချခံနေ ရတယ်ဆိုတာ သေးတဲ့ဒုက္ခမဟုတ်ပါဘူး။ ဒီ

**ဇွန်မှိုင်း**

ဒုက္ခတွေကို သူတို့ငြင်းပယ်မယ်ဆိုရင် ငြင်း ပယ်လို့ ရနိုင်ကောင်းပေမယ့် သူတို့ကိုယ်တိုင် ကျေကျေနပ်နပ်ကြီးကိုပဲ ရွေးချယ်လိုက်ကြတဲ့ သူရဲကောင်းတွေ။

သူတို့ဟာ သစ်လွင်ခမ်းနားပြီး ငြိမ်း ချမ်းစိမ်းလန်းတဲ့ မနက်ဖြန်များအတွက်၊ လူ မျိုးပေါင်းစုံ မြန်မာပြည်သူတွေအတွက် သူတို့ ဘဝတွေကိုရင်းပြီး လမ်းဖောက်ပေးနေကြ တာပါ။

ဒီယုံကြည်မှုနဲ့ပဲ ဒီနေရာကို သူတို့ရဲဝံ့ တည်ကြည်စွာ ရွေးချယ်လိုက်ကြတယ်။

သူတို့ကိုဝန်းရံဖို့၊ သူတို့ကိုထောက်ခံဖို့၊ သူတို့ကို စိတ်ဓာတ်ရေးရာအရပဲဖြစ်ဖြစ် အားပေးဖို့မလိုပေဘူးလား။

အဲဒီလို သွားပြီးအားပေးစကားပြော တာကို ဘယ်လိုဥပဒေနဲ့ ဘယ်လိုပုဒ်မနဲ့ တား ဆီးကန့်သတ်ဦးမှာလဲ။

ပြီးတော့ ဗိုလ်ချုပ်မှူးကြီးသမီး မင်္ဂလာ ဆောင်တာ တရားဝင်လက်ထပ်ကြတာ မ ဟုတ်ဘူးလား။ အဲဒီ တရားဝင်လက်ထပ်ကြ တဲ့မင်္ဂလာပွဲကို မှတ်တမ်းဗွီဒီယိုရိုက်တာက ရော ဘာဆန်းပြားလို့လဲ။

အဲဒီလို မှတ်တမ်းတင်ထားတဲ့ ဗွီဒီယို အခွေကို ....

ဘယ်နိုင်ငံသားတယောက်မဆို လွတ် လပ်စွာ၊ ငြိမ်းချမ်းစွာ၊ ကြောင့်ကျမဲ့စွာ ကြည့် ရှုခွင့်၊ ခံစားခွင့်မရသင့်ဘူးလား။

အဲဒါကို အခွေကိုလည်းသိမ်း၊ လူကို လည်းဖမ်း လုပ်တာဘာကြောင့်လဲ။

မင်္ဂလာဆောင်အခမ်းအနားက တရား မဝင်လို့လား။

လူသိမခံဝံ့အောင်၊ လူကြည့်မခံရဲအောင် ဘာတွေထူးခြားဆန်းပြားနေလို့လဲ။

မေးခွန်းတွေကအများကြီး၊ အဖြေက ဘာလဲ။

ကျနော်နှင့်အတူ ဝိုင်းပြီးစဉ်းစားကြည့် ကြတာပေါ့ဗျာ။

(၄)

ကျနော်တို့က ငြိမ်းချမ်းစွာသွားချင် တယ်။ ဒါကို သူက ဖမ်းလားဆီးလားလုပ် လာတယ်။ ကျနော်တို့ ဘာဆက်လုပ်ကြရ မလဲ။

လှုပ်ရှားဆောင်ရွက်တဲ့ဟန်ပန်၊ တနည်း အားဖြင့် တိုက်ပွဲပုံသဏ္ဌာန်ကို ဘယ်သူက ပြဌာန်းတာလဲဆိုတာ သီအိုရီအရမဟုတ်ပဲ၊ လက်တွေ့ပေါင်းများစွာအရကိုပဲ ရှင်းရှင်း လင်းလင်း တွေ့မြင်နေကြရပါပြီလို့ ကျနော် ဆိုချင်တယ်။

(၅)

မှတ်မိနေသေးတယ်။

မဆလတစ်ပါတီအာဏာရှင်စနစ်ရဲ့ နေ ဝင်ချိန်နေ့ရက်များဆီက မဆလထိပ်သီး ဗိုလ်နေဝင်းရဲ့ ကမ္ဘာကျော်မိန့်ခွန်းတခု ....

"နောင်ကို လူစုလူဝေးနှင့် ဆူဆူပူပူ လုပ်လို့ရှိရင်တော့ .... စစ်တပ်ဆိုတာ ပစ် ရင်မှန်အောင်ပစ်တယ်။ မိုးပေါ်ထောင်ပြီး ခြောက်တာမပါဘူး။ အဲတော့ .... နောင်ကို ဆူဆူပူပူလုပ်မယ်ဆိုရင်တော့ တပ်ကိုသုံး လို့ရှိရင်တော့ .... အဲဒါ ဆူတဲ့လူတွေ မ သက်သာဘူးသာမှတ်ပေတော့"တဲ့။

၁၉၈၈ ခုနှစ် ဇူလိုင် (၂၃) ရက်နေ့ အရေးပေါ်ပါတီညီလာခံမှာ ဒေါသတကြီး ကြိမ်းမောင်းပြောဆိုလိုက်တဲ့ မိန့်ခွန်းပါ။

ဒီမိန့်ခွန်းပြောဖြစ်စေတဲ့ လတ်တလော အကြောင်းရင်းက ....

မတ်လ (၁၃) ရက် ကိုဖုန်းမော်လှုပ် ရှားမှုနဲ့ မတ်လ (၁၆) ရက် တံတားနီ လှုပ်ရှားမှု၊ ပြီးတော့ ဇွန်လလယ် ရန်ကုန် တက္ကသိုလ်ဝန်းအတွင်း လှုပ်ရှားမှုများနှင့် ဇွန် (၂၁) မြေနီကုန်းလှုပ်ရှားမှု။

ကျနော်တို့ကျောင်းသားတွေက ....

ကျောင်းသားထုအခွင့်အရေး၊ အကာ အကွယ်မဲ့နေတဲ့ကိစ္စကို ငြိမ်းငြိမ်းချမ်းချမ်း ထောက်ပြတယ်။

ဒါကိုသူက ငြိမ်းငြိမ်းချမ်းချမ်း မဖြေ ရှင်းဘူး။

မျက်ရည်ယိုဗုံးနှင့်ဖြေရှင်းတယ်။ မီး သတ်ပိုက်နဲ့ဖြေရှင်းတယ်။ မောင်းပြန်သေ နတ်နှင့် ရက်ရက်စက်စက်ပစ်ခတ်ဖြေရှင်း တယ်။ ဒါကို ကျောင်းသားတွေက မသင့် တော်ကြောင်း ထောက်ပြတယ်။

ထောက်ပြလာတဲ့လူတွေကို စက်မှုတက္က သိုလ်ဝန်းတစ်ခုလုံး စစ်တပ်နှင့် ဝိုင်းပတ်ပိတ် ဆို့ဖမ်းဆီးတယ်။

ဒါကို တခြားကျောင်းပေါင်းစုံ၊ တက္က သိုလ်ပေါင်းစုံကကျောင်းသားတွေက စာနာ စွာပဲ မသင့်တော်ကြောင်းကို ထောက်ပြဖို့ ငြိမ်းငြိမ်း ချမ်းချမ်းချီတက် ဆန္ဒပြကြတယ်။

အင်းလျားကန်ပေါင်ရိုးမှာ၊ တံတားဖြူ မှတ်တိုင်နှင့် စွတ်ကျယ်စက်မှတ်တိုင်ကြား ပြည်လမ်းမကြီးပေါ်မှာ စစ်တပ်နှင့် ဟိုဘက် ဒီဘက် နှစ်ဖက်ညှပ်ပြီး ပြည်လမ်းမကြီးနှင့် အင်းလျားကန်ပေါင် သွေးချင်းချင်းနီသွား အောင်ရိုက်သတ်တယ်။ အကုန်လုံးကိုဖမ်းပြီး ထောင်ထဲထည့်ပစ်တယ်။

ကျောင်းသူ၊ ကျောင်းသား ငယ်ငယ်နုနု တွေရဲ့ ငြိမ်းချမ်းစွာထက်သန်မှုကို အရက် ကိုးမောင်းတိုက်ထားတဲ့ သားသတ်သမားလို တုန့်ပြန်တယ်။

ဒါကြောင့်ပဲ ဇွန်လမှာ ကျောင်းတွေပြန် ဖွင့်တော့ .... ကျောင်းခန်းတွေနဲ့ ကျောင်း ပရဝုဏ်ဟာ ဘယ်လိုမှ ငြိမ်းချမ်းစွာ ပညာ သင်ကြားလို့ ရနိုင်လောက်တဲ့အခင်းအကျင်း မဟုတ်တော့ဘူး။

ဒါနဲ့ပဲ .... ဇွန်လမှာ ကျောင်းဝန်း အတွင်းလှုပ်ရှားမှုတွေ ဆက်တိုက်ပေါ်လာ တယ်။

လူထုနှင့်ပေါင်းဖို့ ကျောင်းသားတွေ ကျောင်းဝန်းအပြင်ထွက်လာတဲ့ ဇွန် (၂၁) ရက်နေ့လည်းရောက်ရော ....

မြေနီကုန်းအဝိုင်းအရောက်မှာ ကျောင်း စိမ်းအရွယ်လေးတွေကိုပါ မညှာမတာ ကား နှင့် တိုက်သတ်လို့သတ်၊ နံပါတ်တုတ်နှင့် ရိုက် သတ်လိုသတ် လုပ်လာခဲ့ကြတယ်။ ကျောင်း သားနှင့် လူထုပေါင်းမိသွားမှာကိုလည်း သေ မလောက်ကြောက်တယ်။

ကျနော်တို့ဘက်က ငြိမ်းချမ်းစွာနှင့် ဆန္ဒဖော်ထုတ်တယ်။ သူတို့ဘက်က ရန်လို အညှိုးကြီးစွာ အကြမ်းဖက်ဖြိုခွဲတယ်။

ဒါနှင့်တင် အားမရသေးဘဲ ....

စောစောက မိန့်ခွန်းကို ဒေါနှင့်မော နှင့်ပြောပြီး တပြည်လုံးကို စိမ်ခေါ်ခြိမ်းခြောက် ခဲ့တဲ့အတိတ်သမိုင်းက ဘာဝေးသေးလို့လဲ။

(၆)

အဲဒီအမိန့်ကိုစပြီး အကောင်အထည် ဖော်တဲ့သူက တပည့်ကျော်ဗိုလ်စိန်လွင်။ ရှစ် လေးလုံးအရေးတော်ပုံကြီး အစပြုတဲ့ ဩဂုတ် လ (၈) ရက်နေ့ညမှာပဲ လွတ်လပ်ရေး

စာမျက်နှာ (၁၁) ကော်လံ (၁) သို့

# ချင်းအမျိုးအမီးများအပေါ် နအဖစစ်တပ်ကအစမ္မကျင့် ဖုံးကွယ်နေသည့်ရာဇဝတ်မှုများ လက်သည်ပေါ်ပြီ

ချင်းပြည်နယ်တွင် ချင်းအမျိုးသမီးများကို မြန်မာစစ်တပ်က မတရားပြုကျင့်မှုများရှိနေသည့်အတွက် ကိုယ့်အိမ်ထဲတွင်ပင် လုံခြုံမှုမရှိဖြစ်နေသည့်အဖြစ်ကို ချင်းအမျိုးသမီးများအဖွဲ့ချုပ် (ဒဗလျူအယ်လ်စီ) က မတ်လ (၂၈) ရက်နေ့က အစီရင်ခံသည်။

"လုံခြုံမှုမရှိသောတိုင်းပြည်၊ ချင်းအမျိုးသမီးများအပေါ်ကျူးလွန်သော ဖုံးကွယ်နေသည့် ရာဇဝတ်မှုများ" ဟု အမည်ပေးထားသောအစီရင်ခံစာတွင် မုဒိမ်းကျင့်သတ်ဖြတ်ခံရသော ချင်းအမျိုးသမီးများသည် တရားဥပဒေအကြောင်းအရ အကာအကွယ်လည်းမရှိကြောင်း ဖော်ပြထားသည်။

အစီရင်ခံစာတွင် မှတ်တမ်းတင်ထားသော (၃၈) မှုအနက် တဝက်ခန့်သည် ၂၀၀၀ ခုနှစ်နောက်ပိုင်းတွင်ဖြစ်ပျက်ခဲ့ပြီး မတူပီ၊ ပလက်ဝ၊ ဖလမ်းနှင့် ဟားခါး စသောဒေသများတွင် ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

၎င်းတို့အထဲမှ (၅) မှုသည် (၁၂) နှစ်အရွယ် မိန်းကလေးတဦးအပါအဝင် (၁၈) နှစ်အောက် မိန်းကလေးများအား ကျူးလွန်ခဲ့ခြင်းဖြစ်သည်။

အစီရင်ခံစာတွင် မုဒိမ်းမှုများ၏ အဓိကတရားခံဖြစ်သော မြန်မာစစ်တပ်ကို ချင်းပြည်နယ်အပါအဝင် တိုင်းရင်းသားဒေသများမှ ရုတ်သိမ်းပေးရေးအပြင်၊ မြန်မာစစ်တပ်သည် လက်နက်အားကိုးဖြင့် ချင်းတိုင်းရင်းသူများကို အနိုင်ကျင့်ခြင်းဖြစ်သဖြင့် မြန်မာစစ်တပ်ကို လက်နက်နှင့်ငွေကြေးမထောက်ပံ့ရန် အိန္ဒိယအစိုးရကို ချင်းအမျိုးသမီးအဖွဲ့ချုပ်က တောင်းဆိုသည်။

ချင်းအမျိုးသမီးများအဖွဲ့ချုပ်မှ ချယ်ရီဇာဟောင်က "ဒီမုဒိမ်းကျင့်မှုဟာ သေနတ်နဲ့ခြိမ်းခြောက်ပြီးတော့ ကျင့်တာဖြစ်တယ်။ ဓားနဲ့ခြိမ်းခြောက်ပြီးတော့ မုဒိမ်းကျင့်တယ်ဆိုတော့ စစ်တပ်ကလူတွေက သူတို့လက်မှာ သေနတ်ရှိနေသ၍ အမျိုးသမီးတွေကို ဒီထက်ပိုပြီးတော့ မုဒိမ်းကျင့်မယ်လို့ ယုံကြည်တယ်"ဟု ပြောသည်။

ချယ်ရီဇာဟောင်သည် ဖေဖော်ဝါရီလကုန်ပိုင်းကလည်း နယူးယောက်မြို့ရှိ ကုလသမဂ္ဂရုံး၌ပြုလုပ်သော ဆူဒန်နှင့်မြန်မာအမျိုးသမီးများဆိုင်ရာ ဆွေးနွေးပွဲတရပ် မြန်မာနိုင်ငံရှိ ရှမ်း၊ ကရင်၊ ကရင်နီနှင့် မွန်အမျိုးသမီးများကိုယ်စား မတရားပြုကျင့်ခံရမှုများကို တင်ပြခဲ့သည်။

ထိုဆွေးနွေးပွဲကို အမေရိကန်နိုင်ငံ၏ ကုလသမဂ္ဂကိုယ်စားလှယ်ရုံးက စီစဉ်ခဲ့ခြင်းဖြစ်ပြီး အာဖရိကတိုက်မှ ဆူဒန်နှင့် အရှေ့တောင်အာရှမှ မြန်မာနိုင်ငံတွင်ဖြစ်ပွားသော အမျိုးသမီးအကြမ်းဖက်ခံရမှုကိစ္စများ ဆွေးနွေးခဲ့သည်။

ချင်းအမျိုးသမီးများအဖွဲ့ချုပ်သည် အိန္ဒိယ–မြန်မာနယ်စပ်တလျှောက်ရှိ ချင်းတိုင်းရင်းသားအမျိုးသမီးများအဖွဲ့ (၉) ဖွဲ့နှင့် ၂၀၀၄ ခုနှစ် ဒီဇင်ဘာလတွင် ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ ❖




စာမျက်နှာ (၁၃) ကော်လံ (၄) ဗိုလ်သန်းရွှေမိန့်ခွန်းသတင်းမှ

ပသော ယခုနှစ် စစ်တပ်အခမ်းအနားသည် နိုင်ငံတော်အာဏာကို အကြွင်းမဲ့ထိန်းချုပ်ထားသော ဗိုလ်ချုပ်ကြီးများ၏ နောက်ဆုံးအခမ်းအနားအဖြစ် ပြည်သူများက ခန့်မှန်းပြောဆိုနေကြသည်။

ယခုနှစ်အခမ်းအနားသည် စစ်အစိုးရရုံးစိုက်ရာ ကြပ်ပြေး (နေပြည်တော်) တွင် ဒုတိယအကြိမ်ကျင်းပခြင်းဖြစ်ပြီး ပြည်တွင်းပြည်ပသတင်းထောက်များကိုလည်း ကြပ်ပြေးသို့ သွားရောက်သတင်းရယူရန် ခွင့်ပြုခဲ့သည်။ သို့သော် (၆၂) နှစ်ပြည့် "တော်လှန်ရေးနေ့အခမ်းအနား"သည် ပြည်သူများတက်ရောက်ခွင့်မရှိသော "စစ်တပ်၏ တပ်မတော်နေ့အခမ်းအနား"တခုသာဖြစ်ခဲ့သည်။

အခမ်းအနားမတိုင်မီ ယမန်နေ့က နအဖပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ကြပ်ပြေးသို့ စုရုံးရောက်ရှိနေသော သတင်းထောက်များနှင့် သတင်းစာရှင်းလင်းပွဲတရပ်ပြုလုပ်ခဲ့ပြီး ပြည်တွင်းပြည်ပအတိုက်အခံအင်အားစုများကို ဝေဖန်အပြစ်တင်ခဲ့ရုံမျှမက ကြံ့ဖွံ့အဖွဲ့ကို ပါတီအသွင်ပြောင်းမည့်အကြောင်း ထပ်လောင်းအတည်ပြုခဲ့သည်။

ဗိုလ်ချုပ်သန်းရွှေ၏ယခုနှစ်မိန့်ခွန်းတွင် စစ်တပ်ကိုလူထုနှင့်ကင်းကွာအောင်လမ်းလွှဲခဲ့ခြင်းများအတွက်နောင်တရနေပုံရသည်ဟု သုံးသပ်မှုများလည်းရှိနေသည်။

ပြည်တွင်းမှ အမည်မဖော် လိုသော ဂျာနယ်အယ်ဒီတာတဦးက "အလကားပါဗျာ။ သူပြောချင်တာတွေအားလုံးကို ဗိုလ်ချုပ်ကျော်ဆန်းကို ပြောခိုင်းပြီးပြီပဲ။ အခုမှ လူကြီးလူကောင်းလုပ်ပြလည်း ဘယ်သူကယုံမှာမို့လဲ။ သဘောထားပျော့ပျောင်း လာတယ်လို့တော့ မထင်ပါဘူး"ဟုပြောသည်။

ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သော ဗမာတပ်တော်၏ဦးဆောင်မှုဖြင့် နိုင်ငံတဝှမ်းလုံးရှိ နိုင်ငံရေးပါတီအင်အားစုများနှင့် ရဟန်းရှင်လူများအားလုံး၏ စုစည်းမှုအင်အားဖြင့် ဖက်ဆစ်ဂျပန်တို့ကို တွန်းလှန်နိုင်ခဲ့သည့် မတ်လ (၂၇) ရက်နေ့ကို တော်လှန်ရေးနေ့အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

# တပ်မဟာ (၇) မှူးဟောင်း ဗိုလ်ချုပ်ဌေးမောင်နောင်တရနေဟု သတင်းများထွက်ပေါ်


ကေအဲန်ယူနယ်မြေသို့ ပြန်လည်ရောက်ရှိလာသော အရပ်သားများ

မတ်လ (၂၂)

စစ်အစိုးရထံခိုလှုံသွားသော ကေအဲန်ယူတပ်မဟာ (၇) တပ်မဟာမှူးကြီး ဗိုလ်ချုပ်ဌေးမောင်သည် ယခုအခါ သူ၏လုပ်ရပ်များအတွက် နောင်တရနေသည်ဟု သူ၏နီးစပ်သူများကဆိုသည်။

ဗိုလ်ချုပ်ဌေးမောင်နှင့်အတူ လိုက်ပါသွားပြီးနောက် ပြီးခဲ့သည့်ရက်များအတွင်း ကေအဲန်ယူနယ်မြေသို့ ပြန်လည်ရောက်ရှိလာသော အရပ်သား (၁၃) ဦး နှင့် ကေအဲန်အယ်လ်အေတပ်သား (၄) ဦးကို သတင်းထောက်များနှင့် တွေ့ဆုံပေးသည့် သတင်းစာရှင်းလင်းပွဲတွင် ဗိုလ်မှူးကြီးထွန်းကြိုင်က "ကျနော်တို့ဆီပြန်လာတဲ့ရဲဘော်တွေကို မေးကြည့်တော့၊ သူ (ဗိုလ်ချုပ်ဌေးမောင်) စကားမပြောတော့ဘူး။ ငေးငိုင်နေတယ်လို့ ပြောကြတယ်။ နောင်တရနေတဲ့ပုံရတယ်"ဟု ပြောသည်။

ဗိုလ်မှူးကြီးထွန်းကြိုင်သည် ယခုအခါ တပ်မဟာ (၇) တပ်မဟာမှူးသစ် ဗိုလ်မှူးချုပ်ဂျော်နီနှင့်အတူ အပြောင်းအလဲကာလကို ရင်ဆိုင်ထိန်းသိမ်းပေးနေသူဖြစ်သည်။

ကရင့်တော်လှန်ရေးတွင် ဗိုလ်ချုပ်ဌေးမောင်နှင့် (၅၄) နှစ်ကြာ လက်တွဲခဲ့သူ ဗိုလ်မှူးကြီးထွန်းကြိုင်က ကရင့်တော်လှန်ရေး၏ ကြမ်းတမ်းသောကာလများတွင် အခက်အခဲများ အတူတူဖြတ်သန်းခဲ့သော နှစ်ကာလများကို ပြန်ပြောင်းပြောပြခဲ့သော်လည်း ယခုအချိန်တွင် ယုံကြည်ချက်မတူညီတော့ဟု ဆိုသည်။

"လက်နက်တွေ သူတို့လက်ထဲမှာ လက်နက်တွေကို ဘုန်းကြီးကျောင်းမှာ စုပုံထားရတယ်လို့ကြားတယ်။ စောဘဦးကြီး လမ်းစဉ်နဲ့တော့ တခြားစီဖြစ်နေပြီ"ဟု ဗိုလ်မှူးကြီးထွန်းကြိုင်ကပြောသည်။

ကေအဲန်အယ်လ်အေ၏ ပထမမျိုးဆက်ဖြစ်သော ဗိုလ်ချုပ်ဌေးမောင်တယောက် တော်လှန်ရေးတွင် ဆက်မရှိတော့သော်လည်း ဒုတိယမျိုးဆက်ဖြစ်သော ဗိုလ်မှူးချုပ်ဂျော်နီသည် တပ်မဟာ (၇) ကို ပြန်လည်တည်ငြိမ်အောင်ထိန်းထားနိုင်ပြီး နယ်မြေလုံခြုံရေးအတွက်လည်းအစီအမံများ လုပ်ဆောင်နိုင်ပြီဟု ဗိုလ်မှူးကြီးထွန်းကြိုင်က ပြောသည်။

ကေအဲန်ယူထိန်းချုပ်နယ်မြေတနေရာတွင် ပြုလုပ်သော သတင်းစာရှင်းလင်းပွဲသို့ သတင်းထောက် (၂၀) ခန့်တက်ရောက်ခဲ့ပြီး မိခင်တပ်ရင်းသို့ပြန်လည်ရောက်ရှိလာသော ကေအဲန်အယ်လ်အေ ရဲဘော် (၄) ဦးလည်း ၎င်းတို့၏အတွေ့အကြုံများကို ရှင်းလင်းသည်။

ဗိုလ်ချုပ်ဌေးမောင်အပေါ် ပုဂ္ဂိုလ်ရေးအရ ကြည်ညိုသော ရဲဘော်တဦးက "အဘိုးကြီးက သဘောလည်းကောင်းတယ်။ အပြောလည်းကောင်းတယ်။ သူ့ကိုသနားတယ်။ အခုသူ့ဆီမှာ ဘာအာဏာမှ မရှိတော့ဘူး။ ဒါကြောင့် ကျနော်ပြန်လာတာ"ဟု ပြောသည်။

ယခုအခါ ဗိုလ်ချုပ်ဌေးမောင်ကို သူ၏ဇနီး၊ သားသမီးများနှင့် နအဖနှင့်စီးပွားရေးလုပ်ကိုင်လိုသော သူ၏သားမက်တို့က ကြိုးကိုင်ထားသည်ဟု ကေအဲန်အယ်လ်အေသို့ ပြန်လည်ရောက်ရှိလာကြသော သူ၏ရဲဘော်ဟောင်းများကပြောသည်။

ဗိုလ်ချုပ်ဌေးမောင်အပါးတွင် ဆေးမှူးအဖြစ် နီးနီးကပ်ကပ် တာဝန်ထမ်းဆောင်ခဲ့သူ ဆေးမှူးစောဖိုးလိကလည်း ဗိုလ်ချုပ်ဌေးမောင်သည်ယခုအခါ အသည်းရောင်ရောဂါကြောင့် ပုံမှန်ဆေးမှီဝဲနေရကြောင်း စစ်အစိုးရသည် ဗိုလ်ချုပ်ဌေးမောင်၏ ကျန်းမာရေးအတွက် လောလောဆယ်တွင် အစီအစဉ်များ ရှိပုံမရသေးကြောင်း ပြောသည်။

ကေအဲန်အယ်လ်အေတပ်မဟာမှူးကြီးဟောင်း ဗိုလ်ချုပ်ဌေးမောင်သည် ဖေဖော်ဝါရီလအတွင်းက သူ့အား သစ္စာခံသော နောက်လိုက်ရဲဘော် (၃၀) ကျော်နှင့် အတူ နအဖနှင့် ငြိမ်းချမ်းရေးရယူခဲ့သည်။ သူ၏ ငြိမ်းချမ်းရေးခရီးတွင် လူသူအင်အားပြသရန်အတွက် သာမန်အရပ်သား ကရင်လူငယ်များကို စစ်ယူနီဖောင်းဝတ်စေပြီး လိုက်ပါစေခဲ့သော်လည်း ငြိမ်းချမ်းရေးသက်တမ်းတလအကြာတွင် စစ်သားတချို့နှင့် အရပ်သားတချို့သည် မူလနေရပ်သို့ တဖွဲဖွဲပြန်လာနေကြသည်။

❖

# စစ်ဘေးကြောင့် ကရင်အရပ်သား ၃၀၀ ကျော် ထိုင်းဘက်ကမ်းသို့ ထပ်မံထွက်ပြေး

မတ်လ ၁၂၊

နှစ်ဘက်အကျအဆုံးများသော နအဖစစ်တပ်နှင့် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်အကြား ဖြစ်ပွားသော တိုက်ပွဲကြောင့် ကရင်အရပ်သား (၃၀၀) ကျော်သည် ထိုင်းဘက်အခြမ်းသို့ထွက်ပြေးလာရကြောင်း ကရင်အမျိုးသားအစည်းအရုံးမှ ထုတ်ဖော်ပြောကြားသည်။

ကေအဲန်ယူခွဲထွက်အဖွဲ့ဖြစ်သော ဒီကေဘီအေနှင့် နအဖစစ်တပ်တို့ပူးပေါင်း၍ ကေအဲန်အယ်လ်အေတပ်များကို ပြီးခဲ့သည့် ကြာသာပတေးနေ့တွင် စတင်စစ်ဆင်နေသည်ဟု ကေအဲန်ယူပြောခွင့်ရသူ စောဒေးဗစ်ထောကပြောသည်။

တိုက်ပွဲတွင် ရန်သူဘက်မှ (၁၀) ဦးကျဆုံးပြီး မိမိတို့ဘက်မှ (၄) ဦးကျဆုံးကြောင်း ၎င်းကပြောသည်။

တပ်ခရိုင်စစ်တပ်အကြီးအကဲ Phanu Wacharopas က ကရင်စစ်ပြေးဒုက္ခသည် (၃၀၀) ကျော်သည် ထိုင်းဘက်အခြမ်းသို့ ထွက်ပြေးလာကြောင်း အတည်ပြုသည်။

ဒုက္ခသည်အများစုသည် အုန်းဖျန်မြို့နယ်ရှိ ဘုန်းကြီးကျောင်းတကျောင်းတွင် ခိုလှုံနေကြောင်း တိုက်ပွဲများပြီးဆုံးသွားချိန်မှ အိမ်ပြန်ကြမည့်ပုံရကြောင်း ၎င်းကဆက်လက်ပြောကြားသည်။ ၎င်းကိစ္စနှင့်ပတ်သက်၍ နအ ဖစစ်တပ်ဘက်က တစုံတရာပြောကြားခြင်းမရှိပါ။

ကေအဲန်ယူသည် ကရင်အမျိုးသားကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အတွက် စစ်တပ်အုပ်ချုပ်သူများကို ရာစုတဝက်ကျော် တိုက်ခိုက်လာသော အင်အားအတောင့်တင်းဆုံး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ဖြစ်သည်။

စစ်အုပ်စုနှင့် ကေအဲန်ယူအကြားတွင် ၂၀၀၄ ခုနှစ်က အပစ်အခတ်ရပ်စဲရေးအတွက် နှုတ်အားဖြင့် သဘောတူထားသော်လည်း ၂၀၀၅ ခုနှစ်မှစတင်သော နအဖတပ်၏ မြန်မာပြည်အရှေ့ခြမ်းစစ်ဆင်ရေးကြောင့် အပြစ်မဲ့ အရပ်သားသိန်းချီ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့သည်။

နယ်စပ်တွင် ဒုက္ခသည်များကို အကူအညီပေးနေသောအဖွဲ့ (Thailand Burma Border Consortium) ၏ အဆိုအရ ၂၀၀၆ ခုနှစ်တနှစ်တည်းတွင် ကရင်ဒုက္ခသည် (၈) သောင်းကျော် အိုးအိမ်စွန့်ခွာခဲ့ရသည်ဟု သိရှိရသည်။ ❖


စစ်ဘေးကြောင့် တိမ်းရှောင်နေရသော ရွာသားများ

# လတ်တလောစိန်ခေါ်မှုများအတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) ကိုပြုပြင်ပြောင်းလဲ

## အဲန်အယ်လ်ဒီအယ်လ်အေ၏ တွဲဖက်အတွင်းရေးမှူး (၁) နှင့် မိုးကြိုးသတင်းစဉ်အင်တာဗျူး



❑ *ညီလာခံမှာ အပြောင်းအလဲတွေရှိတယ်လို့ ကြားပါတယ်။ ဘာတွေထူးခြားပါသလဲ။*

■ ထူးခြားမှုတွေရှိပါတယ်။

ပထမအချက်ကတော့ ဗဟိုကော်မတီဝင်အားလုံးကို ညီလာခံတဦးချင်းစီအတွက် ဆန္ဒမဲပေးပြီး စစ်မှန်တဲ့ဒီမိုကရေစီနည်းလမ်းအတိုင်း ရွေးချယ်တင်မြှောက်ပေးနိုင်ခဲ့ခြင်းပါ။

ဒုတိယအချက်ကတော့ အမြော်အမြင်ကြီးတဲ့ ညီလာခံကိုယ်စားလှယ်များဟာ ဖြစ်ပေါ်လာမယ့် ဗဟိုကော်မတီအသစ်မှာ အတွေ့အကြုံကြီးတဲ့ လူကြီးပိုင်းခေါင်းဆောင်များ၊ တပ်ပေါင်းစုဆက်ဆံရေးမှ အောင်မြင်မှုရရှိနေတဲ့ ခေါင်းဆောင်များ၊ စိတ်အားထက်သန်ပြီး ရိုးသားမှုအပြည့်ရှိတဲ့ လူငယ်ခေါင်းဆောင်များ၊ ပြည်တွင်းမှ အတွေ့အကြုံရှိပြီး အစဉ်အလာရှိတဲ့ အဖွဲ့ချုပ်လူငယ်ခေါင်းဆောင်များ၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ ပြည့်ဝစုံညီတဲ့ ဖွဲ့စည်းမှုတရပ်ကိုရွေးချယ်တင်မြှောက်ပေးနိုင်ခဲ့ပါတယ်။

❑ အခုလို Reform လုပ်နိုင်တဲ့အတွက် ပါတီအတွက် ဘယ်လိုအကျိုးကျေးဇူးတွေ ရှိမယ်ထင်ပါသလဲ။

■ ပါတီအတွက်သာမက .... မဟာမိတ်အင်အားစုများ အားလုံးအတွက်ပါ အကျိုးသက်ရောက်မှုတွေ ရှိနိုင်ပါတယ် ....။ အခြေခံအကျဆုံးကတော့ .... ပါတီရဲ့ core value တွေဖြစ်တဲ့ Efficiency, folidrity နဲ့ cooperativity တွေ တက်လာမှာဖြစ်ပြီး မဟာမိတ်အင်အားစုများနဲ့လဲ ပိုမိုထိရောက်စွာ လက်တွဲဆောင်ရွက်သွားနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ် ....။

❑ Policy အပြောင်းအလဲရော ရှိပါသလား။

■ Policy အပြောင်းအလဲနဲ့ပတ်သက်ပြီးပြောချင်တာကတော့ ဒီ ၂၀၀၇/၂၀၀၈ အတွင်းမှာ မြန်မာပြည်ရဲ့ နိုင်ငံရေးတဆစ်ချိုး အပြောင်းအလဲတွေဖြစ်အောင် ဖြစ်နိုင်တယ်လို့ သုံးသပ်ပါတယ်။ စစ်အုပ်စုဘက်ကတော့ သူတို့သွားမယ့်လမ်းကြောင်းကို သိသာထင်ရှားစွာပြောနေတယ်။ လပ်နေတယ် မလျှောက်တမ်းပဲ။ အဲဒီတော့ ကျနော်တို့ဖက်၊ ကျနော်တို့ဘက်ဆိုတာ (NLD - LA) အပါအဝင် မဟာမိတ်အင်အားစုများ၊ ဒီမိုကရက်တစ်အင်အားစုများ အားလုံးအနေ၊ ဒီအခြေအနေတွေကို လုံးဝမျှော်လိုက်ရင်း အချိန်ကုန်ခံသွားမှာတော့ မဟုတ်ဘူးလို့ သုံးသပ်ပါတယ်။ စစ်အုပ်စုရဲ့ Road Map ကို အဆင့်တိုင်းမှာ တိုက်ဖျက်သွားမယ်။ တိုက်လဲ တိုက်ဖျက်နေတယ်။ ဥပမာပြောရရင် ....

"ကဆုန်ပေါက်ပြေးနေတဲ့ မြင်းရိုင်းတကောင်ရဲ့လည်ပင်းကို ကြိုးကွင်းစွပ်ဖမ်းဖို့ဆိုတာ ကျနော်တို့ဖက်မှာလည်း လိမ္မာပါးနပ်ပြီး မြင်းရိုင်းကို အမီလိုက်ဖမ်းနိုင်လောက်အောင် ပြေးနိုင်မယ့် မြင်းကောင်းတလက်ရှိရမှာပါ။ ဒါကိုဖန်တီးယူရမှာပါ။ အဲဒီမြင်းကောင်းကို ကျွမ်းကျင်စွာစီးနင်းပြီးမှ မြင်းရိုင်းကို အမိဖမ်းနိုင်မှာပါ။

ဒါကြောင့် အားကောင်းပြီး စစ်အုပ်စုရဲ့ Road Map ကိုချေဖျက်နိုင်မယ်။ မဟာဗျူဟာအစီအမံတခုလိုပါတယ်။ အဲဒါကို ကျနော်တို့ပါဝင် ကြိုးပမ်းသွားမှာပါ။

❑လတ်တလောလုပ်ငန်းစဉ်အနေနဲ့ရော ခင်ဗျ။

■ လတ်တလောလုပ်ငန်းစဉ်တွေ အနေနဲ့ကတော့ .... လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နဲ့ နိုင်ငံရေးအကျဉ်းသားများအားလုံး လွတ်မြောက်ရေးကို ပြင်းပြင်းထန်ထန်တောင်းဆို တိုက်ပွဲဝင်သွားရမှာဖြစ်ပါတယ်။ အနာဂတ်နိုင်ငံတော်ရဲ့ အရေးကိစ္စတွေမှာ ဒေါ်အောင်ဆန်းစုကြည်ကို ချန်လှပ်ထားတာမျိုး လုံးဝလက်ခံလို့မရပါဘူး။ ဒေါ်အောင်ဆန်းစုကြည်က လူထုခေါင်းဆောင်ပါ။ လူထုကိုကိုယ်စားပြုပြီး အနာဂတ်ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး အစီအစဉ်တွေကို ဖော်ဆောင်တဲ့နေရာမှာ စစ်အုပ်စု တိုင်းရင်းသားခေါင်းဆောင်များနဲ့ တွေ့ဆုံဆွေးနွေးညှိနှိုင်းရမှာပါ။ လူထုကို တာဝန်ခံနိုင်ဖို့ လိုပါတယ်။ လူထုရဲ့ယုံကြည်အားထားမှု အပြည့်အဝရရှိထားသူဖြစ်ဖို့ အလွန်အရေးကြီးပါတယ်။ ဒါမှ steering ကောင်းကောင်းလုပ်နိုင်မှာပါ။

နောက် ၉၀ election Result .... အဲဒါ လူထုရဲ့ choice လူထုရဲ့သဘောထားဖော်ပြချက်ကို ဘယ်အရာနှင့်မျှ ဖျက်ဆီးပစ်ခြင်းမပြုတာဟာ ဒီမိုကရေစီရဲ့ ကိုယ်ကျင့်သိက္ခာပါ။ တကယ်စည်းကမ်းပြည့်ဝပြီး ဒီမိုကရေစီစနစ်ဆီကို ရည်မျှော်တယ်ဆိုရင် .... အဲဒီလို စည်းကမ်းဖောက်တဲ့ အမူအကျင့်မျိုး ဘယ်အစိုးရကမျှ မပြုလုပ်သင့်ပါဘူး။ နောက်ပြီး နိုင်ငံတော်ပြန်တမ်းများနှင့်အညီ အသိအမှတ်ပြုထားခဲ့တဲ့ ရွေးကောက်ပွဲရလာဒ်ပါ။ တန်ဖိုးထားရမှာပါ။ ဒါပေမယ့် ခုချိန်ခါမှာ စစ်အုပ်စုက သူတို့ရဲ့ Road Map (၇) ချက်အပေါ်မှာ အခိုင်အမာ ရပ်တည်လျှောက်လှမ်းနေတာ တွေ့ရပါတယ်။ အားလုံးလဲ အသိပါ။ ဒါကို ကျနော်တို့က အဆင့်အတိုင်းမှာ တိုက်ဖျက်သွားရမှာပါ။

အခု Hot ဖြစ်နေတဲ့စိန်ခေါ်မှုကတော့ Referendum နဲ့ New Election ပေါ့လေ။ ဒီစိန်ခေါ်မှုအပေါ်မှာတော့ .... ကျနော်တို့ အားပြင်းပြင်းနဲ့ ရင်ဆိုင်ဆောင်ရွက်သွားရမှာပါ။

❑ .... ခုနကပြောသွား တဲ့အထဲမှာ နအဖရဲ့ Referendum ဆိုတဲ့ စိန်ခေါ်မှုအပေါ်မှာ အားပြင်းပြင်းနဲ့ရင်ဆိုင်သွားမယ်ဆိုတဲ့အချက်ကို သတိထားလိုက်မိပါတယ်။ အဲဒါလေးရှင်းပြစေချင်ပါတယ်။

■ ဟုတ်ပါတယ်။ လတ်တလော စိန်ခေါ်မှုတွေအနက် အဲဒီ Referendum နဲ့ပတ်သက်တဲ့စိန်ခေါ်မှုဟာ ကျနော်တို့အတွက် အသက်တမျှ အရေးကြီးပါတယ်။ ကျနော်တို့ တိုက်လာသမျှ တိုက်ပွဲတလျှောက်လုံးရဲ့ အဆုံးအဖြတ် ခရာသံလဲ ဖြစ်ကောင်းဖြစ်သွားနိုင်ပါတယ်။ နောက်ပြီး ကျနော်တို့ပြည်သူလူထုတွေ တမျိုးသားလုံးတွက် စစ်တပ်ရဲ့ ဗိုလ်ကျစိုးမိုးမှုကို ရာသက်ပန်လိုင်စင် (Legitamacy) ထုတ်ပေးလိုက်ရမယ့် အဆုံးအဖြတ် အခိုက်အတန့်လည်း ဖြစ်သွားနိုင်ပါတယ်။

ဒါကို ကျနော်တို့ သတိကြီးကြီးထားပြီး မဟာမိတ်စစ်အင်အားစုများနဲ့အတူ ပြည်သူလူထုအားနဲ့ အတုအယောင်အမျိုးသားညီလာခံရဲ့အဆက် အတုအယောင် ပြည်သူ့ဆန္ဒခံယူပွဲကို အပြင်းအထန်ဆန့်ကျင်သွားရမှာပါ။

ဒီအတွက် ကျနော်တို့ (NLD - LA) နဲ့ အခြားမဟာမိတ်အင်အားစုများနဲ့အတူ ပြင်းပြင်းထန်ထန် ထိထိရောက်ရောက် ကြိုးပမ်းဆောင်ရွက်သွားရမှာပါ။

❖



ညီလာခံကိုယ်စားလှယ်များအား ညီလာခံအပြီးတွင် အတူတကွတွေ့မြင်ရစဉ်

## ဗိုလ်သန်းရွှေသမီးမင်္ဂလာဆောင်အခွေကြောင့် လူ (၂) ဦးအဖမ်းခံရ




ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏သမီး သန္တာရွှေမင်္ဂလာဆောင် ဗီဒီယိုတိတ်ခွေတွေ့ရှိမှုနှင့် လူ (၂) ဦးကို မတ်လ (၂၀) ရက်နေ့ညက ရပ်ကွက်အာဏာပိုင်တွေကနေ ဖမ်းဆီးပြီး နိုင်ငံတော်အသရေဖျက်မှုနှင့် အရေးယူလိုက်ကြောင်း သိရသည်။ ဧရာဝတီတိုင်း ညောင်တုန်းမြို့က လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ ဥက္ကဋ္ဌဟောင်း ကိုတင်ဌေးနှင့်တခြားတဦးကို ပုဒ်မ (၅၀၅) နိုင်ငံတော် အကြည်ညိုပျက်စေမှုနှင့် အာဏာပိုင်များက ဖမ်းဆီးလိုက်ခြင်းဖြစ်သည်။ ငွေကြေးအကုန်အကျများစွာဖြင့် ကျင်းပခဲ့သော သန္တာရွှေ၏မင်္ဂလာဆောင် အခွေသည် လွန်ခဲ့သောလများကတည်းက ပြည်တွင်းပြည်ပတွင်ပျံ့နှံ့နေပြီး မြန်မာ့ဒီမိုကရေစီအင်အားစုများက ပြန်လည်တည်းဖြတ်ထားသော စိန်စီသောညအခွေတွင် လူထုဘဝနှင့် စစ်အာဏာရှင်ကြီးများဘဝအဆင့်အတန်း ကွာဟချက်များကို နှိုင်းယှဉ်ပြထားသဖြင့် လူကြိုက်များသည်။ “ဒီဟာကတော့လေ မြန်မာနိုင်ငံတနိုင်ငံလုံးမှာ ကြည့်နေကြတာပဲ။ နိုင်ငံတော်အကြီးအကဲတဦးရဲ့သမီး မင်္ဂလာဆောင်ဆိုတော့လည်း ခမ်းခမ်းနားနားရှိတော့ လူတွေကလည်း စိတ်ဝင်စားတာပေါ့။ ကြည့်ချင်ကြတော့ အကုန်လုံးကြည့်နေကြတာ”ဟု ကိုတင်ဌေး၏ဇနီးဖြစ်သူ မလွင်လွင်မာက ဗွီအိုအေသို့ပြောသည်။ ကိုတင်ဌေးနှင့် ကိုသန်းထွန်းတို့ (၂) ဦးကို ညောင်တုန်းရဲစခန်းမှ ညောင်တုန်းအချုပ်သို့ပို့ထားပြီး မတ်လ (၂၉) ရက်နေ့မှ စတင်ရုံး ထုတ်စစ်ဆေးမည်ဖြစ်ကြောင်းလည်း သိရသည်။ ❖

### စာမျက်နှာ (၈) ဇွန်မှိုင်းဆောင်းပါးမှ

ကျောက်စာတိုင်ရဲ့ရှေ့မှာ .... မြို့တော်ခန်းမကြီးရဲ့ရှေ့မှာ .... ဆူးလေစေတီတော်မြတ်ခြေတော်ရင်းမှာ ....

ငြိမ်းချမ်းစွာဆန္ဒပြနေတဲ့ လူထုတွေကို အကြမ်းတမ်းဆုံး၊ အရက်စက်ဆုံး ပစ်ခတ်ဖြိုခွဲခဲ့ကြပါရောလား။

ဒီလိုရက်စက်စွာ၊ တရားမဲ့စွာ ချေမှုန်းဖြိုခွဲမှုတွေကို ပြည်သူတွေနှင့်အတူ ခံစားရင်းနာကျင်လာတဲ့အခါ ....

ရွှေတိဂုံတောင်ဘက်မုဒ် တရားပွဲဆိုတာပေါ်လာခဲ့ရတယ်။ အားလုံးမှတ်မိကြမှာပါ။

ဒီမှာ .... ဒေါ်စုက

“ဒီအရေးအခင်းဟာ တတိုင်းပြည်လုံးနဲ့ဆိုင်တဲ့ အရေးအခင်းဖြစ်နေပါတယ်။ ကျမအနေနဲ့ ဖေဖေ့ရဲ့သမီးလုပ်နေပြီး ခေါင်းရှောင်ပြီးတော့နေလို့မဖြစ်ပါဘူး။ ဒီအရေးအခင်းဟာ တကယ်တော့ ဒုတိယလွတ်လပ်ရေးတိုက်ပွဲကြီးလို့ဆိုရင်လည်း ဖြစ်ပါတယ်။ ဒီမိုကရေစီလွတ်လပ်ရေးကို ပြည်သူတွေအားလုံးက လိုချင်ဆန္ဒပြင်းပြလွန်းလို့ ဖြစ်ပေါ်လာတဲ့တိုက်ပွဲကြီးဖြစ်ပါတယ်”

အဲဒီလိုပြောဆိုချက်နဲ့အတူ ဒေါ်စုဟာ ပြည်သူတွေနှင့် စတင်လက်တွဲခဲ့ပါတယ်။

(၇)

ဒီလိုနဲ့ .... လူထုကြီးရဲ့ လှုပ်ရှားမှုဒီလှိုင်းကို စစ်အုပ်စုဟာ နည်းသဏ္ဍာန်မျိုးစုံသုံးပြီး တားဆီးခဲ့တယ်။

ဗိုလ်စိန်လွင်ရဲ့ အပစ်အခတ် အသတ်အဖြတ်နည်း၊ ဒေါက်တာမောင်မောင်ရဲ့ လေပြေသွေးပြီး ချော့ကစားတဲ့နည်း၊ ဗိုလ်စောမောင်ရဲ့ ငါးမကယ်သေဖွယ်ရာရှိဆိုတဲ့ ကယ်တင်ရှင်နည်း၊ နည်းသဏ္ဍာန်ပေါင်းစုံသုံးတာပါ။

မီးကုန်ယမ်းကုန်၊ အကြောက်အကန်ကာကွယ်တားဆီးတာပါ။ တောင်ပြိုတာကို လက်ဝါးမျိုးစုံနှင့် ကာကြည့်တာပါ။

ဒါပေမယ့် .... လူမျိုးပေါင်းစုံ၊ အလွှာပေါင်းစုံ၊ လူထုလူတန်းစားပေါင်းစုံ ပါဝင်လာခဲ့တာကြောင့် လူထုအားကို မလွန်ဆန်နိုင်တော့တဲ့အဆုံး နိုင်ငံရေးပါတီများ တည်ထောင်ခွင့်နှင့် ရွေးကောက်ပွဲကျင်းပပေးရေးဆိုတဲ့ခံကတုတ်တွေ သူ အရှုံးပေးလိုက်ရတာ ကျနော်တို့အားလုံး အမှတ်ရနေကြမှာပါ။

(၈)

အဲဒီလိုအနေအထားမှာတောင် နအဖစစ်အုပ်စုဟာ ခေါင်းကလေးဝင်ပါရစေဆိုပြီး တောင်းတောင်းဝင်လာတဲ့ ကုလားအုပ်ပုံပြင်လို၊ တဆင့်ချင်း တရစ်ချင်း ဝက်အူရစ်သလို အခွင့်အလမ်းဝင်တိုင်း တိုးတိုးပြီးကြပ်လာခဲ့ပြန်တယ်။

၁၉၈၉ ၊ မတ်လ (၂၃) ရက်နေ့မှာ ကိုမင်းကိုနိုင်ကို ဖမ်းဆီးလိုက်တာက စတယ်လို့ ကျနော်မှတ်မိနေတယ်။

သူ့ဘက်က ထိုးစစ်သဖွယ်တိုးလာတယ်။

နောက်တော့ ကျောင်းသားခေါင်းဆောင်တွေဖမ်း၊ ပြည်သူ့တိုးတက်ရေးပါတီ ဥက္ကဋ္ဌ ဦးခင်မောင်မြင့်အပါအဝင် နိုင်ငံရေးခေါင်းဆောင်တွေဆက်ဖမ်း၊ နိုင်ငံရေးပါတီတချို့ တရားမဝင်ကြေညာဖျက်သိမ်း၊ “ဘယ်ပါတီနှင့်မှ စကားမပြောနိုင်ဘူး၊ သူ့မှာ စကားလက်ခံပြောဖို့ အချိန်မရှိဘူး”လို့ တူးတူးခါးခါးငြင်း။

ထင်တိုင်းရမ်းကားလာတဲ့အတွက် ....

ဒေါ်အောင်ဆန်းစုကြည်က ၁၉၈၉ ဇူလိုင်လဆန်းမှာ ....

“ဒီကနေ့ နဝတရဲ့လုပ်ရပ်တွေကို ကြည့်မယ်ဆိုရင် ကျမတို့နိုင်ငံမှာ ဖက်ဆစ်စနစ်လွှမ်းမိုးနေပြီဆိုတာ အင်မတန်မှထင်ရှားပါတယ်။ ဒီဖက်ဆစ်စနစ်အောက်မှာ ကျမတို့ဟာ ဆက်လက်ပြီးတော့ ခက်ခက်ခဲခဲကြိုးပမ်းရမှာဖြစ်ပါတယ်”

အခုလိုထောက်ပြခဲ့ပြီး သူ့တပ်ကိုသူပြင်ဆင်ခဲ့ပါတယ်။

တကယ်ဆိုရင် ဒေါ်စုလည်း ဒီလိုစကားမျိုးထိ မလိုဘဲပြောမှာမဟုတ်ပါဘူး။ တကယ်ကိုမလွှဲသာတော့လို့ ဖွင့်ချဝေဖန်ပြောဆိုလိုက်ရတာဖြစ်မယ်လို့ ကျနော်ဆင်ခြင်မိပါတယ်။ “မတရားတဲ့ အမိန့်အာဏာမှန်သမျှ တာဝန်အရဖီဆန်ကြ”ဆိုတာ အဲဒီကာလရဲ့တိုက်ပွဲကြွေးကြော်သံ ဒါကြောင့်ဖြစ်ခဲ့ရတာပါ။

(၉)

တိုက်ပွဲပုံသဏ္ဍာန်ကို ဘယ်သူပြဋ္ဌာန်းတာလဲ။

ကျနော်တို့က ဘယ်လောက်ပင်ငြိမ်းချမ်းစွာဆိုတဲ့နည်းကို ရွေးချယ်ချင်ပေမယ့် စစ်အုပ်စုဟာ ရွေးချယ်ခွင့်၊ ရွေးချယ်ချိန် ဘယ်လောက်ပေးမှာလဲ။ ကျနော်မြင်တာကတော့ သိပ်ပေးတော့မယ်မထင်ပါ။

ကျနော်တို့မှာ ခြေလှမ်းမရှိရင်၊

ကျနော်တို့မှာ ပြင်ဆင်မှုမဲ့နေရင်၊

စစ်အုပ်စုရဲ့ပစ်ကွင်းထဲမှာ တည့်တည့်ရပ်ပေးမိရက်သားဖြစ်သွားမှာကို ကျနော်စိုးရိမ်တယ်။

ဒါကို .... ကျနော်တို့အင်အားစုတွေအားလုံးလည်း သတိချပ်မိကြပေလိမ့်မယ်ဆိုတာကိုလည်း ကျနော်ယုံကြည်ပါတယ်။ ဘယ်လိုအနေအထားမှာပဲဖြစ်ဖြစ် ကျနော်တို့ နောက်ကျမကျန်ရစ်ခဲ့သင့်ပါ။

ဇွန်မှိုင်း

(၂၃၊ ၃၊ ၂၀၀၇)

## (၆၂) နှစ်မြောက် တော်လှန်ရေးနှစ်မြောက် တော်လှန်ရေးနေ့ထုတ်ပြန်ကြေညာချက်

၁။ ၁၉၄၅ ခုနှစ် မတ်လ (၂၇) ရက်နေ့တွင် မြန်မာနိုင်ငံမှ ဖက်ဆစ်စနစ်ဆိုးကို မြန်မာ့မျိုးချစ်တပ်မတော်နှင့် တိုင်းရင်းသားပေါင်းစုံပြည်သူတရပ်လုံးမှ စုစည်းညီညွတ်စွာဖြင့် အမြစ်ပြုတ်တွန်းလှန်တိုက်ခိုက်နိုင်ခဲ့ကြသည်မှာ ယခုဆိုလျှင် (၆၂) နှစ်တိုင်ခဲ့ပြီဖြစ်သည်။ ဤအချိန်အခါသမယတွင် ဖက်စစ်ဆန့်ကျင်ရေး အစဉ်အလာကြီးမားသည့် တပ်မတော်ကြီးအား ကိုယ်ကျိုးစီးပွားအတွက် လွဲမှားစွာအသုံးချနေသည့် အာဏာရှင်ဗိုလ်ချုပ်တစု၏ ဆိုးရွားယုတ်မာသောလုပ်ရပ်ကြောင့် တိုင်းပြည်ကြေမွပျက်သုန်းနေရသည့်အဖြစ်ဆိုးကို အမျိုးသားထုတရပ်လုံးက ရင်ဆိုင်နေရသည်။

ယနေ့တိုင် တိုက်ခိုက်ချေမှုန်းခြင်းမပြုနိုင်မှုအပေါ် အလေးအနက်ပြန်လည်သုံးသပ်ရန်လိုမည်ဖြစ်ကြောင်း ကျွန်ုပ်တို့ ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ၏ သဘောထားကို ထုတ်ပြန်လိုက်သည်။

၂။ ယနေ့ မြန်မာနိုင်ငံ၏အခြေအနေအရပ်ရပ်သည် ဖက်ဆစ်စနစ်ကျင့်သုံးခံခဲ့ရသည့်ကာလ (၁၉၄၂–၄၅) ထက်များစွာဆိုးရွားစွာ ခံစားနေရသည်။ နအဖစစ်ခေါင်းဆောင်များသည် မြန်မာနိုင်ငံကို စစ်တပ်ကြီးစိုးလွှမ်းမိုးသည့် စစ်အာဏာရှင်စနစ်တည်တံ့ခိုင်မြဲရေးအတွက် အပြင်းအထန်အားထုတ်လျှက်ရှိသည်။ ဒီမိုကရေစီကျင့်စဉ်နှင့်ဖြောင့်ဖြောင့်ဆန့်ကျင်သွေဖီလျှက် တရားစီရင်ရေးမဏ္ဍိုင်ကို လက်ကိုင်ဒုတ်အဖြစ်အသုံးပြုကာ တိုင်းပြည်အကျိုးမျှော်ကိုးသူ အတိုက်အခံနိုင်ငံရေးအင်အားစုများအပါအဝင် အဖိနှိပ်ခံပြည်သူအားလုံးကို နည်းမျိုးစုံဖြင့်ချေမှုန်းနေသည်။

၃။ နအဖစစ်အစိုးရသည် ၁၉၉၀ ပြည့်ရွေးကောက်ပွဲများမှတဆင့် ဖော်ပြခဲ့သည့် တိုင်းရင်းသားပေါင်းစုံပြည်သူတရပ်လုံး၏ ဆန္ဒသဘောထားများကို အပြီးတိုင်ဖျက်သိမ်းချေမှုန်းရန် ကြိုးပမ်းလျက်ရှိသည်။ နိုင်ငံရေးအင်အားစုများကို နည်းမျိုးစုံသုံးဖြိုခွဲနေသည်။ အမျိုးသားနိုင်ငံရေးအင်အားစုများ ပူးတွဲလုပ်ငန်းကော်မတီ (JAC) ကို ဖန်တီး၍ဌင်းင်းတို့၏ လက်ကိုင်ဒုတ်အဖြစ်အသုံးပြုရန် စနစ်တကျ ကြိုးပမ်းပြင်ဆင်နေသည်ကို တွေ့မြင်နေရသည်။ ဖက်ဆစ်စနစ်ထွန်းကားစဉ်ကာလအတွင်း ဖက်ဆစ်အလိုတော်ရိများပေါ်ပေါက်ခဲ့သည့် သာဓကများကို ပြန်လည်စံနမူနာပြုရမည်ဖြစ်သည်။ ဖက်ဆစ်စနစ်နှင့် အာဏာရှင်စနစ်များတွင် ဖြစ်လေ့ဖြစ်ထရှိသည့် သမိုင်းဖြစ်ရပ်မှန်များကို ပြန်လည်သုံးသပ်ရမည်ဖြစ်သည်။

၄။ ယနေ့ကာလမြန်မာနိုင်ငံတွင် လက်ရှိဖြစ်ပေါ်နေသည့် နိုင်ငံရေးဖြစ်ထွန်းမှုများအရ ၁၉၉၀ ပြည့်ပါတီစုံအထွေထွေရွေးကောက်ပွဲကြီး၏ရလဒ်ဖြစ်သည့် ပြည်သူ့လွှတ်တော်တရပ်ပေါ်ထွန်းရေးသည် ဖြစ်ပေါ်ဆဲ နိုင်ငံရေးပြဿနာများကို မှန်ကန်စွာဖြေရှင်းပေးနိုင်မည့် အခြေခံအုတ်မြစ်ဖြစ်သည်ဟု ကျွန်ုပ်တို့အမျိုးသားကောင်စီအနေဖြင့် အလေးအနက် သုံးသပ်သည်။ ယင်းအခြေခံကိုဖော်ဆောင်ရန်မှာ တွေ့ဆုံဆွေးနွေးအဖြေရှာသည့်နည်းလမ်းမှလွဲ၍အခြားမရှိပေ။ ပြည်သူ့ဆန္ဒမှန်ကို မဖြစ်မနေဖော်ထုတ်ရန်မှာ အမျိုးသားကောင်စီနှင့်တကွ တိုင်းရင်းသားပြည်သူတရပ်လုံးအပါအဝင်၊တကမ္ဘာလုံးရှိ တိုင်းချစ်ပြည်ချစ်များအားလုံး၏ တာဝန်တရပ်ဖြစ်သည်ဟု အလေးအနက် သုံးသပ်တင်ပြလိုပေသည်။

၅။ အပိုဒ် (၄) ဖော်ပြပါ ပြည်သူ့ဆန္ဒကို အကောင်အထည်ဖော်ရေးအတွက် ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီအနေဖြင့်မူ လက်ရှိအခြေအနေအရပ်ရပ်နှင့် ကိုက်ညီသည့် တိုက်ပွဲပုံစံများကို အပြင်းအထန် ပြင်ဆင်နေပြီ ဖြစ်သည်။ တိုင်းရင်းသားပေါင်းစုံပြည်သူတရပ်လုံး၏ အနာဂတ်မျှော်မှန်းချက်ဖြစ်သည့် ဒီမိုကရေစီရေးနှင့် ဖက်ဒရယ်ပြည်ထောင်စုပေါ်ထွန်းရေးကို ရည်ရွယ်မည့် တိုက်ပွဲလမ်းစဉ်ကို အဓိကအလေးထားအကောင်အထည်ဖော်ဆောင်သွားမည်။

၆။ တချိန်တည်းတွင် ဖက်ဆစ်စနစ်ထက်အဆပေါင်းများစွာ ဆိုးရွားသည့် နအဖစစ်အာဏာရှင်စနစ်ကို ဖက်ဆစ်စနစ်ကိုတော်လှန်ခဲ့ကြသည့် တိုင်းချစ်ပြည်ချစ် စိတ်ဓာတ်မျိုးဖြင့် တိုက်ပွဲဝင်သွားရန် အထူးအရေးကြီးကြောင်း အလေးအနက် သတိပြုကြရမည်ဖြစ်သည်။ တိုင်းရင်းသားပေါင်းစုံ ပြည်သူတရပ်လုံးပါဝင်သည့် တိုက်ပွဲပုံစံမျိုးဖြစ်ရန် အထူးလိုအပ်သည်။ စစ်အာဏာရှင်အလိုတော်ရိများကိုလည်း အထူးသတိပြုချေမှုန်းသွားရန်လိုအပ်မည်ဖြစ်သည်။

၇။ သို့ဖြစ်၍ လွန်ခဲ့သည့် (၆၂) နှစ်တာကာလ ဖက်ဆစ်ဆန့်ကျင်ရေး၊ ပြည်သူ့လွတ်မြောက်ရေးတိုက်ပွဲကြီးဖြစ်သည့် တော်လှန်ရေးကာလအတွင်း အသက်ပေးလှူသွားကြသော၊ အာဇာနည်သူရဲကောင်းအပေါင်းကို အထူးဂုဏ်ပြုအပ်ပါသည်။ တော်လှန်သော သူရဲကောင်းများအသက်သွေးများဖြင့်ရေးသားခဲ့သည့် တော်လှန်သမိုင်းမှ တော်လှန်ရေးနေ့ကို တပ်မတော်နေ့ဟု တိုင်းရင်းသားပေါင်းစုံပြည်သူတရပ်လုံးကို ပက်ပက်စက်စက်စော်ကားထားသည့် စစ်အုပ်စု၏ အာဏာသုံး ပြင်ဆင်သတ်မှတ်မှုကိုလည်း အပြင်းအထန်ရှုံ့ချလိုက်သည်။

၈။ သို့ဖြစ်၍ လွန်ခဲ့သည့် (၆၂) နှစ်က မြန်မာပြည်သူတို့သည် ပြည်သူတရပ်လုံး၏ ဘုံရန်သူအဖြစ် ဖက်ဆစ်ဂျပန်တို့ကို တပြည်လုံး ထကြွတော်လှန်၍ ပထမအမျိုးသားလွတ်မြောက်ရေးတိုက်ပွဲကို အောင်မြင်စွာ ဆင်နွှဲခဲ့သည့်နည်းတူ၊ ယနေ့ကာလ တမျိုးသားလုံး၏ ဘုံရန်သူဖြစ်သည့် တပ်မတော်၏အင်အားကို အလွဲသုံးစားပြု၍ ကိုယ်ကျိုးရှာနေသော စစ်အာဏာရှင်တစုအား အမျိုးသားသွေးစည်းညီညွတ်ရေးအင်အားဖြင့် အမြစ်ပြတ်ချေမှုန်း တိုက်ပွဲဝင်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

စစ်မှန်သည့်တော်လှန်ရေးတိုက်ပွဲများမုချအောင်မြင်ရမည်။

ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ

၂၀၀၇ ခုနှစ်၊ မတ်လ (၂၇) ရက်။

ဆက်သွယ်ရန် – ဦးမြင့်သိန်း – ဖုန်း – ၆၆ – ၀၈၇ – ၈၀၈ –၃၅၅၂

# ပြည်သူ့ စစ်သား ဇာနည်ဖွားတွေ





ကျမအသက် ဆယ့်ငါးနှစ် ကိုးတန်း ကျောင်းသူဘဝက ရှေ့တန်းပြန်တပ်မတော်သားတွေကို သွားကြိုခဲ့ဖူးတယ်။ ကလေးတို့ထုံးစံအတိုင်း ကျောင်းတက်ချိန်ဖျက်ပြီး လမ်းပေါ်မှာ သူငယ်ချင်းတွေအစုလိုက်အဖွဲ့လိုက်နဲ့ အော်ဟစ်ငြင်းခုန်ကြ၊ အစသန်တဲ့ ကောင်လေးသူငယ်ချင်းတွေနဲ့ ရန်ဖြစ်လိုက်ကြနဲ့ ပျော်စရာကောင်းခဲ့တာကို ငယ်ဘဝရဲ့ ပုံရိပ်များစွာထဲက တခုအဖြစ် အမြဲလိုအမှတ်ရမိတတ်ပါတယ်။

ချောက်မြို့ဟာ အတော့်ကိုပူတယ်လို့ ပြောရတာတောင် တော်တော်ပူနေတဲ့မြို့ပါ။ နေပူကြီးထဲမှာ ကျမတို့ စိတ်အားသန်သန်နဲ့ ရှေ့တန်းပြန်တပ်မတော်သားတွေကို ပန်းကုံးတွေကိုင်ပြီးစောင့်နေခဲ့ကြပါတယ်။ ကျမအမှတ်မမှားဘူးဆိုရင် ချောက်မြို့မှာရှိတာ တပ်ရင်း (၁၃) ပါ။ တပ်ရင်းမှူးရဲ့ သားနဲ့သမီးက ကျမတို့အခန်းထဲမှာ မွန်နီလို့ခေါ်တဲ့ အဲဒီတပ်ရင်းမှူးသမီး လှရှိုင်းချင်းမလေးက ကျမနဲ့သိပ်ခင်တယ်။ သူ့အကို လားဖော် (လားဆိုတာ သူတို့ဘာသာနဲ့ အကိုလို့ခေါ်တာလို့ မွန်နီက ကျမကို ပြောပြဖူးပါတယ်) သူတို့တင်မကသေးဘူး။ တပ်ရေးအရာခံဗိုလ်တယောက်ရဲ့သားရယ်၊ တပ်ကြပ်ကြီးတယောက်ရဲ့ အလွန်ကို အစအနောက်သန်တဲ့ သားရယ်လဲ ကျမငယ်သူငယ်ချင်းလေးတွေပါပဲ။

အဲဒီတုန်းက ကျမတို့ထက် အသက်နည်းနည်းပိုကြီးပြီး အပျိုကြီးဖားဖားဖြစ်နေကြတဲ့ နှစ်ကျ ဆယ်တန်းကျောင်းသူကြီးတွေရဲ့ နှုတ်ခမ်းဖျားမှာ ရေပန်းစားခဲ့သူကတော့ ဗိုလ်အောင်မင်းပါပဲ။ သူက ရန်သူတွေနဲ့ အနီးကပ်ရင်ဆိုင်တိုက်ရတဲ့အခါတိုင်းမှာ'အောင်မင်းတပ်ကွ'လို့ ကြွေးကြော်လေ့ရှိသတဲ့။ တိုက်ပွဲတိုင်းမှာလည်း သူ့ဘက်က ရှုံးရိုးထုံးစံမရှိဘူးဆိုပဲ။ အဲဒီတော့ ရန်သူကလည်း အောင်မင်းဆိုရင် အစိမ်းလိုက်ဝါးစားမယ်ကွလို့အော်ပြီး တက်လာကြတယ်ဆိုပဲ။ အဲဒီတခေါက်တုန်းက ဗိုလ်အောင်မင်းဟာ ရန်သူ့နယ်မြေထဲကျပြီး အလောင်းတောင်ပြန်မရတော့ဘူးလိုလို ကြားရာကနေ နောက်တန်းပြန်ကာနီးမှ ဒဏ်ရာအထပ်ထပ်သွေးအလိမ်းလိမ်းနဲ့ ပြန်ရောက်လာခဲ့တယ်လို့ ရှေ့တော်ပြေးသတင်းတွေကြားနေရတော့ အပျိုကြီးမမတွေက သူ့ကိုမှ သူ့ကိုပန်းကုံးမစွပ်လိုက်ရရင် လူဖြစ်ကျိုးမနပ်တော့သလောက်ကို ဖြစ်ခဲ့ကြတာကိုလည်း မြင်ဖူး၊ ကြားခဲ့ရဖူးပါတယ်။

ပြည်သူ့တပ်မတော်သားတွေရဲ့ မှုန်ရှေရည်မင်းသားဘဝတွေဟာ ပုံပြင်လေးတွေတော့ မဟုတ်ခဲ့ပါဘူး။

နောက်တယောက် ကျမနားကြားနဲ့ ရင်းနှီးခဲ့တဲ့ ဗိုလ်ကြီးတယောက်ကတော့ ဗိုလ်တင်အောင်တဲ့။ သူနဲ့ ကျမမိဘတွေ ရင်းနှီးခင်မင်ခဲ့ကြချိန်မှာ ကျမအသက်က ငါးနှစ် ....

အဲဒီတုန်းက အဖေက ဘွဲ့ရခါစ။ တိုင်းပြည်နဲ့လူမျိုးအတွက် အလွန်ကို ကိုယ်ကျိုးစွန့်ပြီး တာဝန်ထမ်းလိုစိတ် ပြင်းပြနေချိန်။ သူ့သူငယ်ချင်းတွေက မြေပြန့်မှာ အထက်တန်း ကျောင်းအုပ်ရာထူးတွေယူနေတဲ့အချိန်မှာ သူက မကွေးတိုင်း၊ စေတုတ္တရာမြို့နယ်လေးထဲက အဖြူရောင်နယ်မြေမဟုတ်တဲ့ချင်းရွာလေးကို အလယ်တန်းကျောင်းအုပ်ရာထူးနဲ့ (အဲဒီရွာလေးရဲ့ ပထမဦးဆုံး ဗမာအရာရှိငယ်အဖြစ်) ချီတက်သွားခဲ့တယ်။

အဖေက သူတယောက်တည်း မိသားစုမပါဘဲ ဘယ်ကိုမှသွားသူမဟုတ်တဲ့အတွက် အမေဟာ သူ့ကျောင်းကလစာမဲ့ခွင့်ယူပြီး အဖေ့ကျောင်းမှာ လခမရဘဲ စာသင်ပေးခဲ့ရပါတယ်။

အဲဒီနယ်မြေမှာ အဲဒီတုန်းက ကွန်မြူနစ်တွေခိုအောင်းနေပြီး သူတို့အချင်းချင်းလည်း တိုက်ပွဲဖြစ်၊ အစိုးရစစ်ကြောင်းနဲ့လည်း တိုက်ပွဲဖြစ်နေကြတဲ့ အညိုရောင်နယ်မြေသတ်မှတ်ထားတဲ့ အဲဒီ အုန်းဝါးရွာလေးကိုသွားဖို့ ကင်းလှည့်စစ်ကြောင်းကို စောင့်ရပါတယ်။

အမေတို့နဲ့ မကြာခဏ ဆုံတဲ့ဗိုလ်လေးက အခုကျမသတိရနေမိတဲ့ ဗိုလ်တင်အောင်ပါပဲ။ ကျမတို့ရဲ့ပါးပြင်ထက်တောင် နုနယ်လှတဲ့ အမေ့ခြေထောက်ကလေးတွေဟာ ခြေကျင် (၃၆) မိုင်ခရီးတဝက်မကျိုးခင်မှာ သွေးစိမ်းရှင်ရှင်ပန်းထွက်တော့ ဗိုလ်တင်အောင်က 'အကိုမှားပါပြီ ခေါ်လာမိတယ်' လို့ သီချင်းအော်အော်ဆိုပြီး အဖေနဲ့အမေ့ကိုတလမ်းလုံး ကျီစယ်လာခဲ့တယ်ဆိုတာ အမေ မကြာခဏပြန်ပြောတတ်တဲ့ ဒုက္ခကိုကျော်ဖြတ်ခြင်းဆိုတဲ့ စိတ်တက်ကြွလှုပ်ရှားဖွယ် အိပ်ရာဝင်ပုံပြင်တပုဒ်ပါပဲ။

အဲဒီရွာကလေးမှာ သုံးနှစ်နီးပါး ကြာခဲ့ပြီး ကျမတို့လည်း ချောက်မြို့ကိုရောက်၊ ဗိုလ်တင်အောင်လည်း မိတ္ထီလာတပ်ကို တာဝန်ကျသွားခဲ့ပါတယ်။ ကျမတို့ချောက်ကိုရောက်လို့သိပ်မကြာပါဘူး။ ချောက်မှာ ရေနံမြေအလုပ်သမားတွေ ပါတီရုံးရှေ့မှာ ဆန္ဒပြကြပါတယ်။ ကျမတို့က ကျောင်းမတက်ရလို့ ပျော်တာကိုပဲသိတဲ့ ကလေးလေးအရွယ်တွေပါ။

ကျမသိရတာကတော့ အဲဒီအရေးအခင်းနဲ့ပတ်သက်တယ်ဆိုပြီး စလေအကျဉ်းထောင်မှာ နိုင်ငံရေး သုံးနှစ်ခွဲတိုက်ပိတ်ခံလိုက်ရတဲ့ ပုဂ္ဂိုလ်နှစ်ဦးပါ။ တယောက်က အဖေ့ကျောင်းက ဆရာဦးချစ်တင်ဖြစ်ပြီး အခုတော့ထောင်ထဲကရခဲ့တဲ့ ကျန်းမာရေးဆိုးရှုံးခဲ့ရတဲ့ နာတာရှည်ဒဏ်ရာနဲ့ပဲ ဆုံးသွားရှာပါပြီ။ နောက်တယောက်ကတော့ ချောက်မြို့နယ်က အမတ်ဦးမြင့်သိန်းပါ။ သူတို့ဆိုရင်တော့ အဲဒီအရေးအခင်းအကြောင်းကို ကျမထက်ပိုပြီး ပြောပြနိုင်မှာပါ။

အဲဒီအချိန်ဟာ ကျမအဖေအတွက်တော့ ဘုရားဂုဏ် တရားဂုဏ်ကြောင့် သေကံမရောက်ခဲ့တာဆိုပဲ။ အစိုးရိမ်ကြီးတဲ့ အမေက အဖေ့ကို လမ်းပေါ်တောင်ပေးမထွက်ခဲ့လို့ လွတ်ခဲ့တာဆိုတော့ အမေ့ကျေးဇူးကြောင့်လို့ပြောမယ်ဆိုလည်း ပြောလို့ရပါတယ်။

ချောက်ကိုရောက်စက မဆလပါတီဥက္ကဋ္ဌက အရံပါတီဝင်တောင်မဟုတ်တဲ့ အဖေ့ကို ပါတီဝင်ဖြစ်အောင်လာစည်းရုံးပါတယ်။ (၆၂) ခုနှစ်ကျောင်းသားဖြစ်တဲ့အဖေက သူ့ဆရာ သူ့သူငယ်ချင်းတွေရဲ့ အဖြစ်ဆိုးတွေကို မမေ့နိုင်တဲ့အတွက် ပါတီဝင်ဖို့ စိတ်ကူး နည်းနည်းမှမရှိခဲ့ပါဘူး။ အဲဒါကို ပါတီဥက္ကဋ္ဌဦးလှကြည်က အညှိုးထားပြီး တကယ်လို့ အဖေကများ အဲဒီဆန္ဒပြနေကြတဲ့သူတွေအနားများ အဖေဖြစ်သွားခဲ့ရင် တခါတည်းဖမ်းဖို့ သူ့လူတွေကို ညွှန်ကြားထားခဲ့ကြောင်း နောက်သုံးလေးနှစ်လောက်ကြာတဲ့အခါမှာ သိလိုက်ရပါတယ်။ ဓမ္မမိတ်ဆွေတွေအဖြစ်နဲ့ မယ်သီလရှင်ကျောင်းတခုမှာ ခင်မင်ခဲ့ကြတဲ့ သူ့ညီအရင်းကိုယ်တိုင်က ဖွင့်ပြောခဲ့တာပါ။

အဲဒီလို လူတယောက်ကို သူ့စိတ်အလိုကျ ဗောင်းတော်မငြိမ့်ရုံလေးနဲ့ ဘဝတုံးအောင်စီရင်ဖို့ကို အခုလိုဆန္ဒပြနေကြတဲ့ လူစုလူဝေးကြားမှာ မမေ့မလျော့စီစဉ်နိုင်ခဲ့သေးတဲ့ ပါတီဥက္ကဋ္ဌရဲ့ဦးနှောက်က တုန်လှုပ်ကြောက်ရွံ့စရာပါ။

ပါတီရုံးရှေ့က ထိုင်သပိတ်ကို နှိမ်နင်းဖို့ မိတ္ထီလာက စစ်တပ်ကို ပါတီဥက္ကဋ္ဌက လှမ်းခေါ်ပါတယ်။ တပ်မတော်သားတွေဟာ ကားကြီးတွေနဲ့ရောက်လာကြပြီး သပိတ်သမားတွေကို လက်နက်အပြည့်ချိန်ရွယ်ပြီး ပိတ်ဆို့ဝိုင်းရံထားလိုက်ကြပါတယ်။

နေပူ လေပူကြားမှာ အညာတဘက်စောင်လေးတွေခေါင်းပေါင်းလို့၊ ဖိနပ်နောက်မြီးတိုလေးတွေဖင်ခုထိုင်လို့ ဆန်ပိုလိုချင်တာကို အသံထွက်ပြီးတော့တောင် အော်မတောင်းနိုင်ကြလောက်အောင် အာဟာရပြတ်နေတဲ့ အဲဒီသပိတ်သမားတွေက သူတို့ကိုချိန်ထားတဲ့ သေနတ်တွေကို မထုံတက်တေး ငေးကြည့်နေကြတယ်။

အဲဒီလိုနဲ့ နာရီပေါင်းအတော်ကြာလာတဲ့အခါ တပ်စုတစုကိုဦးဆောင်လာတဲ့ စစ်ဗိုလ်လေးတယောက်ဟာ တခုခုကို သင်္ကာမကင်းဖြစ်လာပါတယ်။ သူ့ကို သူ့အထက်အရာရှိက ခေါ်ပြောတာက....

"ချောက်မှာ အလုပ်သမားတွေက ပါတီရုံးကိုဝိုင်းထားလိုက်ကြပြီ။ ပါတီဥက္ကဋ္ဌလဲ အထဲမှာပိတ်မိနေတယ်။ သူတို့က ပါတီရုံးကို မီးရှို့မယ်လို့ပြောနေတယ်။ အချိန်မှီသွားပါ" လို့ အရေးတကြီးလွှတ်လိုက်တာဖြစ်ပါတယ်။

အခုတော့ အမြင်နဲ့အကြားက ခါးတောင်းကြိုက်တခြား၊ ဖင်တခြား ဆိုသလိုဖြစ်နေတယ်။

နေပူကျဲကျဲမှာ ထိုင်နေကြသူတွေလက်ထဲမှာ မီးရှို့စရာဆိုလို့ ဆေးလိပ်တိုတောင် မရှိရှာဘူး။

သူတို့ကိုချိန်ထားတဲ့ သေနတ်ကိုလည်း ထုံကြောင်ကြောင်မျက်လုံးတွေနဲ့ ငေးလို့။

ဒါနဲ့ စစ်ဗိုလ်လေးက သေနတ်ပြောင်းကို အောက်စိုက်ချလိုက်ရင်း အနီးဆုံးက ရေနံမြေအလုပ်သမကြီးကို လှမ်းမေးလိုက်ပါတယ်။

"ခင်ဗျားတို့ ပါတီရုံးကို မီးရှို့ကြမလို့ဆို"

အဲဒီအခါမှာ အလုပ်သမကြီးက ဒေါသကို မောင်းမဖြုတ်ရသေးတဲ့ စစ်ဗိုလ်လေးကို ဒီလိုပြန်ပြောလိုက်ပါတယ်။

"ဟယ် .... စစ်ဗိုလ်ကြီးရယ်။ ကျုပ်တို့မှာ အဲဒီလိုလုပ်ဖို့ ဘယ်တုံးကမှ မစဉ်းစားခဲ့ဖူးကြပါဘူး။ ကျုပ်တို့က ထမင်းမဝလို့ ဆန်ပေးပါလို့ လာတောင်းကြတာပါ။ စားစရာဆန်လေးရရင် ပြန်မှာပါကွယ်"

အဲဒီ ၁၉၇၃–၄ နှစ်တွေပတ်ဝန်းကျင်မှာ ကုန်ဈေးနှုန်းတွေတက်ပြီး လခနဲ့မလောက်ကြတော့ဘဲ ဝန်ထမ်းတွေ စတင်ကြပ်တည်းချိန်ဖြစ်ပါတယ်။ ကျမမှတ်မိသလောက်ဆိုရင် ဖယောင်းချက်စက်ရုံထဲက အလုပ်သမားတွေဟာ ဖယောင်းတိုင်ကိုရေအေးစိမ်ပြီး စွန့်ပစ်တဲ့ရေဆိုးတွေထဲမှာ အလေ့ကျပေါက်နေတဲ့ ကန်စွန်းရွက်တွေကို ရုံးဆင်းချိန်မှာ အလုအယက်ခူးသွားကြရပြီး ပိုးစော်နံနေတဲ့ နှစ်ချို့ထုတ်ဆန်နဲ့ ရောကြိုသောက်နေကြရချိန်ပါ။

ရိုးရိုးကြီးပြောလိုက်တဲ့ ရေနံမြေအလုပ်သမကြီးရဲ့အဖြေစကားဟာ စစ်ဗိုလ်လေးရဲ့ရင်ကို နင့်နေအောင် ထိမှန်သွားပုံရပါတယ်။ ချက်ချင်းပဲ သူ့ရဲ့တပ်စုကို သူက သေနတ်တွေရုပ်ဖို့ အမိန့်ပေးလိုက်ပြီး ....

"အဒေါ်တို့ တောင်းစရာရှိသမျှ ရအောင်ဆက်တောင်းပါ။ အဒေါ်တို့ကို နှောက်ယှက်တဲ့ ဘယ်သူ့ကိုမဆို ကျနော်ပစ်သတ်မယ်"လို့ ပြောလိုက်ပါတယ်။

အဲဒီဆန္ဒပြပွဲမှာ အောင်မြင်မှုရခဲ့ပြီး နေ့စားအလုပ်သမားတွေ (၃ ကျပ် ၁၅ ပြား) ကနေ (၆ ကျပ် ၅၀ ပြား) အထိ လခတိုးရခဲ့ပါတယ်။ (အဲဒီလိုပဲ ကျမမှတ်ခဲ့ဖူးပါတယ်)

အဲဒီစစ်ဗိုလ်ကလေးဟာ စေတုတ္တရာမြို့နယ်၊ အုံးဝါးရွာကလေးမှာတုန်းက ရွာပြင်တောင်ကုန်းကနေ ကင်းစောင့်နေရင်း ရွာထဲက မီးလုံးတွေလှမ့်တက်လာတတ်တဲ့ လပြည့်လကွယ်ညတွေမှာ (ချီးစားစုန်းရဲ့ မီးလုံးတွေလို့ လူတွေကပြောပါတယ်) မီးလုံးတက်လာတဲ့ အိမ်ရှင်နာမည်ကို အော်အော်ခေါ်ပြီး မီးလုံးတွေကို သေနတ်နဲ့ပစ်လိုက်မယ်လို့ အပျော်တမ်း ခြိမ်းခြောက်လှန့်တတ်တဲ့၊ သွေးစိမ်းရှင်ရှင်ထွက်နေတဲ့ခြေထောက်အစုံကြောင့် အမေ့ရဲ့နှုတ်ခမ်းလေးတွေက အဖေ့ဆီ ရန်စကားထွက်မလာအောင် ကျီစယ်ရင်း စကားလမ်းလွှဲပေးခဲ့ဖူးတဲ့ စစ်ဗိုလ်လေးပါပဲ။

"စစ်သားဆိုတာ အထက်ကအမိန့်ကို တသွေမတိမ်းနာခံရမယ်။ ဒါပေမယ့် မေးစရာတခုရှိလာတယ်။ တကယ်လို့ အမိန့်

## ဇာနည်

စစ်သားဆိုတာ အထက်ကအမိန့်ကို
တသွေမတိမ်းနာခံရမယ်။ ဒါပေမယ့်
မေးစရာတခုရှိလာတယ်။
တကယ်လို့ အမိန့် ပေးတဲ့သူဟာ
သူ့ကိုယ်ကျိုးအတွက်
အမိန့်ပေးလာခဲ့ရင်ကောလို့
မေးစရာရှိလာတယ်။
အဲဒီအခါမှာ သေနတ်ပြောင်းဝကို
အမိန့်ပေးတဲ့သူဘက် လှည့်လိုက်ရုံပဲ

စာမျက်နှာ (၁၈) ကော်လံ (၄) သို့

## စာမျက်နှာ (၄) ဆရာဂျမ်းလွမ်းမပြေ ဆောင်းပါးမှ

လာခဲ့တဲ့အသံဟာ ဆရာဂျမ်းရဲ့အသံပါပဲ။ ဒေါ်အောင်ဆန်းစုကြည်ရဲ့မိခင် ဒေါ်ခင်ကြည်ရဲ့ဈာပနမှာထွက်ပေါ်လာခဲ့တဲ့ ဆရာဂျမ်းရဲ့ကဗျာဟာ လူထုတွေရဲ့နှလုံးသားထဲ အရှိန်အဟုန်ပြင်းစွာရောက်ရှိသွားခဲ့သလို၊ ဆက်တိုက်လိုလို ထွက်ပေါ်လာခဲ့တဲ့ ဆရာဂျမ်းရဲ့ကဗျာတွေဟာလဲ အထက်မြက် အပီသဆုံး တိုက်ပွဲခေါ်သံ စည်မောင်းသံတွေ ဖြစ်လာခဲ့ပါတယ်။ သံစဉ်ချိုချိုတွေရဲ့နေရာမှာ အလျှံညီးညီး မောင်းတင်းသံ၊ အဟုန်ပြင်းပြင်း တက်ခေါက်သံတွေ ဒရစပ်ကြီး ရဲရဲဝင့်ဝင့် ပွဲတင်လွင့်လာခဲ့ပါတယ်။ စမ်းရေစီးသံတွေအစား ဒီလှိုင်းသံတွေ၊ ကမ်းရိုက်သံတွေ သံစဉ်မြင့်မြင့် ထွက်ပေါ်လာခဲ့ပါတယ်။ ပွင့်ပွင့်လင်းလင်း ဖွင့်ဖော်လှုပ်နှိုးလိုက်တဲ့ တိုက်ပွဲခေါ်သံ မှန်တိုင်းသံတွေပါပဲ။

ဆရာ့ရဲ့ ကဗျာတွေထဲမှာ ....

'ဒီအာဏာရှင်စနစ်ဆိုးကို ငါရှိမခိုးနိုင်'

'ကောက်ကျစ်ယုတ်မာတဲ့ နှလုံးယုတ်ကို ထုံးသုတ်လို့ဖြူနိုင်မတဲ့လား ....'

'အရူး ငပေါက်တွေကို .... ဒူးမထောက်ကြနဲ့ဟေ့ ....'

'ဘဝအောင်မြေမှာ၊ ဓါးမြကောင်တွေ မကြီးစိုးနိုင်၊ မုချကျဆုံးရမယ် .... မုချ ကျဆုံးရမယ် '

'ကွန်မြူနစ်ဆန့်ကျင်ရေးတဲ့၊ အရေးပါတဲ့ဒီဆောင်ပုဒ်နဲ့ လုပ်စားပေါင်းများခဲ့ပြီ'

'ကွန်မြူနစ်ဆန့်ကျင်ရေး လူကြီးမင်းများခင်ဗျာ'တဲ့။

ဆရာဂျမ်းရဲ့နှလုံးသားထဲကနေ ထွက်ပေါ်လာတဲ့ အဆက်မပြတ် ပေါက်ကွဲသံဖောက်ခွဲသံတွေဟာ စည်စည်ညံအောင်ထွက်ပေါ်လာခဲ့ပါတယ်။ ဒီအသံတွေဟာ အဝေးကနေ ကျည်ကွယ်မျက်ကွယ်နေရာကနေ ထွက်ပေါ် ပြနေခဲ့တာမဟုတ်ပါ။ ရန်သူ့နှလုံးအိမ်ပေါ်ကနေ ပိုင်းပိုင်းပြတ်ပြတ်ဆုံးဖြတ်ပြီး ရဲရဲရင့်ရင့် မားမားရပ်ပြီး ပြောင်အတိအလင်း ဖော်ပြနေခဲ့တာ ဖြစ်ပါတယ်။

ဦးညွှတ်ပါတယ် ဆရာရယ်။ ကျနော်တို့အားလုံး လေးလေးစားစား ဦးညွှတ်ခဲ့ရပါတယ်။

(၅)

ကျနော့်ရဲ့ပုဂ္ဂိုလ်ရေးဆိုင်ရာ တဦးချင်းဘဝမှာ၊ ဆရာဂျမ်းနဲ့ပတ်သက်တဲ့ မမေ့နိုင်စရာ အမှတ်ရစရာတွေ တော်တော်များများရှိခဲ့ပါတယ်။ အဲဒီတွေထဲမှာ ကျနော် မကြာခဏ အမှတ်ရမိဆုံး၊ ပြန်ပြန်သတိအရမိဆုံး ရုပ်ပုံလွှာတခုလည်း ရှိပါသေးတယ်။

ကျနော့်ရဲ့ ပထမဦးဆုံး လုံးချင်းကဗျာရှည်စာအုပ် 'နိုးနေသောလက်ာသည်'အတွက် အမှာစာရေးပေးခဲ့တာ ဆရာပါ။ ကျနော် အင်မတန်ချစ်ခင်လေးစားရတဲ့ ဆရာညွန့်ကြူးနဲ့ဆရာတင်မိုးတို့ နှစ်ယောက်ပါ။

ကျနော့်ရဲ့ ပထမဦးဆုံး လုံးချင်းကဗျာရှည် အဲဒီစာအုပ်လေးကို 'ရွှေဥဒေါင်း' ပုံနှိပ်တိုက်မှာရိုက်နှိပ်ပြီး၊ 'ငြိမ်း'စာစဉ်ကနေ ထုတ်ဝေခဲ့တာပါ။

အဲဒီကဗျာစာအုပ်လေးထုတ်ဝေခဲ့တဲ့ ၁၉၇၀ ပြည့်နှစ် တနှစ်ထဲမှာ၊ တပုဒ်တည်း လုံးချင်းကဗျာရှည်စာအုပ်အဖြစ်နဲ့ချည်း ထုတ်ဝေခဲ့ကြတာ တိုက်တိုက်ဆိုင်ဆိုင် သုံးအုပ်တိတိရှိခဲ့ပါတယ်။ ကိုအောင်ချိမ့်ရဲ့ 'ဂန္ဓဝင်မမ'ရယ်၊ နောက်ဆုံးမှာရုပ်ရှင် ဒါရိုက်တာအဖြစ်နဲ့ဆုံးပါးသွားရရှာပြီဖြစ်တဲ့ ကဗျာဆရာ ပိုင်သရဲ့ 'အရှေ့ရွာသူသို့ နှင်းဆီမှတ်စု'ရယ်၊ ကျနော့်ရဲ့'နိုးနေသောလက်ာသည်' ရယ်ပါ။ ကိုအောင်ချိမ့်ရဲ့ကဗျာစာအုပ်က ဆရာမောင်သာနိုးရဲ့အမှာနဲ့ ထွက်ခဲ့ပါတယ်။ ကျနော့်စာအုပ်ကတော့ ဆရာညွန့်ကြူးနဲ့ ဆရာတင်မိုးတို့ရဲ့ အမှာနှစ်စောင်နဲ့ ထွက်ခဲ့ပါတယ်။

ကျနော့်ရဲ့ ပထမဆုံးကဗျာစာအုပ်လေးကို ဆရာဂျမ်း၊ ဆရာကြူးတို့ရဲ့အမှာနဲ့ပဲ ထွက်ချင်တယ်။ ဒုတိယထွက်မယ့်စာအုပ်ကိုတော့ ဆရာစွမ်း၊ ဆရာကြည်အောင်တို့ရဲ့ အမှာစာတွေနဲ့ပဲထွက်လိုက်မယ်လို့ တော်တော်စောစောကတည်းက ရင်တွင်းဆန္ဒအဖြစ် ကြိုတင်ရည်ရွယ်ထားခဲ့တာဖြစ်ပါတယ်။ ကျနော့်ရဲ့ ကဗျာစာမူကို (၄) စောင်ပွားပြီး စာပေစစ်စိရေးတင်ပြရမှာအတွက် (၂) စောင်ထားလိုက်ရသလို တစောင်စီကို ဆရာဂျမ်းနဲ့ဆရာကြူးတို့လက်ထဲ အမှာစာရေးပေးနိုင်ဖို့ ထည့်ပေးလိုက်ပါတယ်။

စာမူက အဆင်သင့်ဖြစ်နေပြီဖြစ်ပေမဲ့၊ အမှာစာပါ တပါတည်းတွဲတင်ရမှာမို့ ဆရာတို့ကို ကျနော်က ခဏခဏသွားပြီး အပူပေးမီးထိုးပါတယ်။ အထူးသဖြင့် ဆရာဂျမ်းကို ကျနော်က ခဏခဏ နားပူနားဆာလုပ်ပါတယ်။ ဆရာကတော့ 'စိတ်ချစမ်းပါ။ ကဗျာစာမူတခုလုံး အကုန်ဖတ်ပြီးပါပြီ။ ရေးမှာပါ။ ရေးကိုရေးမှာပါ'ဆိုပြီး ဆရာက ကျနော့်ကို အမြဲတန်းပြုံးပြုံးကြီးကြည့်ရင်း နောက်စစ လုပ်နေတတ်ပါတယ်။ မြန်မြန်ဆန်ဆန်တင်ချင်နေပြီဖြစ်တဲ့ ကျနော့်စိတ်ထဲမှာတော့ တော်တော်ကို မချင့်မရဲဖြစ်လို့ပေါ့။ နောက်ထပ်တပတ်လောက်ကြာတော့ ထပ်ပြီးပြောမိပြန်၊ ဆရာကတော့ ပြုံးပြုံးကြီး။ နောက်တပတ်လောက်ကြာတော့ ထပ်ပြီးလောဆော်မိပြန်၊ ဆရာဂျမ်းက အပြုံးမပျက်။ ပြီးတော့ ပြောလိုက်သေးတယ်။'ရေးနေတာ ပြီးသလောက်တောင်ရှိနေပြီ'တဲ့။ ပြီးပြီဆိုရင် မနက်ဖြန် ကျနော့်ကိုပေးတော့လေလို့ ပူဆာပြန်တော့လဲ ထုံးစံအတိုင်း ပြုံးပြုံးကြီး လုပ်နေပြန်တာပါပဲ။ ဖေဖော်ဝါရီလကုန်ကတည်းက ပေးထားတာ မတ်လတတိယပတ်ထဲရောက်လာတဲ့အချိန်အထိလဲ မပြီးသေး။ ကျနော့်စိတ်ထဲမှာတော့ တော်တော်ကို ကသိကအောက်ဖြစ်နေပြီ။ 'ဆရာဂျမ်း စာမူက အချိန်မီအောင် မြန်မြန်တင်ရမှာ။ မြန်မြန်လိုချင်ပြီ' ပြောလို့လဲမရ။ ဆရာဂျမ်းကတော့ တော်တော်ကို ကသိကအောက်ဖြစ်အောင် လုပ်တာပဲလို့တောင် စိတ်ထဲမှာကွက်ကနဲဖြစ်သွား မိရတယ်။ အမှာစာလေးရေးတာ ဒါလောက်တောင် ဈေးကိုင်ရသလားပေါ့။ ကျနော်က လောလေ ဆရာဂျမ်းကတော့ ပြုံးလေလေပါပဲ။ ပြီးတော့ စလိုက်သေးတယ်။ ပြီးနေပြီ ပြီးနေပြီ။ တကြောင်းလေးလောက်ပဲ ကျန်တော့တာတဲ့။ ဒီတကြောင်းပဲ ကျန်တော့တာဆိုရင်လဲ အခုရေးပေးတော့လေလို့ဆိုတော့ ဆရာဂျမ်းက နေစမ်းပါဦးတဲ့။

ကျနော့်မှာ တော်တော်ကို နားမလည်နိုင်မိအောင်ဖြစ်မိရင်း စိတ်ညစ်မိနေပါတယ်။

တရက်ကျတော့ ကျနော်က ဘာမှမမေးရသေးခင်မှာ'သဖက်ခါ ရုံးကို လာဖြစ်အောင်လာခဲ့နော်'လို့ ဆရာဂျမ်းကစပြီး ကျနော့်ကို အချိန်းအချက်လုပ်တယ်။ ကျနော်က ခေါင်းကိုပဲညိတ်ပြလိုက်မိတယ်။ ဘာကိစ္စရှိလို့လဲဆိုတာတောင် မမေးချင်မိတော့။ ဆရာဂျမ်းချိန်းထားတဲ့နေ့ရောက်တော့ ထုံးစံအတိုင်း တက္ကသိုလ်ဘာသာပြန်ဌာနရုံးထဲရှိ သူ့စားပွဲရှေ့ ကျနော်က ရောက်အောင်သွားတယ်။ ဆရာဂျမ်းက ပြုံးစေ့စေ့ထပ်လုပ်ပြီး သူ့စားပွဲအံဆွဲလေးကို ခပ်ဖြေးဖြေးလေးဖွင့်လိုက်တယ်။ စားပွဲရှေ့ကကုလားထိုင်ကို မေးငေါ့ပြပြီး ခဏအထိုင်ခိုင်းထားပြန်တယ်။ ဖိုင်တခုကြားညှပ်ထားတဲ့ ကလစ်ထိုးထားတဲ့ ဗလာစက္ကူလေးတထပ်ကို အသာအယာဆွဲထုတ်လိုက်ပြန်တယ်။ ကျနော်က ငေးကြည့်နေလိုက်တယ်။

'ကနေ့ကဗျာစာအုပ်အတွက် အမှာစာပေးမလို့။ တကြောင်းထဲပဲ တမင်ချန်ထားတာ။ ပြီးအောင်မရေးသေးပဲ တမင်ချန်ထားတာ။ ဒီနေ့မှ အဲဒီတကြောင်းကို အခုရေးပြီး ကနေ့ပဲ အပြီးသတ်ရေးတာအဖြစ် ပေးမလို့'လို့ဆိုပြီး၊ ရေးထားပြီးစာမျက်နှာတွေရဲ့နောက်ဆုံးမျက်နှာကို ဖြတ်ကနဲလှန်လှော လိုက်တာ မြင်ရတယ်။ ပြီးတော့ တကယ့်ကို နောက်ဆုံးစာတကြောင်းအဖြစ် အဆုံးသတ်စာကြောင်းတကြောင်းကို သူ့ရဲ့လက်ရေး ဝိုင်းဝိုင်းကြီးနဲ့ တဖြေးဖြေးရေးချလိုက်ပြီး ပုဒ်မကြီးနှစ်ချောင်းကို ခပ်သွက်သွက်ရေးချလိုက်ပါတယ်။ ပြီးတော့ အောက်မှာ 'တင်မိုး' ဆိုတဲ့ သူ့လက်မှတ်ကြီးကိုပါ တပါတည်း ဆက်ထိုးလိုက်ပါတယ်။ လက်မှတ်ရဲ့အောက်မှာ နေ့စွဲပါ ရေးချ လိုက်ပါတယ်။ '၂၈၊ ၃၊ ၁၉၇၀' တဲ့။ ပြီးတော့ မှားသွားမှာစိုးလို့ သေချာအောင် ကျနော့်ကို မေးလိုက်သလိုလို၊ ပါးစပ်ကလဲ ပြောလိုက်ပြန်သေးတယ်။

'မနေ့က မတ်လ (၂၇) ရက် တော်လှန်ရေးနေ့ဆိုတော့၊ ကနေ့ မတ်လ (၂၈) ရက်နေ့ပေါ့'တဲ့။

နေ့စွဲပါထိုးပြီးချိန်မှာတော့ ကျနော့်ကို ရေးထားပြီး သူ့ရဲ့အမှာစာကို လှမ်းပေးရင်း ပြုံးစစနဲ့ လှမ်းကြည့်နေပါတော့တယ်။

အဲဒီတော့မှ ကျနော်လည်း ပြုံးမိသွားရပါတော့တယ်။

ကျနော့်ကဗျာစာအုပ်လေး ရိုက်နှိပ်ထုတ်ဝေနိုင်ပြီးတဲ့နောက်ပိုင်းမှာတော့၊ ဆရာဂျမ်းက ကျနော့်ကို ရံဖန်ရံခါ နောက်စစ ချစ်စနိုးကျီစယ်တတ်တာက 'နိုးနေတုန်းပဲလား .... မအိပ်သေးဘူးလား'တဲ့။ တခါ တခါကျတော့ 'မအိပ်သေးဘူးလား .... အိပ်အုန်း .... အိပ်အုန်း'တဲ့။ အဲဒီလို 'မအိပ်သေးဘူးလား'လို့ နောက်တိုင်း ကျနော်ကလည်း ဆရာ့ကို 'ကျနော်ကတော့ မအိပ်သေးဘူး။ ဆရာကတော့ အိပ်လိုက်တာ၊ ဒီခန္ဓာကိုယ်ကြီးနဲ့ နှင်းဆီပွင့်ပေါ် အိပ်ပျော်တယ်ဆိုတော့ ဆရာရယ်'လို့။

အခုတော့ ကျနော် အင်မတန်ချစ်ခင်လေးစားရတဲ့ ဆရာဂျမ်းဟာ တကယ်ကို အိပ်ပျော်သွားခဲ့ပါပြီ။ ထာဝရအိပ်ပျော်သွားခဲ့ပါပြီ။

ဒါပေမဲ့ ဆရာ့စိတ်ဓာတ်၊ ဆရာ့အသဲနှလုံးဟာ ကျနော်တို့အတွက် ထာဝရရှင်သန်ကျန်ရစ်နေမှာဖြစ်သလို၊ ဆရာ့ကဗျာ၊ ဆရာ့စာပေအနုပညာလက်ရာတွေဟာလည်း ကျနော်တို့ရဲ့ အမျိုးသားစာပေအနုပညာဥယျာဉ်ကြီးအတွင်းမှာ ထာဝရဖူးပွင့်ဝေဆာ ရှင်သန်ကျန်ရစ်ခဲ့ပြီ ဖြစ်ပါတယ်။

၂၆-၁-၂၀၀၇

❑

# မစ္စတာပင်ဟေးရိုး မြန်မာပြည်ကိုလက်လျှော့သွားပြန် စစ်အုပ်စု၏ကတိကို အယုံမလွယ်ကြရန် သတိပေးပြောကြား


မစ္စတာ ပင်ဟေးရိုး

မြန်မာပြည်ဆိုင်ရာကိုယ်စားလှယ်အဖြစ် တာဝန်မှအနားယူတော့မည့် ကုလသမဂ္ဂ လူ့အခွင့်အရေးကိုယ်စားလှယ် မစ္စတာပင်ဟေးရိုးသည် မြန်မာပြည်မှ လူ့အခွင့်အရေးဆိုးရွားနေမှုများနှင့် နအဖ ကတိမတည်မှုများကို မတ်လ (၂၉) ရက်နေ့က နောက်ဆုံးအနေဖြင့်ဖွင့်ချသွားပြီး မြန်မာ့အရေးကို ဝိုင်းဝန်းကူညီကြရန် နိုင်ငံတကာကို တိုက်တွန်းလိုက်သည်။

ဂျီနီဗာတွင်ပြုလုပ်သော ဆွေးနွေးပွဲတွင် မစ္စတာပင်ဟေးရိုးက ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားများကိစ္စ၊ လွန်ခဲ့သော ရက်သတ္တပတ်က ကုလသမဂ္ဂလူ့အခွင့်အရေးသို့တင်ပြခဲ့သော အချက်အလက်များကို ပြန်လည်ဆွေးနွေးခဲ့သည်။

ကုလအထူးကိုယ်စားလှယ်အဖြစ် တာဝန်သက်တမ်းမကုန်ဆုံးခင် ၂၀၀၃ ခုနှစ်ကတည်းက မြန်မာပြည်သို့ သွားရောက်ခွင့်ပိတ်ပင်ခံခဲ့ရသော မစ္စတာပင်ဟေးရိုးက "ကျနော်မြန်မာပြည်ကို ဝင်ရောက်ခွင့်မရပေမယ့် သူတို့နဲ့စကားအများကြီးပြောခဲ့ပါတယ်။ စစ်အစိုးရက ကတိပေးပြီး ဘယ်တော့မှမတည်တော့ စိတ်ပျက်ရတယ်။ မြန်မာပြည်ရဲ့ လူ့အခွင့်အရေးအခြေအနေကို ပုံမှန်တင်ပြနိုင်ဖို့လိုသလို အခြားတဖက်ကလည်း နိုင်ငံတကာအကူအညီတွေ လိုအပ်နေပါတယ်"ဟုပြောသည်။

မစ္စတာပင်ဟေးရိုး၏ မြန်မာ့အရေးပြောဆိုမှုသည် တပတ်အတွင်း ဒုတိယအကြိမ်ဖြစ်ပြီး မတ်လ (၂၃) ရက်နေ့ကလည်း မြန်မာနိုင်ငံအရှေ့ခြမ်းစစ်ဆင်ရေးများ သည် စိုးရိမ်စရာကောင်းပြီး ဒေသခံပြည်သူများအပေါ် လူ့အခွင့်အရေးချိုးဖောက်မှုများဆက်ရှိနေသည်ဟု ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီသို့ အစီရင်ခံခဲ့သည်။

မြန်မာပြည်အရှေ့ခြမ်းတွင် (၁၉၉၆) ခုနှစ်မှ ၂၀၀၅ ခုနှစ်အထိ ရွာပေါင်း (၃,၀၇၇) ရွာဖျက်ဆီးခံခဲ့ရသည့် အကြမ်းဖက်မှုများနှင့် ပတ်သက်သော ကုလသမဂ္ဂကိုယ်စားလှယ် တဦးတရားဝင်ပြောဆိုမှုသည် ထူးခြားသဖြင့် ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးအနေဖြင့် မြန်မာ့ပြည်အရေးကို အရေးယူလုပ်ဆောင်လာဖွယ်ရှိသည်ဟု မြန်မာ့ဒီမိုကရေစီအင်အားစုများက မျှော်လင့်နေကြသည်။

မစ္စတာပင်ဟေးရိုး၏ အစီရင်ခံစာကြောင့် မစ္စတာဘန်ကီမွန်အနေဖြင့် မကြာခင်တွင် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂအထူးသံတမန်တဦးခန့်အပ်ပြီး အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် သက်ဆိုင်ရာပုဂ္ဂိုလ်များနှင့်တွေ့ဆုံညှိနှိုင်းမှုများ လုပ်ဆောင်ဖွယ်ရှိသည်ဟု အမေရိကန်အခြေစိုက် မြန်မာပြည်အရေးလှုပ်ရှားမှုအဖွဲ့ (USCB) အဖွဲ့မှ ဦးအောင်ဒင်ကပြောသည်။

လောလောဆယ်တွင် သက်တမ်းကုန်ဆုံးတော့မည့် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂလူ့အခွင့်အရေးကိုယ်စားလှယ် မစ္စတာပင်ဟေးရိုးနေရာကို ကိုယ်စားလှယ်တဦး အစားထိုးခန့်အပ်ရေးကိစ္စကို လူ့အခွင့်အရေးကောင်စီက ဇွန်လအတွင်း ဆုံးဖြတ်ရန်ရှိနေသည်။

ဤအတောအတွင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူး၏ မြန်မာပြည်ဆိုင်ရာ ကိုယ်စားလှယ်တဦးကို တောင်းဆိုထားပြီး မစ္စတာဘန်ကီမွန်က မြန်မာပြည်သို့ (၂) ကြိမ်ရောက်ဖူးသော မစ္စတာဂမ်ဘာရီကို ဆက်ခန့်ထားမည်ဟုပြောဆိုထားသည်။

❖

# ဦးစောနေဒွန်း (၈၄) နှစ် ကွယ်လွန်



နိုင်ငံရေးအကျဉ်းသားဟောင်း ဦးစောနေဒွန်း (၈၄) နှစ်သည် မတ်လ (၃)ရက်နေ့က ပေါက်ခေါင်းမြို့နယ်နေအိမ်တွင် သရက်ရွက်ကင်ဆာဖြင့် ကွယ်လွန်သွားသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ပေါက်ခေါင်းမြို့နယ်ဥက္ကဋ္ဌ ဦးစောနေဒွန်းသည် ၁၉၉၂ ခုနှစ်က ထောင်အနှစ် (၂၀) ချမှတ်ခံခဲ့ရပြီး ၁၄ နှစ်အကြာ၊ ၂၀၀၅ ခုနှစ် ဇူလိုင်လက သာယာဝတီထောင်မှ ပြန်လည်လွတ်မြောက်လာသူဖြစ်သည်။

ဦးစောနေဒွန်းသည် အကျဉ်းထောင်တွင် ပန်းနာရင်ကျပ်၊ အသည်းရောင်နှင့် သွေးတိုးရောဂါများခံစားခဲ့ရပြီး ထောင်မှလွတ်ပြီး လပေါင်း (၂၀) အကြာတွင် ကွယ်လွန်သွားခြင်းဖြစ်သည်။ ❖

# စစ်ကတုပ်ကျင်းထဲပုန်းအောင်းမနေနဲ့တော့ အာဆီယံက စစ်အုပ်စုကိုတိုက်တွန်း



အာဆီယံအတွင်းရေးမှူးချုပ် အွန်ခင်ယွင်း

အာဆီယံအတွင်းရေးမှူးချုပ် အွန်ခင်ယွင်း (Ong Keng Yong) က မြန်မာနိုင်ငံအနေဖြင့် အာဆီယံအသင်းကို အသုံးချ၍ နိုင်ငံတကာအသိုင်းအဝိုင်းတွင် ဝင်ဆန့်လာအောင် ကြိုးပမ်းသင့်သည်ဟု ဝါရှင်တန်ဒီစီသို့ ရောက်စဉ် မတ်လ (၂၃) ရက်နေ့ကပြောကြားလိုက်သည်။

အမေရိကန်ပြည်ထောင်စုနှင့် အာဆီယံအသင်းကြီး၏ ဆက်ဆံရေး နှစ် (၃၀) ပြည့် အထိမ်းအမှတ်အဖြစ် အာဆီယံအတွင်းရေးမှူးချုပ် အွန်ခင်ယွင်းသည် စင်ကာပူ ဒုတိယအတွင်းရေးမှူးချုပ် ဂျေယာကူးမား (Jayakumar) နှင့်အတူ ဝါရှင်တန်မြို့တော်သို့ ရောက်ရှိနေစဉ်တွင် "ကတုတ်ကျင်းထဲကမထွက်ဘဲ နိုင်ငံတကာဖိအားတွေကို ခေါင်းငုံ့ခံနေသည့် စစ်အုပ်စု"ကို စိတ်ပျက်လက်ပျက် ဝေဖန်လိုက်သည်။

၎င်းမတိုင်ခင် ရက်သတ္တပတ်က ဂျာမဏီနိုင်ငံ နုရင်ဘတ်မြို့တွင် အီးယူ – အာဆီယံဆက်ဆံရေး နှစ် (၃၀) ပြည့် အထိမ်းအမှတ်အဖြစ် နှစ်ပတ်လည် ညီလာခံကျင်းပရာ ဥရောပကော်မရှင်၏ ပြည်ပဆက်ဆံရေးရာမင်းကြီး ဘန်နီတာ ဖာရာရိုဝေါ်လ်ဒနာ (Benita Ferrero-waldner) က စစ်အုပ်စုကိုဖိအားပေးရန် အာဆီယံကို တိုက်တွန်းခဲ့သည်။

အွန်ခင်ယွင်း "အာဆီယံရဲ့ မဟာဗျူဟာကတော့ မြန်မာပြည်ကို စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတွေကနေတဆင့် ကမ္ဘာ့အလယ်မှာ ဝင်ဆန့်လာနိုင်အောင် လုပ်ပေးဖို့ပါပဲ" ဟု ပြောကြားသော်လည်း ရေရှည်တွင် အာဆီယံတခုတည်းကို အားကိုးနေ၍ မဖြစ်နိုင်ဟု သတိပေးလိုက်သည်။

"မြန်မာစစ်အစိုးရခေါင်းဆောင်ပိုင်းတွေအနေနဲ့ကလည်း ကိုယ့်ဟာကိုယ် နိုင်ငံတကာအလယ်မှာ ထွက်ပြီးတော့ ပြောဖို့ဆိုဖို့ သင့်ပါတယ်။ ကတုတ်ကျင်းထဲကို ဝင်ပြီးတော့ ပုန်းနေလို့ မရပါဘူး ကတုတ်ကျင်းထဲကနေ ကမ္ဘာနဲ့အဆက်အသွယ်လုပ်လို့ ဘယ်ရပါ့မလဲဗျာ"ဟု အွန်ခင်ယွင်းက ပြောသည်။

အွန်ခင်ယွင်းသည် အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ် (ILO) နှင့် စစ်အစိုးရအကြား အဓမ္မလုပ်အားပေးခိုင်းစေမှုနှင့် နားလည်မှုရခဲ့သည်ဖြစ်ထွန်းမှုကို ကြိုဆိုသော်လည်း မြန်မာနိုင်ငံတွင် နိုင်ငံရေးအကျဉ်းသားများ ဆက်လက်ဖမ်းဆီးသည့်ကိစ္စအပေါ် မကျေမနပ်ဝေဖန်သွားသည်။

ဝါရှင်တန်သို့ရောက်ရှိစဉ်တွင် မစ္စတာ မစ္စတာ အွန်ခင်ယွင်းသည် ၂၀၀၅ ခုနှစ် ဒီဇင်ဘာလအတွင်းက ကျင်းပခဲ့သော အာဆီယံ ထိပ်သီးညီလာခံမှ အစပျိုးလိုက်သော အာဆီယံ ပဋိညာဉ်မူကြမ်းနှင့် ပတ်သက်၍လည်း မတ်လ (၂၂) ရက်နေ့က ဆွေးနွေးပွဲဖြင့် ရှင်းပြခဲ့သည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ အာရှပစိတ်ဖိတ်ဆိုင်ရာ ဒုတိယလက်ထောက်နိုင်ငံခြားရေးဝန်ကြီး အီးရစ်ဂျွန်တက်ရောက်သောဆွေးနွေးပွဲတွင် လာမည့်နိုဝင်ဘာလ အာဆီယံထိပ် သီးဆွေးနွေးပွဲတွင် အတည်ပြုနိုင်ဖွယ်ရှိသော အာဆီယံပဋိညာဉ်တွင် ပြည်တွင်းရေးဝင်မစွက်ရေးမူကို ပြင်ဆင်ဖြည့်စွက်ထားသည်ဟု မစ္စတာအွန်ခင်ယွင်းက ပြောကြားသည်။

"အာဆီယံအနေနဲ့ မြန်မာနိုင်ငံကိစ္စ၊ နောက် အာချေးကိစ္စ၊ မင်ဒါနာအိုကိစ္စတွေ ဒါတွေအားလုံးကို ဆွေးနွေးဖြစ်ကြပါတယ်။ ပဋိညာဉ်ကိစ္စနဲ့ပတ်သက်လို့က လူ့အခွင့်အရေးအကြောင်းအရပ်တွေ ထည့်သွင်းပြောဆိုဆွေးနွေးမှုတွေရှိနေပါတယ်။ ပြည်တွင်းရေး ဝင်မစွက်ဘူးဆိုတဲ့မူက မဟုတ်ပါဘူး။ အချို့နေရာတွေမှာ ဝင်ရောက်ပြောဆို စွက်ဖက်ရတာတွေရှိပါတယ်။"ဟု မစ္စတာ အွန်ခင်ယွင်းက ဆိုသည်။

အာဆီယံပဋိညာဉ် ရေးဆွဲရေးအတွက် ဖွဲ့ထားတဲ့ Eminent Person Group (EPG) အတိုင်ပင်ခံ အကြံပေးအဖွဲ့ဝင်၊ စင်ကာပူ ဒုတိယဝန်ကြီးချုပ် ဂျာယာကူးမားက အာဆီယံချာတာတွင် အာဆီယံဒေသတွင်း လူ့အခွင့်အရေး၊ ဒီမိုကရေစီရေးနှင့် အုပ်ချုပ်မှုကောင်းဖြစ်ရေးအတွက်မူများ ထည့်သွင်းထားသည်ဟု ပြောသည်။

အမေရိကန် ဒုတိယ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး အီးရစ်ဂျွန်က အာဆီယံ ပဋိညာဉ်သည် အာဆီယံအတွက်သာမက အမေရိကန်ပြည်ထောင်စုအတွက်ပါ အရေးကြီးသည်ဟုပြောကြားလိုက်ပြီး အမေရိကန်ပြည်ထောင်စုနှင့် အာဆီယံအကြား ဆက်ဆံရေးတွင် ယခင်က ကုန်သွယ်ရေးကို အလေးပေးခဲ့သော်လည်း ယခုအခါတွင် စီးပွားရေးကိစ္စအပြင် နိုင်ငံရေး၊ လုံခြုံရေးကိစ္စ၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အပြန်အလှန်ဆက်ဆံမှုများရှိလာပြီဟု ပြောဆိုလိုက်သည်။

နိုင်ငံခြားရေးဝန်ကြီးဌာနတွင်ပြုလုပ်သောဆွေးနွေးပွဲသို့ အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ဒီစီရှိ အာဆီယံနိုင်ငံသံရုံး တာဝန်ရှိသူများ၊ အမေရိကန်နိုင်ငံခြားရေးဌာနမှ အရာရှိများနှင့် အခြားစိတ်ပါဝင်စားသူ (၃၀၀) ခန့် တက်ရောက်ခဲ့ကြသည်။ ❖

# ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်ရေးကြိုးပမ်းရန်တာဝန်ရှိ အီးယူကအာဆီယံအဖွဲ့ကို ပထမဆုံးအကြိမ်တိုက်တွန်း




အီးယူ- အာဆီယံအစည်းအဝေး

မတ်လ (၁၆)၊

မြန်မာပြည်တွင် လူ့အခွင့်အရေးအခြေအနေများ တိုးတက်ကောင်းမွန်လာရေးနှင့် မြန်မာဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ရေးအတွက် ကြိုးပမ်းရန် အီးယူက အာဆီယံနိုင်ငံများကို ယမန်နေ့က တိုက်တွန်းလိုက်သည်။

အီးယူ၏ ပြင်ပဆက်ဆံရေးကော်မရှင်နာ Benita Ferrero-Waldner က"ပထမဆုံးအဆင့်တခုအနေနဲ့ ဒီကိစ္စတွေ အရင်လုပ်ဆောင်ရမယ်။ မြန်မာပြည်မှာ တိုးတက်ပြောင်းလဲလာတာကို အီးယူကမြင်ချင်ပါတယ်"ဟု နအဖကိုယ်စားလှယ် ဦးဉာဏ်ဝင်း တက်ရောက်သော အီးယူ – အာဆီယံအစည်းအဝေး ဒုတိယနေ့တွင်ပြောကြားသည်။

၎င်းက ဆက်လက်၍ " မြန်မာပြည်မှာ အရေးကြီးတဲ့တိုးတက်မှုတွေကို ကျမတို့ အခုထိမမြင်တွေ့ရသေးပါဘူး။ ကျမတို့ရဲ့မိတ်ဆွေ အာဆီယံအနေနဲ့လည်း မြန်မာပြည်က လူ့အခွင့်အရေးကိစ္စ၊ ဒီမိုကရေစီကိစ္စ၊ ဒိုင်ယာလော့နဲ့ နောက်ဆုံး ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ရေးအထိ တဆင့်ပြီးတဆင့် တောင်းဆိုသွားဖို့လိုတယ်ဆိုတာကို ဒီကနေ့မှာထပ်မံတိုက်တွန်းချင်ပါတယ်" ဟု ပြောသည်။

ဒေသတွင်းနိုင်ငံများအတွင်း လွတ်လပ်သော စီးပွားရေးဇုံပေါ်ပေါက်ရေးအတွက် အဓိကရည်ရွယ်သော ဂျာမဏီနိုင်ငံ၊ နုယင်ဘတ်မြို့အစည်းအဝေး၏ရလဒ်အဖြစ် အနာဂတ်တွင် နိုင်ငံရေး၊ စီးပွားရေး ပိုမိုနီးနီးကပ်ကပ်ဆက်ဆံသွားရန် အီးယူနှင့် အာဆီယံနိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများက သဘောတူညီခဲ့ကြသည်။

ဂျာမဏီနိုင်ငံ၊ နုယင်ဘတ်မြို့တွင် ကျင်းပနေသော အစည်းအဝေးသည် (၂၇) နိုင်ငံဖွဲ့စည်းထားသော အီးယူနှင့် ဆင်းရဲချမ်းသာမညီမျှသော အာဆီယံနိုင်ငံများကြားတွင် အရှည်တည်တံ့ခဲ့သော အနှစ် (၃၀) ကြာ သံတမန်ဆက်ဆံရေး၏ မှတ်တိုင်တခုလည်းဖြစ်သည်။

အီးယူနိုင်ငံများသည် မြန်မာစစ်အစိုးရအပေါ်ထားသော ၎င်းတို့၏ပြတ်သားသော ရပ်တည်ချက်ကြောင့် အာဆီယံနှင့် ဆက်ဆံရေးတွင် အကန့်အသတ်များရှိနေဆဲဖြစ်သည်။

အစည်းအဝေးပထမနေ့တွင် အီးယူ၏အလှည့်ကျသဘာပတိဖြစ်သော ဂျာမဏီနိုင်ငံမှနိုင်ငံခြားရေးဝန်ကြီးက FrankWalter Steinmeier က မြန်မာနိုင်ငံအပေါ် အီးယူနိုင်ငံများ၏ စိုးရိမ်မှုကို နအဖကိုယ်စားလှယ် ဦးဉာဏ်ဝင်းအား သီးခြားပြောဆိုခဲ့ကြောင်း သံတမန်သတင်းများကဆိုသည်။

ဂျာမဏီနိုင်ငံခြားရေးဝန်ကြီး၏ စိုးရိမ်သောကကို ခေါင်းမာသော နအဖစစ်ခေါင်းဆောင်များက ဟိုဘက်နားဝင် ဒီဘက်နားထွက်လုပ်ပစ်မည်ဟု သုံးသပ်သူများက ဆိုသည်။ အာဆီယံအပါအဝင် အမေရိကန်နှင့် အီးယူနိုင်ငံများသည် မြန်မာပြည်တွင် သိသာသော ဒီမိုကရေစီတိုးတက်မှုများ လုပ်ဆောင်ရန် ယခင်ကတည်းက အကြိမ်ကြိမ်တိုက်တွန်းခဲ့ရာ သံသရာရှည်နေပြီဖြစ်သည်။

နအဖစစ်အုပ်စုနှင့်ဆက်ဆံရေးတွင် မူလရပ်တည်ချက် မပြောင်းလဲသော်လည်း အီးယူသည် မြန်မာပြည်သူပြည်သားများအတွက်ရည်ရွယ်သော လူမှုရေးအကူအညီများပေးရန် သံမိဌာန်ချထားသည်။ မြန်မာပြည်တွင် တီဘီနှင့်ငှက်ဖျားရောဂါတိုက်ဖျက်ရေးလုပ်ငန်းများအတွက် အီယူးနိုင်ငံများသည် ယူရိုငွေ (၁၀) သန်းထောက်ပံ့ရန် ကြေညာထားသည်။

နှစ်ရက်ကြာအစည်းအဝေး၏ ဆွေးနွေးသည့်အကြောင်းအရာများတွင် အကြမ်းဖက်မှုတိုက်ဖျက်ရေး၊ ငွေကြေးမသမာမှု တိုက်ဖျက်ရေး၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနှင့် နယ်စပ်ဖြတ်ကျော်ရာဇဝတ်မှု တိုက်ဖျက်ရေးများလည်း ပါဝင်သည်။

အာဆီယံသည် ဒေသတွင်း၌ တရုတ်၏ ဩဇာလွှမ်းမိုးမှုကို ချိန်ခွင်လျှာညှိရန်နှင့် အီးယူ၏စီးပွားရေးအောင်မြင်မှုများကို အတုယူကာ ၂၀၁၅ ခုနှစ်တွင် မိမိတို့ဘာသာ လွတ်လပ်သောစီးပွားရေးဇုံတခု တည်ဆောက်ရန် အကြံအစည်ရှိသည်ဟု သုံးသပ်သူများကဆိုသည်။

အီးယူသည် လူဦးရေ သန်း (၅၀၀) ကျော်ရှိသော အာဆီယံနိုင်ငံများနှင့် လွတ်လပ်ရသောစီးပွားရေးဇုံတည်ဆောက်ရန် ဆန္ဒရှိသော်လည်း အာဆီယံအဖွဲ့ဝင် မြန်မာကြောင့် ခရီးမတွင်ဘဲဖြစ်နေသည်။

သို့သော် နုယင်ဘတ်အစည်းအဝေးတွင် အီးယူသည် အာဆီယံနိုင်ငံများအနက် အင်ဒိုနီးရှား၊ ထိုင်း၊ စင်ကာပူ၊ ဖိလစ်ပိုင်၊ မလေးရှား၊ ဘရူနိုင်း၊ ဗီယက်နမ်တို့နှင့် ကုန်သွယ်ရေးဆိုင်ရာ သီးခြားသဘောတူညီချက်များ ရရှိခဲ့သည် သတင်းများကဆိုသည်။

အစည်းအဝေး ပထမနေ့တွင် အီးယူနိုင်ငံခြားရေးဝန်ကြီးများက ၂၀၂၀ တွင် ဖန်လုံအိမ်ဓာတ်ငွေ့ (၂၀) ရာခိုင်နှုန်း လျှော့ချရေး အီးယူ၏သံမိဌာန်တွင် ပူးပေါင်းလုပ်ဆောင်ကြရန် အာဆီယံနိုင်ငံများကို ဖိတ်ခေါ်ခဲ့သည်။

အစည်းအဝေး၏သဘာပတိဖြစ်သော ဂျာမန်နိုင်ငံခြားရေးဝန်ကြီးက "ရာသီဥတုပြောင်းလဲလာတဲ့ကိစ္စ၊ ကမ္ဘာကြီးပူနွေးလာတဲ့ကိစ္စကို အီးယူက အလေးအနက်ထားလုပ်ဆောင်နေပါတယ်"ဟု ပြောဆိုလိုက်ပြီး အခြားနိုင်ငံများပါ ပူးပေါင်းပါဝင်လာလျှင် ၂၀၂၀ တွင် ဖန်လုံအိမ်ဓာတ်ငွေ့ (၃၀) ရာခိုင်နှုန်း လျှော့ချနိုင်မည်ဟု ပြောသည်၊

ဆက်လက်၍ "အနာဂတ်မှာ လုပ်စရာတွေအများကြီးရှိနေပါတယ်။ သေချာတာတခုက အခက်အခဲတွေကို အတူတူဖြတ်ကျော်ကြရမယ်ဆိုတာပါပဲ။ ငွေမင်း ငါချင်းဝါဒနဲ့ ပြဿနာတွေကို တကိုယ်တော်ဖြေရှင်းတဲ့ခေတ်ကုန်သွားပါပြီ"ဟု အီးယူ၏ လက်ရှိအလှည့်ကျသဘာပတိ၊ ဂျာမဏီနိုင်ငံခြားရေးဝန်ကြီးကပြောသည်။

အာဆီယံ (၁၀) နိုင်ငံတွင် လူဦးရေသန်း (၅၆၀) နေထိုင်နေပြီး၊ (၂၇) နိုင်ငံဖြင့်ဖွဲ့စည်းထားသော အီးယူတွင် လူဦးရေသန်း (၅၀၀) ကျော်နေထိုင်နေသဖြင့် အီးယူနှင့် အာဆီယံနှစ်ဖွဲ့ပေါင်းသည် ကမ္ဘာ့လူဦးရေ၏ (၆) ပုံတပုံကို ကိုယ်စားပြုသည်။

❖

**မျက်နှာဖုံးသတင်း**

**၈၈ မျိုးဆက်ကျောင်းသားများ၏ အဖြူရောင်လှုပ်ရှားမှုနောက်ကွယ်မှ သတင်းမှ**

ကျဉ်းကျနေသော ကိုအေးအောင်၏အိမ်၊ တောင်ကြီးအကျဉ်းထောင်တွင် အကျဉ်းကျခံနေရသော ကိုသန်းဇော်ထွေးတို့၏ မိသားစုများနှင့် တွေ့ဆုံအားပေးခဲ့ကြောင်း သိရသည်။

(၈၈) မျိုးဆက်ကျောင်းသားများနှင့်အတူ ဒီမိုကရေစီလှုပ်ရှားမှုကို ထောက်ခံသူ အင်အား (၁၀၀) ခန့်သည် အာဏာပိုင်များ၏ မျက်စိဒေါက်ထောက် စောင့်ကြည့်မှုကြားမှ လှုပ်ရှားမှုကို ဆက်လက်အကောင်အထည်ဖော်လျက်ရှိသည်။

❖

နှစ်တွေတဖြည်းဖြည်း အကုန်မြန်လိုက်တာနော် ....

အချိန်တွေ၊ နေ့ရက်တွေ၊ လတွေ တော်တော်နဲ့ကုန်ဆုံးပြီး ငါတို့ ဒီမိုကရေစီဘက်တော်သားတွေအနေနဲ့ အမိမြန်မာပြည်ကြီး ဘယ်တော့များ အမျိုးသားပြန်လည်သင့်မြတ်ရေးကိုလုပ်ဆောင်ပြီး ဒီမိုကရေစီလမ်းစဉ်ကိုကျင့်သုံးမလဲ စောင့်မျှော်နေကြတာဖြင့် ယခုဆို နှစ်ပေါင်းအားဖြင့် ကျမတို့တွေရဲ့ တသက်ရှိလာပြီ။

ရှိခဲ့လဲ လမ်းပြမြေပုံ (၇) ချက်ဟာလည်း စစ်အစိုးရသာ ကြီးမှူးတယ်။ အဖွင့်ကတည်းက စစ်အစိုးရ။ အပိတ်ဟာလဲ နအဖတွေအတွက်။ ဘယ်မှာလဲတရားမျှတတဲ့ လူ့အခွင့်အရေး၊ ဘယ်မှာလဲ ပြည်သူလူထုအာဏာ၊ ပြည်သူလူထုအတွက် အာဏာသိမ်းပိုက်လိုက်ရပါတယ်ဆိုတဲ့ နအဖတွေဟာ ဘာကြောင့် ပြည်သူလူထုအတွက်မကြည့်ဘဲ စစ်တပ်အင်အား တိုးချဲ့ရေး၊ စစ်တပ်အာဏာမြဲရေးအတွက်ပဲ စဉ်းစားနေရတာလဲ။ လုံခြုံရေးကိုယ်စား လုပ်ဆောင်နေကြပြီ။ ဘယ်လိုပဲဖြစ်ပါစေ ကမ္ဘာပေါ်မှာ ပထမကမ္ဘာစစ်နဲ့ဒုတိယကမ္ဘာစစ် နှစ်ကြိမ်သာဖြစ်ခဲ့ပါတယ်။ တော်လှန်ရေးလုပ်ဆောင်ရာမှာ စိတ်ဓာတ်အင်အားအနေဖြင့် ကျမတို့တွေက အလွန်သာပါတယ်။ မြန်မာပြည်တော်လှန်ရေးကိုပဲ ကြည့်ကြည့်၊ ကမ္ဘာ့တော်လှန်ရေးကိုပဲကြည့်ကြည့်၊ မည်သည့်နိုင်ငံတွေရဲ့ ကူညီပံ့ပိုးမှုမပါဝင်ပဲ ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုးအတွက် ပြည်သူလူထုကပဲ စည်းရုံးစွာတိုက်ပွဲဝင်ခဲ့ကြတယ်။ ဦးတည်ထောင်ပြီး ပြည်သူလူထုအကြားမှာ ထင်ထင်ပေါ်ပေါ်နဲ့ ရပ်တည်လုပ်ဆောင်နေကြတယ်။ တို့တွေ ရှေ့ဆက်ဘာလုပ်ကြမလဲ။

ဗိုလ်ချုပ်အောင်ဆန်းဟာ မစားပဲ စွန့်သွားလို့ နောက်လူတွေ မစွန့်ပဲ စားနေကြရတယ်။ ဒါကြောင့် ငါတို့ပြည်သူတွေအနေနဲ့ ယခုတဖန် ဒုတိယလွတ်လပ်ရေးကို တိုက်ပွဲဝင်ကြရမယ်။ ငါတို့တိုက်နေတာဟာ ဖက်ဆစ်ဂျပန်မဟုတ်သလို နိုင်ငံခြားသား အစိုးရလည်းမဟုတ်ပါဘူး။ သူတို့တွေ ဘယ်

# အချိန်တန်မှ ဒါတော်မှ

မြန်မာနိုင်ငံကြီးရဲ့အရှေ့မှာ သမိုင်းစဉ်သာဓကတွေအများကြီးရှိခဲ့ပါတယ်။ သူ့ကျွန်ဘဝကိုရောက်ရှိခဲ့ပြီး မြန်မာတွေဟာ အသက်ပေါင်းများစွာဖြင့် တိုက်ထုတ်ခဲ့တာဖြင့် လွတ်လပ်ရေးအရယူခဲ့ပါတယ်။ ယခုမြန်မာပြည်မှာ လွတ်လပ်သော၊ တရားမျှတသော မြန်မာနိုင်ငံကြီးဖြစ်နေပြီလား။ စစ်အစိုးရအနေဖြင့် နှစ်ပေါင်းများစွာ အာဏာရယူခဲ့တာလဲ အခုချိန်အထိ မြန်မာပြည်ကြီး မထွန်းကားဘဲ သူ့ကျွန်ဘဝထက်ဆိုးရွားနေတာကို နအဖဗိုလ်ချုပ်များ မျက်နှာလွှဲထားကြတာဖြင့် ပြောင်မြောက်လှပါပေတယ်။ ကျမတို့ပြည်သူပြည်သားများအနေဖြင့် ရှေ့ဆက်ပြီး ကျမတို့လိုချင်တဲ့ တရားမျှတတဲ့ ဒီမိုကရေစီအတွက် တိုက်ပွဲဝင်ရမှာပဲဖြစ်တယ်။ ကျမတို့တွေဟာ ယခု နအဖတွေလို အိပ်ရာကောင်းကောင်းအိပ်ပြီး ရွှေပုဇွန်ထုပ်တွေနဲ့ စားနေရတဲ့ဘဝတွေမဟုတ်ပါဘူး။ မိုးလင်းကနေ မိုးချုပ် လက်လှုပ်မှ ပါးစပ်လှုပ်ရတဲ့ဘဝမို့ ကိုယ့်အခွင့်အရေးကိုယ် အပြည့်အဝမခံစားရဘူး။ ဒီလိုအခြေအနေမျိုးမှာ တိုင်းပြည်ရဲ့စီးပွားရေး၊ လူမှုရေး၊ ပညာရေးတွေဟာ တနေ့တခြား တိုးတက်လာခြင်းမရှိဘဲ ဆိုးယုတ်လာနေတယ်။ နအဖ ဗိုလ်ချုပ်တွေအနေနဲ့ အာဆီယံနိုင်ငံတွေကို မျက်နှာပြောင်တိုက်၊ ကမ္ဘာ့ကုလသမဂ္ဂကိုမျက်နှာပြောင်တိုက်၊ ဘယ်လိုပဲအရှက်မရှိဘဲ လုပ်နေပါစေ၊ မြန်မာပြည်ကြီးမှာမှီတင်းနေထိုင်ကြတဲ့ တို့မြန်မာပြည်သူလူထုကိုတော့ဖြင့် မျက်နှာပြောင်တိုက်လို့ရမှာမဟုတ်ဘူး။ ပြည်သူလူထုတွေကလည်း ယခုအချိန်မှာ မျက်စိဖွင့်နားစွင့်နေကြပြီ။ အလိမ်ကောင်းတုန်း အာဏာမက်တုန်းဆိုရင်တော့ဖြင့် တောင်းလို့မရတဲ့ နအဖဗိုလ်ချုပ်တွေကို တို့ပြည်သူလူထုအနေဖြင့် ရှေ့ဆက်ပြီးစောင့်မကြည့်နိုင်တော့ပါဘူး။ စောင့်ကြည့်ပြီးပေးမလားလို့ နှစ်တွေကများခဲ့ပါတယ်၊ အဲဒီအချိန်တွေကို နှမြောတတ်ရင်တော့ တို့မြန်မာပြည်သူတွေ အလွန်ပဲနှမြောဖို့ကောင်းပါတယ်။ လွတ်လပ်ရေးဟာ အလကားရခဲ့တာမဟုတ်ပါဘူး။ အလကားမရခဲ့တဲ့ လွတ်လပ်ရေးကို ယခု နအဖတွေက လွယ်လွယ်ကူကူနဲ့ဖျက်ဆီးခဲ့တာဖြင့် ရာဇဝင်တင်လောက်ပါပေတယ်။ ၁၉၉၀ ပြည့်နှစ်က အမျိုးသားညီလာခံလုပ်ဆောင်ခဲ့တယ်။ ၂၀၀၆ ခုနှစ်တစ်ခါ အမျိုးသားညီလာခံလုပ်ဆောင်ပြန်တယ်။ ၁၅ နှစ်ကျော်ကြာသွားတဲ့ အမျိုးသားညီလာခံဟာ ဘာတွေများထူးခြားမှုတွေ



မြန်မာပြည်သူပြည်သားတွေ
ကိုယ့်အခွင့်အရေး ကိုယ်တိုက်ပွဲဝင်ကြပါ။
တရားမျှတပါတယ်။
နအဖတွေရဲ့ လက်ညှိုးထောင်ခေါင်းညိတ်ဘဝကနေပြီး
ငါတို့ပြည်သူတွေ လွတ်လပ်စွာဖြင့်
တရားမျှတတဲ့ဒီမိုကရေစီသို့ လျှောက်လှမ်းနိုင်အောင်
ငါတို့ပြည်သူတွေကြိုးစားအားထုတ်ကြပါ။
အခွင့်ရေးအာဏာတွေ မက်မောနေခဲ့လို့
ရွှေနိုင်ငံတော်ကြီးဟာ အဆင်းရဲဆုံးနိုင်ငံဖြစ်နေပါပြီ။

## သော်တာ

ကောင်စီကနေ မြန်မာ့အရေးဆွေးနွေးရာမှ တရုတ်၊ ရုရှားနဲ့ တောင်အာဖရိကတို့က ကန့်ကွက်မဲပေးခဲ့တယ်။

ဒါကြောင့် နအဖအစိုးရအနေဖြင့်လည်း မိမိတို့ဘက်မှ ဗီတိုအာဏာနဲ့ပယ်မဲ့ (၂) နိုင်ငံရှိနေခြင်းအားဖြင့် အမိုက်မှောင်ကို ရှေ့ဆက်ပြီး တိုးလုပ်ဆောင်သွားကြတော့မည်။ တရုတ်အနေဖြင့် မြန်မာပြည်မှာ စစ်အစိုးရ ဘယ်သူပဲတက်တက် စီးပွားရေးကိုပဲကြည့်တတ်ပြီး မည်သူမှ မိမိနှင့်မဆိုင်လုပ်ဆောင်နေတာဖြင့် အိမ်နီးချင်းမပီသမှုကိုပြသနေပါတယ်။ နအဖတွေ အာဏာမြဲရေးထက် ပြည်သူလူထု ရင်ဆိုင်ကြုံတွေ့နေရတဲ့ အခက်အခဲတွေကို မကြည့်တာဖြင့် အလွန်ပဲဆိုးရွားလှပါတယ်။ ယခုအခါမှာ ၈၈ ကျောင်းသားခေါင်းဆောင်တွေအနေဖြင့် ပြည်သူလူထုအချင်းချင်းညီညွတ်ရေးနဲ့ တပ်ပေါင်း စုပေါင်းပြီး တိုက်ခိုက်ခဲ့ကြတယ်။ ဒါကြောင့် တို့ပြည်သူလူထုကြီးအနေဖြင့် ယခု ခေါင်းမာမှုသရဖူဆောင်းနေတဲ့ နအဖတွေကို တို့ပြည်သူလူထုကပဲ တိုက်ထုတ်ရမှာဖြစ်ပါတယ်။ ဒါ့အပြင် ၂၀၀၇ နှစ်ကုန်မှာ နောက်တကြိမ်ရွေးကောက်ပွဲပြန်လုပ်မယ်။ ဒီအချိန်မှာ ဒို့ပြည်သူလူထုတွေ ဘာလုပ်ကြမလဲ ....။

၈၈ မျိုးဆက်ကျောင်းသားတွေဟာ နှစ်ပေါင်းများစွာ ထောင်ထဲကနေ ပြည်သူလူထုအတွက် တိုက်ပွဲဝင်ခဲ့တယ်။ ဦးတင်ဦး၊ ဒေါ်အောင်ဆန်းစုကြည်၊ ဦးခွန်ထွန်းဦး၊ ဦးဝင်းတင်တို့တွေ ယုံကြည်မှုဖြင့် ယခုလက်ရှိ တိုက်ပွဲဝင်နေကြတယ်။ ဒို့ပြည်သူလူထုအနေဖြင့် ရှေ့ဆက်ပြီးဘာလုပ်ကြမလဲ။ ဥပဒေကျောင်းသားများကလည်း အဖွဲ့ဝင် (၂၃) လောက်ပဲ ယုတ်မာနေပါစေ၊ ငါတို့ ဇွဲရှိရှိနဲ့ တိုက်ပွဲဝင်နေကြရမယ်။ နအဖအနေနဲ့ကလည်း ရွေးကောက်ပွဲကို မဖြစ်မနေလုပ်မယ်။ သူတို့ရွေးချယ်ထားတဲ့ တိုင်းရင်းသားလူထုနဲ့ လက်ညှိုးထောင် ခေါင်းညိတ်လုပ်နိုင်မဲ့သူ၊ သူတို့ကြိုးဆွဲရာကနေတဲ့သူတွေနဲ့ လုပ်နေတဲ့ ဒီရွေးကောက်ပွဲကို ငါတို့ပြည်သူလူထုအနေနဲ့ ပြတ်သားစွာဆန့်ကျင်ရမယ်။ ငါတို့ နှစ်ပေါင်းများစွာ ခါးသီးစွာခံခဲ့ရတဲ့ဝေဒနာတွေကို ဆက်လက်သီးခံရဦးမှာလား ....။ မတရားနှိပ်စက်တဲ့ဒဏ်ကို ငါတို့ ဆက်လက်ခံစားကြဦးမှာလား ....။ ပြည်သူတွေရဲ့အာဏာ၊ ပြည်သူတွေရဲ့လုပ်ပိုင်ခွင့်ဟာ ငါတို့လက်ထဲမှာပဲရှိပါတယ်။ နအဖမှာ မရှိပါဘူး။ စစ်တပ်ထဲမှာ ရှာလို့မရပါဘူး။ ငါတို့အာဏာကို ငါတို့ပဲ တော်လှန်ရေးလုပ်ဆောင်ပြီး ရယူရမှာဖြစ်ပါတယ်။ ဒါကြောင့် မြန်မာပြည်သူပြည်သားတွေ ကိုယ့်အခွင့်ရေး ကိုယ်တိုက်ပွဲဝင်ကြပါ။ တရားမျှတပါတယ်။ နအဖတွေရဲ့ လက်ညှိုးထောင် ခေါင်းညိတ်ဘဝကနေပြီး ငါတို့ပြည်သူတွေလွတ်လပ်စွာဖြင့် တရားမျှတတဲ့ ဒီမိုကရေစီသို့ လျှောက်လှမ်းနိုင်အောင် ငါတို့ပြည် သူတွေကြိုးစားအားထုတ်ကြပါ။ အခွင့်ရေးအာဏာတွေ မက်မောနေခဲ့လို့ ရွှေနိုင်ငံတော်ကြီးဟာ အဆင်းရဲဆုံးနိုင်ငံဖြစ်နေပါပြီ။ AIDS၊ စီးပွားရေးပြိုကွဲသောနိုင်ငံ၊ လာဘ်စားမှုအများဆုံးနိုင်ငံ စသည်ဖြင့် ကမ္ဘာ့နိုင်ငံမှာ မြန်မာပြည်ကြီး မျက်နှာငယ်နေရတယ်။

ဒါကြောင့် ငါတို့တွေ ရှေ့ဆက်ချီတက်ကြရဦးမယ်။ ငါတို့ရှေ့မှာ ပန်းတိုင်ဆိုတာ ရှိနေပါတယ်။ ဒီပန်းတိုင်ရောက်ဖို့ ငါတို့တွေ ရှေ့လျှားနေကြတယ်။ ငါတို့ဒီပန်းတိုင်ကြီးကို နီးလာပါပြီ။ ရောက်ခါနီးမှာ မတွေဝေပါနဲ့၊ မကြောက်ပါနဲ့၊ ရှေ့ဆက်ချီတက်ဖို့ ခြေလှမ်းတွေပြင်ဆင်ကြပါ။ ငါတို့နိုင်ငံကြီးကို ငါတို့ပြည်သူတွေမှ မလုပ်ဆောင်နိုင်ရင် တဖြည်းဖြည်းနဲ့ ကျောက်ခေတ်နိုင်ငံဟာ မြန်မာနိုင်ငံပါလားဆိုတာ ဖြစ်နေပါတော့မယ်။ ပြည်သူလူထုတွေရဲ့မျက်နှာကိုမှ မထောက်တဲ့ ဒီနအဖအစိုးရကို ငါတို့ ပြည်သူလူထုအနေနဲ့လည်း ထောက်စရာမလိုပဲ ရဲဝံ့စွာတိုက်ခိုက်ကြစို့။ နအဖကို တော်လှန်ဖို့အချိန်တန်ပါပြီ။ နောက်ကျမသွားဖို့ ရှေ့ကိုချီတက်ကြပါစို့။

သော်တာ

❖

## မျက်နှာဖုံးသတင်း
## ဖက်ဆစ်တော်လှန်ရေးနေ့ အခမ်းအနားမှ

ခံလိုအပ်ချက်များအတွက် တရားမျှတမှုရှိစေရန် ကာကွယ်မှုပေးထားရပါတယ်'' ဟု ထောက်ပြသည်။

အဖွဲ့ချုပ်ဌာနချုပ်ရုံးတွင်ကျင်းပသော ဖက်ဆစ်တော်လှန်ရေးနေ့အခမ်းအနားတွင် ဖတ်ကြားသော (၈၈) မျိုးဆက်ကျောင်းသားများ၏ကြေညာချက်တွင် ''လွန်ခဲ့သော (၆၂) နှစ်က မြန်မာ့မြေပေါ်မှ ဖက်ဆစ်စနစ်ကို ဖယ်ရှားပစ်ခဲ့သည်။ ဖက်ဆစ်ဝါဒသည် လူတဦးချင်းစီ၏အခွင့်အရေးများ၊ လွတ်လပ်ခွင့်များကို ငြင်းပယ်သည်၊ ရွေးကောက်ပွဲများ၊ ဥပဒေပြုမှုများနှင့်အခြားသော ဒီမိုကရေစီအခြေခံများကိုဖျက်ဆီးရန် မတော်မတရားကြိုးပမ်းသည်၊ မိမိနှင့် သဘောထားကွဲလွဲသူများကိုချေမှုန်းရန် အကြမ်းဖက် လက်မရှံ့အဖွဲ့များကိုဖွဲ့စည်းသည်''ဟု ဖော်ပြထားသည်။

ဖက်ဆစ်တော်လှန်ရေးတွင် ကိုယ်တိုင်ပါဝင်ခဲ့ကြသော ဝါရင့်နိုင်ငံရေးသမားများကလည်း (၆၂) နှစ်မြောက် ဖက်ဆစ်တော်လှန်ရေးနေ့အခမ်းအနားတရပ်ကျင်းပခဲ့ပြီး ဗိုလ်ချုပ်အောင်ဆန်း၏ ဗမာ့တပ်မတော်၊ ဗမာပြည်ကွန်မြူနစ်ပါတီ၊ ပြည်သူ့အရေးတော်ပုံပါတီတို့၏စည်းလုံးမှုဖြင့် ပြည်ပမှလာသော ဖက်ဆစ်စနစ်ကို တွန်းလှန်နိုင်ခဲ့သည် အတိတ်သင်ခန်းကိုအရယူကာ မြန်မာ့မြေမှ ''အိမ်တွင်းဖြစ်ဖက်ဆစ်စနစ်'' ကို တွန်းလှန်ကြရမည်ဟု တိုင်းချစ်ပြည်ချစ် တပ်မတော်သားများနှင့် အင်းအားစုများသို့ ဩဝါဒစကားမှာကြားသည်။

(၈၈) မျိုးဆက်ကျောင်းသားနှင့် ဒီမိုကရေစီအရေးလှုပ်ရှားနေသူများ တက်ရောက်သော အခမ်းအနားအပြီးတွင် ဝါရင့်နိုင်ငံရေးသမားများအဖွဲ့မှ ဦးမြင့်ထွေးက ''အခုဟာတော့ အိမ်တွင်းဖြစ် ဖက်ဆစ်စနစ်ဖြစ်နေတယ်။ ကိုယ်မြေပေါ်မှာ ပေါက်လာတဲ့ ဖက်ဆစ်ဝါဒကိုရင်ဆိုင်ပြီးတော့ ကျနော်တို့လုပ်နေတာပါ။ နိုင်ငံခြားကဝင်လာတဲ့ ဖက်ဆစ်ကိုတိုက်ခိုက်ရာမှာတော့ ကျနော်တို့ လွယ်သလိုဖြစ်ခဲ့ပါတယ်။ ဒါပေမယ့် ကိုယ့်မြေပေါ်မှာပေါက်လာတဲ့ ဖက်ဆစ်စနစ်ကိုတော့ ဟိုဟာထက်ပိုပြီး ခက်ခက်ခဲခဲနဲ့ အကျအဆုံးလဲများများနဲ့တိုက်ခိုက်နေရပါတယ်။ ဒါကိုယ့်မြေပေါ်မှာ ဖြစ်လာတဲ့အတွက် အမျိုးသားချင်းဆိုတဲ့ဟာကို ထောက်ထား ပြီးတော့ ဒီမိုကရေစီအင်အားစုတွေဟာ အကြမ်းမဖက်ဘဲနဲ့တိုက်ခိုက်နေတာဖြစ်ပါတယ်'' ဟု လက်ရှိ စစ်အုပ်ချုပ်ရေးနှင့် ဖက်ဆစ်စနစ်ကို နှိုင်းယှဉ် ဝေဖန်ပြသွားသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ယခုနှစ် တော်လှန်ရေးနေ့တောင်းဆိုချက်တွင် ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦး၊ ခွန်ထွန်းဦးနှင့် နိုင်ငံရေးအကျဉ်းသားများအားလုံးကို ခြွင်းချက်မရှိပြန်လွှတ်ပေးရေး၊ ပါတီရုံးများ ပြန်ဖွင့်ခွင့်ရရေးအပါအဝင် နိုင်ငံရေးလှုပ်ရှားသူများအပေါ် ဖိနှိပ်ဖြိုခွဲမှုများရပ်တန့်ပေးရန်၊ ပြည်သူလူထု၏ အခြေခံလိုအပ်ချက်များကို ဖြေရှင်းပေးရန်အပြင် ယမန်နှစ် ပြည်ထောင်စုနေ့တောင်းဆိုချက်ဖြစ်သော ပြည်သူ့လွှတ်တော် ခေါ်ယူဖွဲ့စည်းရေးကိုလည်းပြန်လည်ထည့်သွင်းထားသည်။

❖

# နယ်စပ်တောင်ယာရှို့မီးကြောင့် ဒေသခံများနေ့စဉ်ဘဝကိုထိခိုက်



ထိုင်းနိုင်ငံ တောင်ပေါ်မြို့ဖြစ်သော ချင်းမိုင်တွင် အန္တရာယ်မီးခိုးမှုန်းများ ပျံ့နှံ့လွှမ်းမိုးနေပုံ

မတ်လ (၁၆)၊

ထိုင်းနိုင်ငံမြောက်ပိုင်းခရိုင် (၈) ခုတွင် ပျံ့နှံ့လွှမ်းခြုံနေသော အန္တရာယ်ရှိသော မီးခိုးငွေ့များသည် လေထုထဲတွင် တလခန့်ကြာနိုင်သည်ဟု ထိုင်းအစိုးရဌာနမှ အရာရှိတဦးက ပြောကြားလိုက်သည်။

မီးခိုးငွေ့သိပ်သည်းမှုအများဆုံးဖြစ်သော ချင်းရိုင်ခရိုင်ကို အန္တရာယ်ရှိသော ရပ်ဝန်းအဖြစ်ကြေညာပြီးနောက် ထိုင်းနိုင်ငံ လူမှုဖွံ့ဖြိုးရေးနှင့် လူသားလုံခြုံရေးဝန်ကြီးဌာနဝန်ကြီး Paiboon Wattanasiritham က ယင်းသို့ပြောလိုက်ခြင်းဖြစ်ပြီး မီးခိုးငွေ့များ အန္တရာယ်သည် ဒေသစက်မှုနှင့် ခရီးသွားလုပ်ငန်းများကိုလည်း ထိခိုက်လိမ့်မည်ဟု သတိပေးလိုက်သည်။

ထိုင်းနိုင်ငံ၏ ခရီးသွားလုပ်ငန်းစန်းပွင့်ချိန်နှင့်တိုက်ဆိုင်နေသော မီးခိုးငွေ့များကြောင့် ခရီးသွားလုပ်ငန်းမှရရှိမည့် အမေရိကန်ဒေါ်လာ သန်း (၆၀) နစ်နာနိုင်သည်ဟုလည်း ၎င်းကဆိုသည်။

သုံးပွင့်ဆိုင် အိမ်နီးချင်းနိုင်ငံများဖြစ်သော မြန်မာ၊ ထိုင်းနှင့်လာအိုနိုင်ငံ နယ်စပ်မျဉ်းပေါ်တွင် အလျှံညီးညီးတောက်နေသော တောမီးနှင့် တောင်ယာရှို့မီးမှ မီးခိုးငွေ့များသည် မြန်မာဘက်အခြမ်းတွင် တာချီလိတ်၊ ထိုင်းဘက်အခြမ်းတွင် ချင်းမိုင်၊ ချင်းရိုင်၊ မဲဟောင်ဆောင်၊ လမ်းပန်း စသော ခရိုင်များရှိ လူထု၏နေ့စဉ်ဘဝကို အကြီးအကျယ်ထိခိုက်လျှက်ရှိသဖြင့် ထိုင်းနိုင်ငံမြောက်ပိုင်းဒေသကို သဘာဝအန္တရာယ်ရှိသောရပ်ဝန်းအဖြစ်ကြေညာရန် ကမ္ဘာ့ပတ်ဝန်းကျင်စောင့်ကြည့်ရေးအဖွဲ့ (Greenpeace) က ထိုင်းအစိုးရကို တိုက်တွန်းသည်။

ထိုင်းအစိုးရဝန်ကြီး Paiboon က အစိုးရအနေဖြင့် လောလောဆယ်တွင် မြောက်ပိုင်းခရိုင်တွင်နေထိုင်သော ဒေသခံများကို အပြင်မထွက်ကြရန်သတိပေးထားပြီး အန္တရာယ်အမှုန်များမှ ကာကွယ်နိုင်ရန် မျက်နှာဖုံးများဝေငှထားပြီဟုပြောသည်။ မီးခိုးငွေ့ပျံ့နှံ့သက်ရောက်မှုအပေါ် မူတည်၍လည်း သဘာဝအန္တရာယ်ဇုံများကို သတ်မှတ်ကြေညာသွားမည်ဟုလည်းဆိုသည်။

ထိုင်းလေထုညစ်ညမ်းမှုထိန်းသိမ်းရေးဌာန၊ အင်တာနက်ဝက်ဆိုက်၏အဆိုအရ နိုင်ငံခြားခရီးသွားများ၏ဦးတည်ရာ၊ တောင်ပေါ်မြို့လေးဖြစ်သော ချင်းမိုင်တွင် လေထုညစ်ညမ်းမှုသည် အန္တရာယ်ရှိသောအခြေအနေထက် ကျော်လွန်နေပြီဟုဆိုသည်။

အရေးပေါ်အခြေအနေကြောင့် ချင်းမိုင်နှင့် မဲဟောင်ဆောင် လေယာဉ်ခရီးစဉ်များကိုလွန်ခဲ့သော (၃) ရက်ကတည်းက ရပ်ဆိုင်းထားရပြီး လူနာသစ်များအတွက် ကြိုတင်ပြင်ဆင်ကြရန် ဆေးရုံများကို တပ်လှန့်ထားသည်ဟု သိရသည်။

လေထုညစ်ညမ်းမှုကို လေထုတစ်ကုဗမီတာတွင် ပါဝင်သောအမှုန်အရေအတွက်ဖြင့်တိုင်းတာပြီး အမှုန် (၁၂၀) ယူနစ်ပါဝင်နေလျှင် ကျန်းမာရေးအတွက်မကောင်းသောအခြေအနေ၊ (၃၀၀) ယူနစ်ပါဝင်လျှင် အန္တရာယ်ရှိသောအခြေအနေဟု သတ်မှတ်သည်။ ချင်းမိုင်းမြို့လေထုတွင် အမှုံအမွှားများပါဝင်မှုမှာ လေထုတစ်ကုဗမီတာတွင် အမှုန်ပါဝင်မှုယူနစ် (၃၈၂ ဒသမ ၇) ဖြစ်သည်ဟု သိရသည်။

ယခုအခါ ထိုင်းကျန်းမာရေးဝန်ကြီးဌာနသည် မြောက်ပိုင်းခရိုင်များတွင် မျက်နှာဖုံး (၃) သိန်းကိုဝေငှထားပြီး လိုအပ်သောအကူအညီများပေးရန် ကျန်းမာရေးစေတနာ့ဝန်ထမ်း (၁) သိန်းကိုလည်း စေလွှတ်ထားပြီဟု သိရသည်။

တာချီလိတ်နှင့်ကပ်လျက် ထိုင်း–မြန်မာနယ်စပ်တွင် လောင်နေသောတောမီးကို ငြိမ်းသတ်ရန်နှင့် နယ်စပ်လုံခြုံရေးအတွက် ထိုင်းအမှတ် (၃) တပ်မသည် မီးသတ်တပ်ဖွဲ့နှင့်အတူ အခြေအနေကို အချိန်ပြည့်စောင့်ကြည့်နေသည်ဟု ဘန်ကောက်ပို့စ်သတင်းစာကရေးသည်။

ထိုင်းဘက်အခြမ်းတွင် ယင်းသို့ပြင်ဆင်မှုများပြုလုပ်နေချိန်တွင် မီးခိုးမှုန်များ ဆိုင်းနေသော တာချီလိတ်မြို့ခံများသည် မျက်စိစပ်၊ ချောင်းဆိုး၊ လည်ချောင်းနာ စသော အသက်ရှုလမ်းကြောင်းဆိုင်ရာ ရောဂါများခံစားနေရပြီး၊ အာဏာပိုင်များကဘက်က မည်သည့်အရေးယူမှုများမရှိသေးဟု မြို့ခံများကပြောသည်။

❖

# မြန်မာပြည်ငြိမ်းချမ်းရေးအတွက် ထိုင်းအမျိုးသမီးတဦးဆန္ဒပြ

မြန်မာပြည်ငြိမ်းချမ်းရေးအတွက် ဘန်ကောက်မှ မဲဆောက်သို့ချီတက်လာသော မြန်မာသံဃာတော်များ၏ ငြိမ်းချမ်းရေးခရီးကို ထိုင်းအာဏာပိုင်များက ဟန့်တားပြီး၊ ငြိမ်းချမ်းရေးလမ်းလျှောက်သူများကို ဖမ်းဆီးပြီးနောက် ထိုင်းအမျိုးသမီးက ခရီးဆုံးတိုင်တကိုယ်တော် ဆက်လက်ချီတက်ခဲ့သည်။

ဇန်နဝါရီလ (၃၀) ရက်နေ့က ဘန်ကောက်သံရုံးရှေ့မှစတင်ခဲ့သော တလကြာ အဆိုပါငြိမ်းချမ်းရေးခရီးသည် မတ်လ (၁) ရက်နေ့က မဲဆောက်နှင့် (၉) ကီလိုမီတာအကွာရှိ ဟွေ့ဟင်ဖုန်ရဲဂိတ်တွင် ဟန့်တားခံရသည်။

မြဝတီ–မဲဆောက်ချစ်ကြည်ရေး တံတားထိပ်တွင် အဆုံးသတ်ရန် ရည်မှန်းသော အဆိုပါခရီးရှည်ကို ဂျာမဏီတွင် သီတင်းသုံးသော မြန်မာဘုန်းတော်ကြီး အရှင်သောပါကဦးဆောင်ခဲ့ပြီး အရှင်ခေမာနန္ဒ၊ အရှင်တိလောကနှင့် ဒကာခိုင်ကြီးတို့က လိုက်ပါချီတက်ခဲ့ကြသည်။

ငြိမ်းချမ်းရေးခရီးကို အစပိုင်းတွင် ထိုင်းအထူးလုံခြုံရေးတပ်များက လိုက်ပါစောင့်ရှောက်ပေးခဲ့သော်လည်း မဲဆောက်အဝင်တောင်ကြားတနေရာတွင် အရှင်ခေမာနန္ဒ၊ အရှင်တိလောကနှင့် တကာခိုင်ကြီးတို့ကို ထိုင်းအာဏာပိုင်များကဖမ်းဆီးသွားပြီးနောက်တနေ့တွင် အဖွဲ့ခေါင်းဆောင် အရှင်သောပါကပါ အဖမ်းခံရသဖြင့် ခရီးဝက်မှ အတူလိုက်ပါလာသော ထိုင်းအမျိုးသမီး မစ္စအေခနားသင်က ငြိမ်းချမ်းရေးအထိမ်းအမှတ် အဝါရောင်အလံကိုကိုင်ဆောင်ကာ မွန်းလွဲ (၂) နာရီတွင် ခရီးစဉ်ကို အဆုံးသတ်ပေးခဲ့သည်။

ထိုင်းနိုင်ငံတွင် စစ်တပ်က အာဏာသိမ်းထားစဉ်ပြုလုပ်ခဲ့သော အဆိုပါငြိမ်းချမ်းရေးခရီးစဉ်ကို ထောက်ခံကြိုဆိုရန် စောင့်ဆိုင်းနေသော မဲဆောက်မှ မြန်မာအလုပ်သမားရာပေါင်းများစွာလည်း အဖမ်းခံရပြီး မြန်မာ့ဒီမိုကရေစီအင်အားစုများကိုလည်း သံဃာတော်များ၏လှုပ်ရှားမှုနှင့် မပူးပေါင်းရန် ထိုင်းဒေသ စစ်အာဏာပိုင်များက ခေါ်ယူသတိပေးခဲ့သည်။❖



ဆန္ဒပြခဲ့သော မစ္စအေခနားသင်



# ဝါး

* မသိနားမလည်မှုတွေ ပြုတ်တို့ခံရတာကအစ
စိမ်းသစ် ဖြောင့်စင်းခြင်းတွေလည်း
နှိုးလိုအဖျာခံရ

* အမြင့်ဆီလှွင့်ထူထားတဲ့
လွတ်လပ်ဆန္ဒဆိုတာ
သွားကြားထိုးတံဖူးထဲ ဇောက်ထိုးမိုးမျှော်

* တဘဝလုံးကြေမွသွားတောင်မှ
အနင်းခံရဆဲ "သဲပွတ်" နှယ် တိုင်းပြည်

* ဒဏ်ရာ ဒဏ်ရာချင်း ထိခတ်တိုင်း
ကုလားတက် တခုလို "တောက်" ခတ်မိတယ်

* အချင်းချင်း
ထိုးသွင်း … နဖားထိုး
ဥပဒေမဲ့ ချောင်းရိုးအတိုင်း မျှောချ

* ကြည့်လိုက်စမ်း … ဟိုဘက်ကမ်း
ကိုယ့်အသားညှော်နံ့ ကိုယ်ပြန်ရှူသွင်းနေရတဲ့
မှိုင်းဝကျပ်ခိုးစင်တွေလို

* ဝေဒနာတွေကိုသာ ဖောင်ဖွဲ့နေရရင်
အဲဒီဒဏ်ရာဆိုတာတွေနဲ့
တဲတလုံးအပြင် အဖီတခုထပ်ထိုးလို့ရတယ်

* ဝါး … သူတို့ဟာ ဝါးပေပဲ
သို့ပေမယ့် … မြှားဝါး … လုံ့ဝါး
သစ်ချောင်း … သံချောင်းမဟုတ်ပေမယ့်
လုံ့ရှည်တချောင်းလို ဖြောင့်မတ်စိုက်ဝင်နေကြ …။

A.M.T

(ရှစ်လေးလုံးမျိုးဆက်ကျောင်းသားများအား ဂုဏ်ပြုရေးဖွဲ့ပါသည်)

သဲပွတ် ။ ။ ဝါးကြမ်းခင်း

## နာရေးကူညီမှုအသင်းကို အာဏာပိုင်များနှင့် ကြံ့ဖွံ့အဖွဲ့ များက အနှောင့်အယှက်ပေးနေ



ရန်ကုန်နာရေးကူညီမှုအသင်း၏ လုပ်ကိုင်ဆောင်ရွက်မှုများကို မကြာသေးခင်က အာဏာပိုင်များက နှောင့်ယှက်ဟန့်တားမှုများပြုလုပ်ခဲ့ကြောင်း နာရေးအသင်းတာဝန်ရှိသူများက ပြောသည်။

မတ်လ (၂၂) ရက်နေ့က ရန်ကုန်စက်စမ်းရထားဝန်ထမ်းရိပ်သာ ရပ်ကွက်သူ ရပ်ကွက်သားများက နားရေးကူညီမှုအသင်းအား အလှူငွေပေးအပ်မည့်ကိစ္စကို ရပ်ကွက်အာဏာပိုင်များက ပိတ်ပင်ခဲ့သည်ဟု အသင်း၏ဒုဥက္ကဋ္ဌ ရုပ်ရှင်သရုပ်ဆောင်ကျော်သူက ပြောသည်။

အလှူငွေပေးအပ်ခါနီးကျမှ အလှူ့ရှင်ထံမှ မူလအစီအစဉ်ကိုဖျက်လိုက်ရကြောင်း တယ်လီဖုန်းဖြင့် အကြောင်းကြားကြောင်း၊ အလှူငွေများကို ရပ်ကွက်အာဏာပိုင်များက အတင်းအကြပ် တောင်းယူသွားသည်ဟု ကြားသိရကြောင်း ကိုကျော်သူကပြောသည်။

အလားတူ ဖေဖော်ဝါရီလကုန်ပိုင်းကလည်း ရန်ကုန် ပုသိမ်ညွန့်ရပ်ကွက်သူ ရပ်ကွက်သားများက နာရေးကူညီမှုအသင်းသို့ အလှူငွေများ ပေးလှူရာ ငွေလှူသူများကို ရပ်ကွက်အာဏာပိုင်များက ခေါ်ယူစစ်ဆေးခဲ့သည်ဟုဆိုသည်။

၂၀၀၁ ခုနှစ်မှ ယခုအထိ နာရေး (၆) သောင်းခန့်ကို အခမဲ့ကူညီပေးနိုင်ခဲ့သော နာရေးအသင်းကြီး၏ဒုဥက္ကဋ္ဌ ကိုကျော်သူက အသင်းသည် လူမှုရေးကိစ္စတခုတည်းကိုသာ အာရုံစိုက်ကြောင်း၊ နိုင်ငံရေးကိစ္စများနှင့် ကင်းလွတ်ကြောင်းပြောသည်။

၂၀၀၆ ခုနှစ် ဩဂုတ်လအတွင်းက ၈၈ မျိုးဆက်ကျောင်းသားများ ဦးဆောင်ကျင်းပသော (၁၈) နှစ်မြောက် (၈) လေးလုံး အရေးတော်ပုံ နှစ်ပတ်လည်အခမ်းအနားသို့ နာရေးကူညီမှုအသင်းမှ ကိုကျော်သူနှင့် စာရေးဆရာမ သန်းမြင့်အောင်တို့ တက်ရောက်ခဲ့သည့်နောက်ပိုင်း နာရေးကူညီမှုအသင်း၏ လှုပ်ရှားမှုများကို အာဏာပိုင်များက မျက်မုန်းကျိုးနေပြီး ကြံ့ဖွံ့အဖွဲ့ကသိမ်းမည်ဆိုသည့်သတင်းများပင် ထွက်ပေါ်ခဲ့သည်။

ယမန်နှစ် အောက်တိုဘာလက ကြံ့ဖွံ့အထွေထွေအတွင်းရေးမှူး ဗိုလ်ချုပ်ဌေးဦးက ကြံ့ဖွံ့အသင်းအနေဖြင့် နာရေးကူညီမှုအသင်းတသင်းကို တည်ထောင်ပြီးဖြစ်ကြောင်းကြေညာခဲ့ပြီး ကျော်သူ၏ နာရေးကူညီမှုအသင်းကို စင်ပြိုင်ထူထောင်ထားခြင်း မဟုတ်ကြောင်းပြောသည်။

သို့သော် ကိုကျော်သူက ကြံ့ဖွံ့အဖွဲ့၏လုပ်ရပ်သည် ထင်ယောင်မှားမှုကို ဖြစ်စေပြီး လွတ်လပ်သော လူမှုရေးလုပ်ငန်းများ လုပ်ကိုင်နေသော မိမိတို့အသင်းကြီး၏ ဂုဏ်သိက္ခာကို ထိခိုက်သည်ဟုပြောသည်။

ပြည်တွင်းပြည်ပမှ စေတနာရှင်များ၏ အလှူငွေဖြင့် ရပ်တည်နေသော နာရေးကူညီမှုအသင်းသည် မတ်လ (၂) ရက်နေ့ကလည်း ရန်ကုန်တိုင်းသင်္ဃန်းကျွန်းမြို့နယ်တွင် "သုခ ကုသိုလ်ဖြစ်ဆေးခန်း"ဟု အမည်ပေးထားသော ဆေးခန်းတခုကို ဖွင့်လှစ်ထားပြီး ဆင်းရဲနွမ်းပါးသူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိသည်။ ❖

## မော်လမြိုင် ဗုံးပေါက်မှုများကြောင့် လူတရာကျော် ထောင်ချခံရ

မော်လမြိုင်မြို့တွင် ဖေဖော်ဝါရီလ (၂၀) ရက်နေ့က ဗုံးပေါက်မှုဖြစ်ပွားပြီး ရက်ပိုင်းအတွင်း လူတရာကျော်ကို ဖမ်းဆီးထောင်ချလိုက်ကြောင်း အာရ်အက်ဖ်အေသတင်းတပုဒ်ကဆိုသည်။

ဖေဖော်ဝါရီလ (၂၀) ရက်နေ့နံနက် (၁၁) နာရီခန့်က မော်လမြိုင်မြို့ အဝေးပြေးကားဂိတ်စခန်းတွင် စိုးရတနာ ခရီးသည်တင်ကားပေါ် ဗုံးပေါက်မှုဖြစ်ခဲ့ပြီးနောက် ညနေပိုင်းတွင်း မြို့သစ်ရပ်ကွက်အပါအဝင် ရပ်ကွက်တချို့တွင် ဧည့်စာရင်းမတိုင်သူ တရာကျော်ကိုဖမ်းဆီးပြီး ထောင်ဒဏ် (၅) ရက်စီချမှတ်ခဲ့သည်ဟု မြို့ခံတဦးကိုကိုးကား၍ သတင်းကဆိုသည်။

ယခင်က ဧည့်စာရင်မတိုင်သူများကို တရားရုံးက ဒဏ်ငွေ (၅၀)၊ (၁၀၀) ကျပ်စီ ချမှတ်ခဲ့သည့် အဖြစ်အပျက်များရှိသော်လည်း ယခုတကြိမ်တွင် ထောင်ဒဏ်အထိချမှတ်ခဲ့သဖြင့် မြို့ခံများကြား မကျေမနပ်ပြောဆိုမှုများရှိနေသည်။ ထောင်ဒဏ်ချခံရသူများတွင် အမျိုးသမီးနှစ်ဒါဇင်ကျော် ပါဝင်သည်ဟု သိရသည်။

ဗုံးပေါက်မှုနောက်ပိုင်းတွင် ည (၁၀) နာရီကျော်လျှင် လမ်းပေါ်တွေ့သမျှလူ အကုန်ဖမ်းပြီး စစ်ဆေးမှုများလုပ်နေသော်လည်း ဘယ်သူ့လက်ချက်ဟု ယခုတိုင်ဖော်ထုတ်နိုင်ခြင်းမရှိပါ။

ဖေဖော်ဝါရီလ (၁၆) ရက်နေ့ကလည်း မော်လမြိုင်မြို့၊ ခရိုင်ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်းရုံးနားတွင် ဗုံးတလုံးပေါက်ကွဲခဲ့ရာ ထိခိုက်ဒဏ်ရာရမှု မရှိသော်လည်း မြို့ခံများကြားတွင် စိုးရိမ်မှုများတိုးပွားနေသည်ဟု ဗွီအိုအေသတင်းတပုဒ်ကဆိုသည်။

❖

## စာပေဟောပြောပွဲစီစဉ်သူများ ထောင်ဒဏ်အပြစ်ပေးခံရ

ပဲခူးတိုင်းအနောက်ခြမ်းရှိ ပေါင်းတလည်မြို့တွင် စာပေဟောပြောပွဲစီစဉ်သူ (၃) ဦးကို အာဏာပိုင်များက ဖမ်းဆီး၍ ထောင်ဒဏ် (၃) လစီ ပြစ်ဒဏ်ချမှတ်လိုက်ကြောင်း ဒေသခံများကပြောသည်။

ဖေဖော်ဝါရီလ (၈) ရက်နေ့က ပေါင်းတလည်မြို့ သတ္တမမဋ္ဌူကျောင်းတိုက် ဆရာတော် ဦးဉာဏဗလမွေးနေ့တွင် ပြုလုပ်သော ရန်ကုန်မှ နာမည်ကြီးစာရေးဆရာ ကိုတာနှင့် ကာတွန်းအော်ပီကျယ်တို့၏ စာပေဟောပြောပွဲကို ခွင့်ပြုမိန့်မရဘဲ စီစဉ်ခဲ့ခြင်းကြောင့် ယခုကဲ့သို့ အရေးယူခံရခြင်းဖြစ်သည်။

ထောင်ချခံရသူများမှာ ကိုမင်းကြည်၊ ကိုမြင့်ဦးနှင့် တခြားတဦးဖြစ်ပြီး ၎င်းတို့ကို ပြည်မြို့ထောင်တွင် ထိန်းသိမ်းထားသည်ဟု သိရသည်။

စာပေဟောပြောပွဲကို ပေါက်ခေါင်းတွင် လုပ်ရန် အစောပိုင်းက စီစဉ်ခဲ့သော်လည်း မယကက ခွင့်ပြုမိန့်မပေးသဖြင့် တပတ်ခန့်ရက်ရွှေ့ပြီးနောက် ပေါင်းတလည်တွင်ပြုလုပ်ခဲ့ကြခြင်းဖြစ်သည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင် မဟုတ်သူများကစီစဉ်သော စာပေဟောပြောပွဲကို ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်းက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ဦးဆောင်သည်ဟုဆိုကာ အာဏာပိုင်များထံ တိုင်ကြားထားခဲ့ခြင်းကြောင့် ယခုကဲ့သို့ စီစဉ်သူများ အဖမ်းခံရပြီး ယခုကဲ့သို့ ထောင်ဒဏ်များချမှတ်ခံရခြင်းဖြစ်ကြောင်းလည်း သိရသည်။

❖





## ဝမ်းနည်းမှတ်တမ်း

ကေအဲန်ယူစစ်ခေါင်းဆောင် ဗိုလ်ချုပ်ကျော်သောင်းသည် ဧပြီလ (၁) ရက်နေ့မွန်းလွဲပိုင်းက လူကြီးရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်ပြီး စျာပနအခမ်းအနားကို ဧပြီလ (၂) ရက်နေ့တွင် ကေအဲန်ယူတပ်မဟာ (၇) လက်အောက်ခံ တပ်ရင်း (၁၀၁) တွင် ကျင်းပပြီးစီးခဲ့သည်။

ဗိုလ်ချုပ်ကျော်သောင်းသည် ၁၉၄၇ ခုနှစ်၊ ကေအဲန်ယူနှင့် ကေအဲန်ဒီအိုဖွဲ့စည်းရာတွင်ပါဝင်ခဲ့ပြီး ၁၉၄၉ နာမည်ကျော် အင်းစိန်တိုက်ပွဲတွင်ပါဝင်တိုက်ခိုက်ခဲ့သူဖြစ်သည်။ အင်းစိန်မှပြန်ဆုတ်ပြီးနောက် ဧရာဝတီမြစ်ခံစစ်တိုက်ပွဲများ တွင်တပ်စုမှူးအဖြစ်ပါဝင်ခဲ့သည်။

ကေအဲန်ယူအရံဗဟိုကော်မတီဝင်၊ မြစ်ဝကျွန်းပေါ် တပ်မနိုင်ငံရေးမှူး၊ တပ်မမှူးအဖြစ် ကျရာတာဝန်များကျေပွန်ခဲ့သူ ဗိုလ်ချုပ်သည် ၁၉၅၈ တာတပေါစစ်ဆင်ရေး၊ ၆၄–၆၅ ဆင်မင်းစစ်ဆင်ရေး၊ ၆၆ အောင်စစ်သည်စစ်ဆင်ရေး၊ မိုးဟိန်း–ရွှေလင်းယုန်စစ်ဆင်ရေးတို့ကို ဦးစီးတိုက်ခိုက်ခဲ့သူဖြစ်သည်။

၁၉၆၀–၁၉၇၄ ပဲခူးရိုးမထိုးစစ်များ၊ ၁၉၇၅– ၁၉၉၅ ကရင်ပြည်နယ်ဝမ်းခါတိုက်ပွဲကို ဗိုလ်မှူးတောလှ၊ ဗိုလ်မှူးကြီးသန်းမောင်တို့နှင့် ဦးစီးခဲ့သူ ဗိုလ်ချုပ်သည် ၁၉၉၅ မှ ၂၀၀၄ ခုအထိ ကေအဲန်ဒီအိုစစ်ဦးစီးချုပ်တာဝန်ယူခဲ့သည်။

၁၉၂၄တွင် ဧရာဝတီတိုင်း၊ ပန်းတနော်မြို့နယ် ထိန်ကုလားရွာတွင်မွေးဖွားသော ဗိုလ်ချုပ်ကျော်သောင်းသည် ကရင့်အမျိုးသားတော်လှန်ရေးအနှစ် (၆၀) ခရီးတွင် အတက်–အကျ၊ အဆုတ်–အတက် လှိုင်းတံပိုးတွင်း၌ ကြံ့ကြံ့ခိုင်ခိုင်ရပ်တည်ရင်း ကွယ်လွန်ချိန်အထိ ကေအဲန်ယူ၏ ဂုဏ်ထူးဆောင်နာယကအဖြစ် ယုံကြည်ချက်ခိုင်မာသူလည်းဖြစ်သည်။

သူရဲကောင်းများတဖြုတ်ဖြုတ်ကြွေနေသောခေတ်တွင် ပထမတန်းခေါင်းဆောင်တဦး ကွယ်လွန်ခြင်းသည် တော်လှန်ရေးကောင်းကင်မှ နောက်ထပ်အလင်းတစက်ကြွေသွားခြင်းအဖြစ် မိုးကြိုးသတင်းစဉ်က ဝမ်းနည်းမှတ်တမ်းတင်ရပါသည်။ ❖

**စာမျက်နှာ (၁၂) ဆောင်းပါးမှ**

ပေးတဲ့သူဟာ သူ့ကိုယ်ကျိုးအတွက် အမိန့်ပေးလာခဲ့ရင်ကောလို့ မေးစရာရှိလာတယ်။ အဲဒီအခါမှာ သေနတ်ပြောင်းဝကို အမိန့်ပေးတဲ့သူဘက် လှည့်လိုက်ရုံပဲ"

အဲဒါကတော့ ဗိုလ်သင်တန်းဆင်းပွဲတခုမှာ ကျမတို့ရဲ့လွတ်လပ်ရေးဗိသုကာကြီး၊ တပ်မတော်ရဲ့ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းရဲ့ ဗိုလ်သင်တန်းဆင်းပွဲတခုမှာ ဗိုလ်လောင်းတွေကိုပြောခဲ့တဲ့ အမှာစကားလေးပါပဲ။

ဗိုလ်တင်အောင်ဟာ ဗိုလ်ချုပ်ရဲ့ အဲဒီအမှာစကားကို ကြားဖူးချင်လည်း ကြားဖူးခဲ့ပါလိမ့်မယ်။ ကြားဖူးချင်မှလည်း ကြားဖူးခဲ့ပါလိမ့်မယ်။ ဒါပေမယ့် သူ့ရဲ့လုပ်ရပ်နဲ့ ဆုံးဖြတ်ချက်ကတော့ ဗိုလ်ချုပ်လိုချင်တဲ့ ပြည်သူ့စစ်သားစိတ်ဓာတ်ပါ ....။

ခွာညို
(၂၀၀၇ ခုနှစ်၊ မတ်လ ၁၀ ရက်)

**ကိုယ့်အခွင့်အရေးအတွက် ကိုယ်တိုင်တိုက်ပွဲဝင်ကြ။**

**ကောင်းတဲ့ကိစ္စ၊ တရားတဲ့ကိစ္စမှန်သမျှ ရဲရဲလုပ်ကြ။**

**မတရားတဲ့အမိန့် အာဏာဟူသမျှ တာဝန်အရ ဖီဆန်ကြ။**

# လေစိမ်းတွေတိုက်လာပြီ




**ပြည်သူလူထုနဲ့ ဖိနှိပ်သူတို့အကြား အခုလို အင်မတန်စည်းပြတ်ပြီး၊ ထင်ထင်ရှားရှား၊ ပြင်းပြင်းထန်ထန် တိုက်ပွဲဖြစ်နေကြချိန်မှာ တတိယအင်အားစုဆိုတာ လုံးဝမပေါ်နိုင်ဘူး။ ဒုတိယကမ္ဘာ စစ်အပြီး၊ ဗမာပြည် ပြည်သူတွေရဲ့ လွတ်လပ်ရေးတိုက်ပွဲ အရှိန်အဟုန်သိပ်ကြီးမာနေချိန်မှာ ...**

ဗမာပြည်နိုင်ငံရေးလောကမှာ ပုံကားချပ်တွေ တရိပ်ရိပ်ပြေးနေတယ်။ တော်တော်သွက်သွက်ပဲလှုပ်ရှားနေတယ်။ မျက်နှာသစ်တွေ၊ အသံသစ်တွေ၊ ဆန္ဒပြမှုအသစ်တွေ၊ စုံမှစုံ။ ဒါမျိုးမမြင်ရ၊ မကြားရတာ ကြာပဲ ကြာလှပြီ။

နိုင်ငံရေးသမိုင်း လေ့လာချင်သူတွေအဖို့ ဒီအကွေ့အပြောင်းဟာ စိတ်ဝင်စားစရာ အင်မတန်ကောင်းမှာ။

ပုန်းလျှိုးနေသူတွေ၊ လဲလျောင်းစက်နားနေသူတွေ၊ ခေါင်းရှောင်နေသူတွေပါ ထလာကြတာတွေ့ရတယ်။ သူတို့အပြင် စစ်အုပ်စုအုပ်စိုးမှုကို ပြည်ဖုံးကားချမယ့်လူတွေလည်း လမ်းပေါ်ကို စတက်လာတာတွေ တွေ့ရတယ်။

အဲဒီအထဲမှာ နအဖကို ပြောင်ထောက်ခံပြီး ဒီချုပ်ကိုတိုက်ရိုက်တိုက်ခိုက်တဲ့လူတွေ ရှေ့ကိုခုန်ထွက်လာကြတာ အတော်ထူးဆန်းတယ်။ ဖိနှိပ်တဲ့အုပ်စိုးသူကို ဆန့်ကျင်တဲ့ ပြည်သူလူထုရဲ့ လှုပ်ရှားမှုလှိုင်းတံပိုးတွေ ပြင်းထန်နေတဲ့ကာလမျိုးတွေဆိုရင် ဒီလိုလူတွေဟာ အမြီးကုပ်နေတတ်တယ်။ အသံတောင် မပေးဝံ့ဘူး။ ပြည်သူလူထုဘက်က အင်အားကျဆင်းပြီထင်တော့မှ သူတို့တတွေ ထွက်လာတတ်တယ်။ ဒါပေမဲ့ ဒီနေ့ ဗမာပြည်အခြေအနေက ပြည်သူလူထုရဲ့လှုပ်ရှားမှုတွေ အားယူနေရဆဲမို့ မသည်းထန်လှဘူးလို့ ယူဆစရာ ရှိကောင်းရှိပေမဲ့ ဖိနှိပ်တဲ့အုပ်စိုးသူနဲ့ ပွဲမပြတ်ကြသေးတာကတော့ ရှင်းနေတယ်။ ခုလိုအနေအထားမှာ တက်ထောင် မောင်းနင်း၊ လေကြီးမိုးကြီးစကားတွေနဲ့ ထွက်လာတာဟာ ဘာကြောင့်လဲ စဉ်းစားစရာရှိတယ်။ တယောက်မက၊ ဒေါင့်အသီးသီးက ရှေ့စဉ်နောက်ဆက်ပေါ်လာတာဟာ တိုက်ဆိုင်လွန်းတယ်ဆိုရမှာပဲ။

ဗမာပြည်နိုင်ငံရေးကို နားလည်သူတိုင်းကတော့ သူတို့ထွက်လာတာဟာ နအဖခွင့်ပြုချက်မပါပဲ မဖြစ်နိုင်ဘူးဆိုတာသိကြတယ်။ စစ်ဗိုလ်ချုပ်တွေဟာ နယ်စပ်တဘက်ကနေ လက်နက်ချရင်တောင်မှ တော်ရုံလူဆိုရင် ပြည်တွင်းမှာရှုပ်နေမှာစိုးလို့ နယ်စပ်တဘက်မှာပဲနေ၊ ကူးမလာနဲ့လို့ ရာသက်ပန် မာ့ခ်တိုင်း (Mark Time – စစ်လေ့ကျင့်ရာမှာ နေရာတင်ရပ်ပြီး ခြေနှစ်ဘက်လှုပ်ရှားနေတာ) လုပ်ခိုင်းထားတာ။ သူတို့ဟာ ကိုယ့်ကိုထောက်ခံတာ၊ ဖားတာဖြစ်ဦးတော့ မျက်စိနောက်တယ်ယူဆပြီး ပိတ်ထားတတ်လေ့ရှိတာ တလျှောက်လုံးတွေ့ခဲ့ရတယ်။ ဒါပေမဲ့ အခုတော့ ....။ တစုလည်းမက၊ နှစ်စုလည်းမက။

အငြိမ်းစားစစ်ဗိုလ်တွေ၊ မဆလတွေကို အခြေခံဗဟိုပြုဖွဲ့ထားပြီး နိုင်ငံရေးကို အပျော်တမ်းလိုလုပ်နေတဲ့ တစည‌တောင်မှ စကားတွေ မပြောစဖူးပြောလာတယ်။ တစညတို့များ မပြောရင်လဲမပြောလို့၊ ပြောလိုက်ရင်လည်း အံ့ဩတုန်လှုပ်စရာ။ မယုံကြည်စရာ။ သူတို့ဟာ ရွေးကောက်ပွဲဝင်ဖို့ အသင့်ဖြစ်နေပြီလို့ လက်ခမောင်းတဖောင်ဖောင်ခတ်ပြလိုက်တယ်။ နောက်ပြီး သာမန်ပြည်သူနဲ့ တခြားနိုင်ငံရေးပါတီတွေထက် နအဖရဲ့ ရှေ့ခြေလှမ်းတွေကိုသိနေ၊ ကာကွယ်ပြောဆိုနေပုံဟာ နအဖရဲ့ပြောရေးဆိုခွင့်ရှိသူလား အောက်မေ့ရတယ်။ ပြောသမျှမှာ ကိုယ့်ကိုယ်ကို ယုံကြည်မှုအပြည့်၊ မောက်မာမှုအပြည့်။ ထူးဆန်းတာတခုက သူတို့တစညပါတီဟာ လူထုထဲဆင်း ဆွေးနွေးပြောကြားတယ်၊ စည်းရုံးတရားဟောတယ်လို့ မကြားရပဲ ရွေးကောက်ပွဲအတွက်အသင့်ပဲလို့ ပြောနေတာပဲ။

ရှစ်လေးလုံးတို့၊ ကျောင်းသားတို့ဆိုတဲ့ စကားတွေကို နားစွန်နားဖျားလေးမှ မကြားချင်တဲ့နအဖစစ်ဗိုလ်တွေ အခုလို ခေါင်းကုတ်နေကြချိန်မှာ ရှစ်လေးလုံးကျောင်းသားဟောင်းနာမည်နဲ့ လူတချို့ထွက်လာတာ၊ ဖွာလောင်ဖွာလောင် ပြောခွင့်ရနေတာ၊ မြို့လယ်ခေါင်မှာ ဆန္ဒပြခွင့်တောင်ရနေတာတို့ဟာလည်း ဒီနေ့နိုင်ငံရေးဇာတ်ခုံရဲ့ ထူးခြားချက်ပဲ။ ဒီချုပ်ကို ကွဲအောင်မခွဲနိုင်တော့ အခုလို ဂျိုကျိုးနားရွက်ပဲ့ကို ဒီချုပ်ဆိုင်းဘုတ်ထမ်းပြီး ပွဲထွက်စေတယ်။

သေချာတာကတော့ ဗမာပြည်နိုင်ငံရေးဟာ မကြာခင်မှာ အကွေ့အချိုးတခုကိုရောက်တော့မယ်ဆိုတာပဲ။ နအဖကိုယ်တိုင်က သူတို့ရဲ့ညောင်နှစ်ပင်ဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေထွက်လာတော့မယ်လို့ ပြောနေတာရှိသလို တစညလိုဟာတွေဆီကတဆင့်လည်း ရှေ့လုပ်မယ့်ဟာတွေကို တရားမဝင်ထုတ်ပြန်နေတယ်။ ဒါမှမဟုတ် ပြည်သူတွေ ယုံထင်ကြောင်ထင်ဖြစ်အောင် အသံတွေလွှင့်ပေးနေတယ်။

စစ်အစိုးရကိုယ်တိုင်က ပြောတာ၊ လုပ်တာတွေအားလုံးမှာ အချွန်တွေ၊ အထောင်တွေ မြင်တွေ့နေရတာလည်းဆန်းတယ်။ အမေရိကန်သံရုံးရှေ့၊ ဗြိတိသျှသံရုံးရှေ့တွေမှာ ဆန္ဒပြခိုင်းနေတာကိုပဲကြည့်။ နောက်ကွယ်မှာ ဘာတွေစီစဉ်ထားတယ်ဆိုတာ စဉ်းစားစရာပဲ။ အဲဒီ နိုင်ငံရေးအုတ်ကြားမြက်ပေါက်တွေကို စင်ထိုးပေးချင်လို့ လုပ်တာလေလား။ ဘယ်တုန်းကမှ လူတွေမကြားခဲ့ဖူးတဲ့ သူတို့နာမည်တွေကို လူတွေကြားဖူးအောင် လုပ်ပေးနေတာလား။ ထောင်ချောက်တွေဆင်နေတာလား။

အထူးခြားဆုံးလို့ဆိုရမှာက တတိယအင်အားစုဆိုတာကို ပြောင်ကြားလာရတာပဲ။ ဒီစကားကို နအဖက တယ်လီဖုံးထားပေး၊ အစည်းအဝေးမှန်မှန်လုပ်ခွင့်ပေးထားတဲ့ မှတ်ပုံတင်ထားခြင်းမရှိတဲ့ အလံနီနွယ်အဖွဲ့တခုဆီက ကြားလာရတာပဲ။ သူတို့က “ပမညတလို”ဆိုပြီး တိတိကျကျကို ညွှန်းပြီးပြောတယ်။ သူတို့၊ အေးလွင်တို့လို နှစ်ယောက်နဲ့တပိုင်းအစုလေးတွေကိုစုလိုက်ရင် ဧရာမတပ်ပေါင်းစုကြီးတခုဖြစ်လာမယ်လို့ တွက်နေကြသလားမသိဘူး။

ဒီလူတွေဟာ နအဖပြောခိုင်းတဲ့အတိုင်း ပြောနေကြတာပဲ။ ကိုယ့်ကိုယ်ကိုလည်း အတော်တွက်နေကြတယ်။ နအဖဟာ တတိယအစု ပေါ်ရေးကို ပြည်တွင်းရောပြည်ပမှာပါ ကြိုးစားနေတာကြာပြီ။ မယ်မယ်ရရ၊ ဆုပ်ဆုပ်ကိုင်ကိုင် တခုမှပေါ်ထွက်မလာခဲ့ဘူး။ ပြည်ပမှာဆိုရင် အဲန်ဂျီအိုနောက်ခံနဲ့ ထွက်ဖို့ကြိုးစားတာတောင်ရှိတယ်။ ဒါပေမဲ့ ပြည်တွင်းကပြည်သူတွေမှာ ပြောခွင့်မရှိလို့ မပြောကြပေမဲ့ ပြည်ပကကျတော့ အပြတ်ပြောကြ၊ ဆန့်ကျင်ကြလို့အဲဒီလိုလူတွေ အမြီးကုတ်နေကြရတယ်။ ရှင်းတယ်။ ပြည်သူလူထုနဲ့ ဖိနှိပ်သူတို့အကြား အခုလို အင်မတန်စည်းပြတ်ပြီး၊ ထင်ထင်ရှားရှား၊ ပြင်းပြင်းထန်ထန် တိုက်ပွဲဖြစ်နေကြချိန်မှာ တတိယအင်အားစုဆိုတာ လုံးဝမပေါ်နိုင်ဘူး။ ဒုတိယကမ္ဘာစစ်အပြီး၊ ဗမာပြည် ပြည်သူတွေရဲ့ လွတ်လပ်ရေးတိုက်ပွဲအရှိန်အဟုန် သိပ်ကြီးမာနေချိန်မှာ အင်္ဂလိပ်က ဆာပေါ်ထွန်းတို့၊ ဦးစောတို့လို ဖြုတ်စပြင်းတောင်းတွေနဲ့ တပ်ပေါင်းစုတခုဖော်ထုတ်ဖို့ကြိုးစည်ခဲ့တာ ဘယ်မှာအောင်မြင်လို့လဲ။

ပမညတဆိုတာ ပါလီမံဒီမိုကရေစီဆိုတဲ့ အခြေအနေမှာ ပေါ်ထွက်လာတဲ့ အဖွဲ့အစည်းဖြစ်တယ်။ အဲဒီလို အခြေခံအကြောင်းအချက်မရှိရင် ပမညတမပေါ်နိုင်ဘူး။ ဖဆပလတောင်မပေါ်နိုင်ဘူး။ မတူတဲ့ နိုင်ငံရေးနောက်ခံတွေ၊ အခြေအနေတွေကို အတင်းဆွဲယူ အကောင်အထည်ဖော်ရင်မှားမှာပဲ။ လက်တွေ့မပါဘူး။ ပြောယုံလောက်ဆိုရင်တော့ တမျိုးပေါ့။ လုပ်ငန်းရပ်၊ လုပ်ငန်းစဉ်တွေကို မဖြစ်နိုင်တဲ့အခြေအနေကို မျှော်မှန်းပြီးချမှတ်ရင် မှားမှာပဲ။ ဘာမှဖြစ်လာမှာမဟုတ်ဘူး။ သူတကာမျက်စိအောက်၊ ဒါမှမဟုတ် သူတကာမမြင်အောင် တိတ်တိတ်လေး နောက်ပြန်ကွေ့ရတာဖြစ်မယ်။

စစ်အုပ်စုထဲမှာ အကွဲအပြဲဖြစ်လာရင် ဘာလုပ်ကြမလဲ။ ကိုယ့်ဘက်က အဲဒီအတွက် ပြင်ဆင်မှုရှိရဲ့လား။ စစ်အုပ်စုအကွဲအပြဲဆိုတာ မဖြစ်နိုင်တာမဟုတ်ဘူး။ တောက်လျှောက်ဖြစ်နေတာ။ သူ့သမိုင်းမှာ ကွဲပြီးရင်ကွဲရင်း၊ ဖြုတ်ပြီးရင်း ဖြုတ်ရင်းပဲ။ ထိပ်သီးတွေကို အသုတ်လိုက်၊ အချီလိုက်ဖြုတ်ခဲ့တာတွေ နည်းသမို့လား။ ရှစ်လေးလုံးဖြစ်လိုက်တော့ ဗိုလ်နေဝင်းအပါ သူမွေးထားတဲ့ မျိုးဆက်နဲ့ နောက်စစ်အုပ်စုမျိုးဆက်တွေ ချက်ကြိုးပါပြတ်အောင် ကွဲထွက်သွားတာပဲမဟုတ်လား။ တချိန်က သူလက်ညှိုးညွှန်ရာ ရေဖြစ်လို့ ဘုန်းမီးနေလဟုန်းဟုန်းတောက်ခဲ့တဲ့ ဗိုလ်နေဝင်းအကြောင်းကို ဒီနေ့အခါမှာ စွယ်စုံကျမ်းမှာ ဘယ်လိုနိဂုံးချုပ်ထည့်ရပါ့မလဲဆိုတာတောင် အငြင်းပွားနေရတဲ့အဖြစ်ရောက်သွားတယ်။

ဒီတော့ စစ်အုပ်စုကွဲအောင် ဘယ်လိုလုပ်မလဲ။ ဘယ်လိုအကွဲမျိုးဖြစ်အောင် လုပ်မလဲ။ ကွဲသွားရင် ဘာဆက်လုပ်မလဲဆိုတာတွေ စဉ်းစားချမှတ်လုပ်ဆောင်ကြသင့်တယ်။ လူထုအင်အားပါရင် အကွဲဟာ ကိုယ်ကွဲစေချင်တာမျိုးဖြစ်မှာပဲ။ သူတို့ချင်း စားခွက်လုလို့ ကွဲရင်တော့ ပြည်သူ့အတွက် ဘာမှဖြစ်လာမှာမဟုတ်ဘူး။ တချို့အမှုထမ်းတွေ မြေစာပင်ဖြစ်တာသာ အဖတ်တင်မယ်။

တလောဆီကတော့ ရန်ကုန်မှာ စားဝတ်နေရေးကြပ်တည်းမှုအတွက်ဆိုပြီး စီးပွားရေးအခြေခံ ဆန္ဒပြမှုတခုဖြစ်ပွားခဲ့တယ်။ ဒါဟာ ဒုက္ခမျိုးစုံအကြားမှာ ပိတ်လှောင်မွန်းကျပ်နေတဲ့ ပြည်သူလူထုအဖို့ ရှားရှားပါးပါးရလိုက်တဲ့ လေပြေလေညှင်းလေးပဲ။ အဲ .... နအဖစစ်ဗိုလ်ချုပ်တွေအဖို့တော့ လေစိမ်းတွေ စတိုက်တာပဲ။

ဒါမျိုးတွေများလာရင်တော့ မုန်တိုင်းဖြစ်လာမှာပေါ့ .... ။

ဗညြ

❖

BINA
Burma Independent News Agency
မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီ
မှထုတ်ဝေဖြန့်ချိသည်။

**အယ်ဒီတာချုပ်**
ဇော်ဇော်

**တာဝန်ခံအယ်ဒီတာ**
နေသွင်

**သတင်းအယ်ဒီတာ**
စောမင်းထိုက်ကျော်၊ ကျော်ဦးညို၊
ဘုန်းမြင့်၊ ခွာညို

စာမျက်နှာဖွဲ့စည်းမှု
အောင်ထက်

မိုးကြိုး
သတင်းစဉ် သို့

စာမူများ၊
ဝေဖန်အကြံပြုစာများ
ဆက်သွယ်
ပေးပို့နိုင်သည်။

P.O.Box (91)
Mae Sod, 63110
Tak , Thailand.
www.binamojo.org
binamojo@cscoms.com

ပြည်တွင်းလှုပ်ရှားမှု ဓာတ်ပုံများကို
အသုံးပြုခွင့်ပေးခဲ့သော
နိုင်ငံရေးအကျဉ်းသားများ
နှင့်
နိုင်ငံရေးအကျဉ်းသားများ
ကူညီစောင့်ရှောက်ရေးအသင်း
(မြန်မာနိုင်ငံ)
တို့အား
မိုးကြိုးသတင်းစဉ်မှ
အထူးကျေးဇူးတင်ရှိပါသည်။

အယ်ဒီတာအဖွဲ့

# တိုင်းပြည်လက်ငင်းအခြေအနေတွင် တိုက်ပွဲဖော်ဆောင်နိုင်ရေးသည် အဓိကလုပ်ငန်းစဉ်ဖြစ်

# အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) ၏ ပဉ္စမအကြိမ်ညီလာခံပြီးစီး



ထိုင်း–မြန်မာနယ်စပ်တနေရာတွင်ကျင်းပခဲ့သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) ၏ ပဉ္စမအကြိမ်ညီလာခံ

**ပဉ္စမအကြိမ်ညီလာခံမှ ရွေးချယ်တင်မြှောက်လိုက်သော ခေါင်းဆောင်မှုဗဟိုအလုပ်အမှုဆောင်အဖွဲ့**

| | |
|---|---|
| **ဥက္ကဋ္ဌ** | **ဦးတင်အောင် (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပြည်နယ်စည်းတာဝန်ခံ)** |
| **ဒုဥက္ကဋ္ဌ** | **ဒေါ်စန်းစန်း (ရန်ကုန်တိုင်း ဆိပ်ကမ်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)** |
| **အတွင်းရေးမှူး** | **ဦးမြင့်စိုး (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုဦးစီးအဖွဲ့ဝင်)** |
| **တွဲဖက်အတွင်းရေးမှူး (၁)** | **ဦးဝင်းလှိုင်** |
| **တွဲဖက်အတွင်းရေးမှူး (၂)** | **ဦးအောင်ဇော်ထွေး** |
| **အဖွဲ့ဝင်** | **ဦးညိုအုန်းမြင့်** |
| **အဖွဲ့ဝင်** | **ဦးထွန်းအောင်ကျော်** |
| **ဗဟိုကော်မတီဝင်များ** | **ဦးမြင့်သိဏ်း၊ ဦးသန်းထွဋ်၊ ဦးသောင်းတန်ချို၊ ဦးမိုးဇော်ဦး** |
| **အရံဗဟိုကော်မတီဝင်များ** | **ဦးခိုင်မာဖြိုး၊ ဦးရန်နောင်မြင့်** |

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) ၏ ပဉ္စမအကြိမ်ညီလာခံကြီးကို လွတ်မြောက်နယ်မြေတနေရာ၌ ၂၀၀၇ ခုနှစ်၊ မတ်လ (၁၇) ရက်နေ့မှ (၂၁) ရက်နေ့အထိ ကျင်းပခဲ့ပြီး မြန်မာပြည်၏လက်ရှိနိုင်ငံရေးအခြေအနေနှင့် ကိုက်ညီသည့်လုပ်ငန်းစဉ်များ ချမှတ်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသအသီးသီးမှ ကိုယ်စားလှယ်များ၊ လွတ်မြောက်နယ်မြေရောက် ၁၉၉၀–ပြည့်ရွေးကောက်ပွဲတွင် အနိုင်ရခဲ့သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ လွတ်မြောက်နယ်မြေရောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဗဟိုဦးစီးအဖွဲ့ဝင် လူငယ်ခေါင်းဆောင်များ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) ၏ နိုင်ငံတကာဌာနခွဲအသီးသီးမှကိုယ်စားလှယ်များ တက်ရောက်ခဲ့ဆွေးနွေးခဲ့ကြသော ညီလာခံကြီးတွင် မိခင်အဖွဲ့ချုပ်ကြီး၏ နိုင်ငံရေးဦးဆောင်မှုနှင့် ဟန်ချက်ညီညီလုပ်ငန်းများ ပံ့ပိုးအကောင်အထည်ဖော်သွားရန် ဆုံးဖြတ်သည်။

ညီလာခံအပြီးထုတ်ပြန်ချက်တွင် ''ယနေ့ကာလသည် မြန်မာပြည်၏နိုင်ငံရေး အခြေအနေပြုပြင်ပြောင်းလဲမှုအတွက် ပြည်သူလူထုကြီးအားအခြေခံ၍ တိုက်ပွဲဖော်ဆောင်နိုင်ရေးသည် အရေးကြီးသော အချိန်အခါတရပ်သို့ ရောက်ရှိနေပြီဟု တညီတညွတ်တည်း သုံးသပ်ခဲ့ကြပြီး မိခင်အဖွဲ့ချုပ်ကြီး၏ နိုင်ငံရေးဦးဆောင်မှုနှင့် ဟန်ချက်ညီ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ဦးတည်ကြိုးစားသွားမည်ဟု အခိုင်အမာ သဘောတူညီခဲ့ကြသည်'' ဟု ဖော်ပြထားသည်။

၎င်းအပြင် ပြည်သူ့လွှတ်တော်ခေါ်ယူရေးအား ငြင်းဆန်လျက် တွေ့ဆုံဆွေးနွေးရေးကိုကျော်ခိုင်းပြီး စစ်အုပ်စုသက်ဆိုးရှည်စေရေးကိုဦးတည်သော အတုအယောင် အမျိုးသားညီလာခံကိုကျင်းပ၍ ဒီမိုကရေစီအခြေခံမှုများနှင့် ဆန့်ကျင်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေး ကြိုးပမ်းမှု၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအား နည်းမျိုးစုံဖိနှိပ်ဖမ်းဆီးချုပ်နှောင်နေမှု၊ ပြည်သူ့လွှတ်တော်ပေါ်ပေါက်ရေးအတွက် ကြိုးစားနေသော ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ (စီအာရ်ပီပီ) အား တရားမဝင်အဖွဲ့အစည်းဟု ခြိမ်းခြောက်အကြပ်ကိုင်မှုများအား ညီလာခံကြီးက အပြင်းအထန် ကန့်ကွက်ရှုံ့ချလိုက်သည်။

ဆက်လက်၍ နေအိမ်များတွင် အကျယ်ချုပ်ခံနေကြရသော အဖွဲ့ချုပ်ဒုဥက္ကဋ္ဌ ဦးတင်ဦး၊ အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်၊ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးခွန်ထွန်းဦးနှင့် အတွင်းရေးမှူး စိုင်းညွှန့်လွင်၊ ဖမ်းဆီးထိန်းသိမ်းခံထားရသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသော နိုင်ငံရေးအကျဉ်းသားများအားလုံးကို ခြွင်းချက်မရှိ ပြန်လွှတ်ပေးပြီး သုံးပွင့်ဆိုင်ဆွေးနွေးပွဲတရပ်ကို အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ရန်၊ ၁၉၉၀ ပြည့်နှစ်ရွေးကောက်ပွဲရလဒ်ကို အကောင်အထည်ဖော်သည့်အနေဖြင့် ပြည်သူ့လွှတ်တော်အား အမြန်ဆုံးခေါ်ယူကျင်းပပေးရန်တို့ကို ညီလာခံကြီးကတောင်းဆိုလိုက်သည်။

ပြည်တွင်း၌ နိုင်ငံရေးလှုပ်ရှားမှုများ ကန့်သတ်ခံနေရသော မိခင်အဖွဲ့ချုပ်၏ နိုင်ငံရေးရည်မှန်းချက်များကို အတတ်နိုင်ဆုံး ပံ့ပိုးရန်ရည်ရွယ်ချက်ဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) ကို ၁၉၉၀ ခုနှစ်က မာနယ်ပလောဒေသတွင် စတင်ဖွဲ့စည်းခဲ့ကြခြင်းသည်။

အရေးကြီးသော နိုင်ငံရေးအခြေအနေတွင် ပါတီလုပ်ငန်းများကို မြန်မြန်ထက်ထက် အကောင်အထည်ဖော်နိုင်ရန်ရည်ရွယ်၍ မကြာမီကမှ လွတ်မြောက်နယ်မြေသို့ရောက်ရှိသော အဖွဲ့ချုပ်လူငယ်ခေါင်းဆောင်များဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) ၏ အတွင်းရေးမှူးအဖွဲ့ကို ပြုပြင်ပြောင်းလဲခဲ့ခြင်းသည် ပဉ္စမအကြိမ်ညီလာခံကြီး၏ ထူးခြားချက်ဖြစ်သည်။❖

# လူသတ်လိုင်စင်အမျိုးသားညီလာခံနှင့် လမ်းပြမြေပုံ အဆင့်တိုင်းကို လူထုအားဖြင့် တိုက်ဖျက်သွားရမည်

**တော်လှန်ရေးအင်အားစုများသည် နိုင်ငံတကာ၊ ပြည်သူလူထုကြီးတရပ်လုံးနှင့် အခိုင်အမာလက်တွဲ၍ ဒီမိုကရေစီနှင့်ဖက်ဒရယ် ပြည်ထောင်စု အမြန်ပေါ်ထွန်းလာရေးအတွက် အပြင်းအထန်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း**

စစ်အုပ်စုအား တရားမဲ့ လူသတ်လိုင်စင်ပေးရာရောက်သည့် လက်ရှိစစ်အုပ်စု၏ အတုအယောင် အမျိုးသားညီလာခံကို ဝိုင်းဝန်းတိုက်ဖျက်ပစ်ကြရန်၊ မိမိတို့၏ အခြေခံအခွင့်အရေးများ ရရှိရေးအတွက် ရဲဝံ့စွာ အတူလက်တွဲတိုက်ပွဲဝင်ကြရန် ဒီမိုကရေစီအင်အားစုများက လူမျိုးပေါင်းစုံ ပြည်သူများအား ဖိတ်ခေါ်လိုက်သည်။

တော်လှန်ရေးအင်အားစုများ၏ ဆဋ္ဌမအကြိမ်မြောက် မဟာဗျူဟာညှိနှိုင်းရေးအစည်းအဝေးကို ဖေဖော်ဝါရီလ (၂၁) ရက်နေ့မှ (၂၃) ရက်နေ့အထိ လွတ်မြောက်ဒေသတနေရာတွင် ပြုလုပ်ခဲ့ကြပြီး တိုင်းပြည်အကြပ်အတည်း လွတ်မြောက်နိုင်ရေးနည်းလမ်းအဖြစ် ယင်းသို့တိုက်တွန်းလိုက်ခြင်းဖြစ်သည်။

၁၉၉၀ ပြည့် ရွေးကောက်ပွဲရလဒ်ကို အသိအမှတ်ပြုသည့် သုံးပွင့်ဆိုင်ဆွေးနွေးပွဲဖြစ်ပေါ်လာရေးအား မဟာဗျူဟာရည်မှန်းချက်အဖြစ် ထပ်မံအတည်ပြုပြီး လူထုစွမ်းအား၊ လက်နက်ကိုင်စွမ်းအား၊ နိုင်ငံရေးစွမ်းအား၊ နိုင်ငံတကာလှုပ်ရှားမှု စသည့်နည်းလမ်းပေါင်းစုံကို စစ်အာဏာရှင်စနစ်ဖျက်သိမ်းရေးနှင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးနည်းဗျူဟာအဖြစ် အသုံးပြုသွားရန် အစည်းအဝေးကြီးက ဖြတ်သည်။

အစည်းအဝေးကြီးသို့ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရ၊ ပြည်ထောင်စု မြန်မာနိုင်ငံအမျိုးသားကောင်စီ၊ တိုင်းရင်းသားလူမျိုးများကောင်စီ (ပြည်ထောင်စုမြန်မာနိုင်ငံ)၊ မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု၊ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)၊ မြန်မာနိုင်ငံကျောင်းသားလူငယ်များကွန်ဂရက်နှင့် တိုင်းရင်းသားလူငယ်များဆုံရပ်တို့မှ ခေါင်းဆောင်များ စုံညီစွာတက်ရောက်ခဲ့ကြသည်။

မဟာဗျူဟာညှိနှိုင်းအစည်းအဝေး အပြီးတွင် ''ဒီမိုကရေစီရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးလမ်းကြောင်းကို ဦးတည်သော နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးပွဲများ ပေါ်ပေါက်ရေးအတွက် နအဖ၏လမ်းပြမြေပုံအား အဆင့်တိုင်းတွင် လူထုအားဖြင့် တိုက်ဖျက်သွားရမည်''ဟု သဘောထားထုတ်ပြန်သည်။

၎င်းအပြင် တိုင်းရင်းသားအင်အားစုများအား ချေမှုန်းဖြိုခွဲနေခြင်း၊ တိုင်းရင်းသားဒေသများကို ထိုးစစ်ဆင်မှုများ၊ အပြစ်မဲ့ကလေးများကို စစ်ဓားစာခံအဖြစ် အသုံးပြုနေခြင်း၊ စစ်ဖြစ်ရာဒေသများတွင် အမျိုးသမီးများအား အတင်းအဓမ္မပြုကျင့်မှုများကို စစ်လက်နက်သဖွယ် အသုံးချနေခြင်းများကိုလည်း အစည်းအဝေးကြီးက ရှုတ်ချလိုက်သည်။

နအဖအနေဖြင့်လည်း တရားမဝင်သည့် လက်ရှိအမျိုးသားညီလာခံကို ဖျက်သိမ်းပစ်ရန်၊ ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားအားလုံးကို ချွင်းချက်မရှိ လွှတ်ပေးရန်၊ တိုင်းရင်းသားများအပေါ် စစ်ဆင်သတ်ဖြတ်နေမှုများအား အမြန်ရပ်ဆိုင်းပစ်ရန်၊ ပြည်သူလူထုနှင့် နိုင်ငံရေးအဖွဲ့အစည်းများအား ဖိနှိပ်ချုပ်ချယ်မှုများကို အမြန်ရပ်ဆိုင်းပစ်ရန် စစ်မှန်သည့် တွေ့ဆုံဆွေးနွေးရေးကို အမြန်လုပ်ဆောင်ရန် အစည်းအဝေးက အလေးအနက်တောင်းဆိုသည်။

တော်လှန်ရေးအင်အားစုများသည် နိုင်ငံတကာ၊ ပြည်သူလူထုကြီးတရပ်လုံးနှင့် အခိုင်အမာလက်တွဲ၍ ဒီမိုကရေစီနှင့်ဖက်ဒရယ် ပြည်ထောင်စု အမြန်ပေါ်ထွန်းလာရေးအတွက် အပြင်းအထန်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ညှိနှိုင်းအစည်းအဝေးကြီးက ဆုံးဖြတ်ချက်ချမှတ်ခဲ့သည်။

တော်လှန်ရေးအင်အားစုများကြားတွင် မဟာဗျူဟာ၊ နည်းဗျူဟာများ ကွာဟမှုညှိနှိုင်းရန် ရည်ရွယ်ချက်ဖြင့် အင်းအားစုအားလုံးပါဝင်သော မဟာဗျူဟာညှိနှိုင်းရေးကော်မတီ (အက်စ်စီစီ) ကို ၂၀၀၁ ခုနှစ်က စတင်ဖွဲ့စည်းခဲ့ပြီး ယခုအကြိမ် အစည်းအဝေးသည် (၆) နှစ်အတွင်း (၆) ကြိမ်မြောက်ဖြစ်သည်။ ❖

